# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက် ၂၀၁၉ ခုနှစ်၊ မေ ၂၀ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၂၀၂)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# ဆေးရှဲလ်သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr.Vincent Meriton အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ အလွတ်သဘောလာရောက် လည်ပတ်လျက်ရှိသည့် ဆေးရှဲလ်သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr.Vincent Meriton အား ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အဆောင်(အေ) ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆေးရှဲလ်သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr.Vincent Meriton အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

## နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## ထူးခြားသည့်နေ့အပူချိန်များ

၁၉- ၅- ၂၀၁၉

| | | |
|---|---|---|
| ညောင်ဦးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ပေါက်မြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |

မြဝတီမြို့ဝင်ဆိုင်းဘုတ်နှင့် အာဇာနည်ပန်းခြံ မှန်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပ စာ » ၃

မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

ဆောင်းပါး စာ » ၂၄




# အနာဂတ်အတွက် ခွန်အား

ကျောင်းများ၊ တက္ကသိုလ်များတွင် မူးယစ်ဆေးအန္တရာယ် ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်သောက်သုံးမှု ကင်းစင်ပပျောက်ရေး၊ အရက်သေစာသောက်သုံးမှု ကင်းစင်ပပျောက်ရေး၊ ကျောင်းသားထုအတွင်း ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်မှုပုံစံများ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းပပျောက်ရေး၊ ကျောင်းသားလူငယ်များကို မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို ထည့်သွင်းသင်ကြားပေးနိုင်ရေးနှင့် ကျောင်းသားလူငယ်များတွင် ဂိမ်းအလွန်အကျွံစွဲလမ်းမှု ပပျောက်ရေးကိစ္စများကို ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ဆက်လက်ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဆိုသော သတင်းက နှစ်ထောင်းအားရဖွယ်ရာပင် ဖြစ်သည်။

ကျောင်းသားလူငယ်ထုအတွင်း မရှိသင့် မရှိထိုက်သော ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးဝါးတို့ ကင်းစင်ရေး၊ ကျောင်းသား လူငယ်များအတွင်း ရှိသင့်ရှိထိုက်သော ကျန်းမာရေးနှင့် ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံများ ကျင့်သုံးလာရေးအတွက် အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်သွားမည်လည်းဖြစ်ရာ တစ်မျိုးသားလုံးက ကျရာကဏ္ဍအသီးသီးမှ စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ကြရမည်လည်းဖြစ်သည်။ ဦးဆောင်အကောင်အထည်ဖော်မည့် ပညာရေးဝန်ကြီးဌာနနှင့် လိုအပ်သည်တို့ကို ပံ့ပိုးကူညီပေးမည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့အပြင် အခြားဆက်နွှယ်နေသည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်တကွ ကျောင်းအသီးသီး၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအသီးသီးတို့မှ အုပ်ချုပ်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းကော်မတီအသီးသီးနှင့် ကျောင်းသားသမဂ္ဂ၊ ဆရာ ဆရာမ သမဂ္ဂများ၏ အချိတ်အဆက်မိမိ၊ ထိထိရောက်ရောက်၊ စေတနာပါပါ ဆောင်ရွက်မှုများ လိုအပ်သလို ကာယကံရှင်ဖြစ်သည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ၏ နားလည်မှုရှိရှိ ပူးပေါင်းပါဝင်မှုများက အဓိကကျမည်ဟု ယူဆမိသည်။

စင်စစ်အားဖြင့် လူငယ်များအတွင်း ဆေးလိပ်၊ အရက်သောက်ခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့မှာ အမူအကျင့်ဆိုင်ရာ ပြဿနာများဖြစ်ပြီး ပြုပြင်တည့်မတ်ပေးရန်မှာလည်း ပညာရှာမှီးရာ နယ်မြေကျောင်းပရိဝုဏ်များ၊ ပညာရေးအသိုက်အဝန်းများအကြားတွင် ခဲရာခဲဆစ်ဖြစ်ဖွယ်ရှိမည် မဟုတ်ဟူ၍လည်း ရှုမြင်မိသည်။ ကျောင်းသူ ကျောင်းသားများကိုယ်တိုင်က ကျောင်းသို့လာရောက်၍ ပညာသင်ယူကြခြင်းသည် စာမေးပွဲအောင်ရုံ၊ ဘွဲ့လက်မှတ်တစ်ခု ရရုံမျှသာမဟုတ်ဘဲ မိမိတို့ တစ်ဦးချင်းစီ လျှောက်လှမ်းကြရမည့် အနာဂတ်ဘဝခရီးအတွက် ကြိုတင်ပြင်ဆင်ဖြည့်ဆည်းကြခြင်းဖြစ်သည်ကို ခံယူလာကြရေးအတွက် လမ်းညွှန်ပေးကြရမည်လည်းဖြစ်သည်။ ကျောင်းသင်ခန်းစာများကိုသာမက မိမိတို့ ဝါသနာနှင့်ကိုက်ညီမည့် အသိပညာ၊ အတတ်ပညာများကို အမှန်တကယ် အသုံးချကာ အသက်မွေးဝမ်းကျောင်းပြုနိုင်သည်အထိ အားထုတ်ဆည်းပူးကြရမည့် အချိန်အခါတွင် အရက်၊ မူးယစ်ဆေး ရေစီးကြောင်းထဲမျောပါကာ ဘဝမပျက်ကြစေဖို့၊ နိမ့်ကျသည့်အခြေအနေသို့ ရောက်ရှိမသွားကြစေဖို့ ဂရုပြုကြရမည် ဖြစ်သည်။

မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေသည် လူငယ်ထုကို အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးမြင့်သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် မဖြစ်မနေပြုစုပျိုးထောင်ရမည့် အချိန်အခါဖြစ်သည်။ လာမည့် ၁၅ နှစ်တာကာလတွင် မြန်မာနိုင်ငံ၏ အလုပ်လုပ်ကိုင်နိုင်မည့် လူဦးရေသည် နိုင်ငံ့လူဦးရေ၏ ၆၇ ရာခိုင်နှုန်းထိ ရောက်ရှိလာမည်ဟု ခန့်မှန်းမှုများရှိရာ အဆိုပါအင်အားသည် နိုင်ငံတည်ဆောက်ရေးအတွက် အင်အားများသာ ဖြစ်ရမည်ဖြစ်ပြီး လမ်းချော်သွားမည့် အင်အားများ၊ ယုတ်လျော့သွားမည့် အင်အားများ၊ အဟောသိကံဖြစ်သွားမည့် အင်အားများ ဖြစ်မသွားသင့်။ တန်ဖိုးမြင့် လူ့စွမ်းအားအရင်းအမြစ်ကြီး၏ ဆန္ဒခွန်အား၊ စိတ်ဓာတ်ခွန်အား၊ ဝီရိယခွန်အား၊ ပညာခွန်အားတို့ဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို မြင့်မားလှပစွာ တည်ဆောက်နိုင်ပါစေကြောင်း။ ။

## ပြည်ပ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ စေလွှတ်သော ပညာတော်သင် ရဟန်းသံဃာများအနေဖြင့် ပြည်ပရေးရာအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်နိုင်

**ရန်ကုန် ဧပြီ ၁၉**

ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ပြည်တွင်း၌သာမက ပြည်ပသို့တိုင် ပြန့်ပွားစေရန်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ပြည်ပ သာသနာပြုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပညာရေးအဖွဲ့ငယ်၏ လက်အောက်တွင် ပြည်ပရေးရာအဖွဲ့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်မှ စတင်ဖွဲ့စည်းခဲ့သည်။

သို့ဖြစ်ပါ၍ ပြည်ပနိုင်ငံများရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က စေလွှတ်သော ပြည်ပထေရဝါဒဗုဒ္ဓသာသနာပြု သံဃာတော်များအနေဖြင့် ပြည်ပရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကူအညီလိုအပ်လာပါက ပြည်ပရေးရာအဖွဲ့၏ Website ဖြစ်သည့် www.mahana.org.mm (မြန်မာ- အင်္ဂလိပ်နှစ်ဘာသာဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။) Gmail ဖြစ်သည့် tharwi 2016@gmail.com နှင့် ဒေါ်မိုးမိုးစန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်ပရေးရာအဖွဲ့၊ ဖုန်းနံပါတ် ၀၉-၂၅၅၉၈၀၈၅၇၊ ၀၉-၇၃၁၃၂၃၀၂၊ ပြည်ပရေးရာအဖွဲ့ ၀၁- ၆၆၁၇၄၆ (ဖုန်း-ဖက်စ်)တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**၂၀၁၉ ခုနှစ်၊ လူရည်ချွန်စခန်းများသို့ စေလွှတ်ခြင်း**

**လူရည်ချွန်စခန်းကာလ - ၂၇-၄-၂၀၁၉ ရက်နေ့မှ ၅-၅-၂၀၁၉ ရက်နေ့အထိ**

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် ဧပြီ ၁၉**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# လမ်းကွန်ရက် အမှတ် (၈) ကျုံကဒွန်း-စက်ဆန်းလမ်း ကတ္တရာခင်း

**ရန်ကုန် ဧပြီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ရှိ ကျုံကဒွန်း-စက်ဆန်း လမ်းသည် မိုင်အားဖြင့် ၁၇ မိုင် ၆ ဖာလုံရှိသည်။ ဖျာပုံခရိုင်အတွင်း မြို့နယ်ချင်းဆက်သွယ်၍ ခရိုင်သို့တက်သောလမ်းဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်သည်။

အဆိုပါလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဧရာဝတီတိုင်းနာဂစ် အလွန်ကာလအတွင်း ဖောက်လုပ်ခဲ့သော လမ်းကွန်ရက် ၁၀ သွယ်အနက်မှ အမှတ် ၈ လမ်းကွန်ရက်တစ်သွယ်ဖြစ်ပြီး ဖျာပုံမြို့နယ်အပိုင်းမှာ ၃ မိုင် ၇ ၁/၂ ဖာလုံနှင့် ဘိုကလေးမြို့နယ်အပိုင်းတို့တွင် ၁၃ မိုင် ၆ ၁/၂ ဖာလုံ ပါဝင်သည်။

**စတင်တာဝန်ယူခဲ့**

လမ်း၏နောက်ခံသမိုင်းမှာ ၁၉၉၂ ခုနှစ်တွင် မြေသားတာပေါင်လမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၉၅-၁၉၉၆ ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စတင်တာဝန်ယူခဲ့သည်။ ၁၉၉၈-၁၉၉၉ ခုနှစ်အထိ မအူပင်ခရိုင်မှ ကျောက်ခင်းခြင်းလုပ်ငန်းများအား စတင်ဆောင်ရွက်ခဲ့သည်။ ယင်းနောက် ၁၉၉၉-၂၀၀၀ပြည့်နှစ်စ၍ ယနေ့အထိ ဖျာပုံခရိုင်က လုပ်ငန်းများ ဆက်လက်တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး လမ်းအဆင့်အတန်းမှာ ပြည်ထောင်စုလမ်းမကြီးဖြစ်သော်လည်း (က) စာရင်းဝင် လမ်းမဖြစ်သေးကြောင်း သိရသည်။

လမ်းအစ မြို့ရွာမှာ ဖျာပုံမြို့နယ် ကျုံကဒွန်းရွာဖြစ်ပြီး လမ်းအဆုံးသည် ဘိုကလေးမြို့နယ် စက်ဆန်းရွာဖြစ်သည်။ လမ်းဖြတ်သန်းရာတစ်လျှောက်နှင့် ပတ်ဝန်းကျင်ရှိကျေးရွာတို့မှာ ကနိရွာ၊ ခနောင်ရွာ၊ ဖိုးညိုရွာ၊ သဇင်ကုန်းရွာ၊ ယာဉ်ဘိုကြီးရွာ၊ ငါးပြေမရွာ၊ ကံဆိပ်ရွာ၊ ကသမျှင်ရွာ၊ ဒေါင့်ကြီးရွာ၊ ကသဘောင်းရွာတို့ဖြစ်သည်။

လမ်းအမျိုးအစားမှာ ၃၀-၉-၂၀၁၈ ခုနှစ်အထိ ကတ္တရာလမ်း တစ်မိုင်၊ ကျောက်ချောလမ်း တစ်မိုင် ၁/၂ ဖာလုံ၊ အမာခံလမ်း ၁၅ မိုင် ၅ ၂/၂ ဖာလုံရှိပြီး လမ်းတာပေါင်ထိပ်အကျယ် ပေ ၃၀၊ တာပေါင်အမြင့် လေးပေ၊ လမ်းပခုံး မြေသားတစ်ဖက် သုံးပေနှင့် လမ်းအထူအမြင့် ခြောက်လက်မရှိသောလမ်း ဖြစ်သည်။

**ဆောင်ရွက်လျက်ရှိ**

အဆိုပါလမ်းအားဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၈-၂၀၁၉ မီနီဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၂၉၄၈ ဒသမ ၉၅ သန်း၊ တိုင်းဒေသကြီး ပြင်/ ထိန်း ရန်ပုံငွေကျပ် ၁၇ ဒသမ ၂၉၇ သန်း၊ ဖျာပုံခရိုင် လမ်းဦးစီးက လမ်းမြေသားတာပေါင်ချဲ့ခြင်း၊ လမ်းအခြေခံလွှာကြိတ်ခင်းခြင်း၊ ကတ္တရာလောင်းခြင်း၊ လမ်းပိုင်း၌ပါဝင်သော သစ်သားတံတားများအား သံကူကွန်ကရစ် တံတားအဖြစ် ပြန်လည်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



ကျုံကဒွန်း-စက်စန်းလမ်းပိုင်း၌ ကတ္တရာခင်း ဆောင်ရွက်နေစဉ်။

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

**ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရား ကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့ အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပမိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက် ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# မြဝတီမြို့ဝင်ဆိုင်းဘုတ်နှင့် အာဇာနည်ပန်းခြံမုခ်ဦး ဖွင့်ပွဲအခမ်းအနားကျင်းပ

မြဝတီ မေ ၁၉

**ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ဝင်ဆိုင်းဘုတ်ဖွင့်ပွဲနှင့် အာဇာနည်ပန်းခြံမုခ်ဦးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြဝတီမြို့၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်ဖွင့်လှစ်ပေးသည်။**




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ကရင်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက အာဇာနည်ပန်းခြံမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကရင်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးအိုက်ကျန်ခမ်းနှင့် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နံနက် ၇ နာရီတွင် မြဝတီမြို့နယ် အာရှလမ်းမကြီးအနီးရှိ နဘယသုခစေတီအနီး၌ကျင်းပသော **"မြဝတီမြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏"** မြို့ဝင်ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မင်္ဂလာပါ သီချင်း၊ ကရင်ရိုးရာ ဒုံးယိမ်းအက စသည့် တိုင်းရင်းသားရိုးရာအကများဖြင့် စတင်ဖျော်ဖြေဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောရောဘတ်ထူးက မြို့ဝင်ဆိုင်းဘုတ် တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကာ မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင် ဦးစိန်သောင်းက မြို့အဝင်မုခ်ဦး ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြဝတီ မြို့အဝင်မုခ်ဦးကို ကာလတိုအတွင်း အောင်မြင်စွာ တည်ဆောက်ပေးနိုင်ခဲ့မှု အပေါ် ရပ်မိ၊ ရပ်ဖ ဦးစိုးမင်းလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြဝတီမြို့ဝင်ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မြဝတီမြို့ဝင် ဆိုင်းဘုတ်ကို နိုင်ငံတော်ဘဏ္ဍာငွေနှင့် ပြည်သူခုနစ်ဦးမှ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် သိန်း ၂၂၀ ကျော် ကုန်ကျခံကာ တစ်လကျော်အတွင်း အပြီးတည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် အဖွဲ့ဝင်များသည် မြဝတီမြို့ အမှတ်(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အာဇာနည်ပန်းခြံ၌ ကျင်းပသော အာဇာနည်ပန်းခြံ မုခ်ဦး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားတွင် သုံးရောင်ခြယ် အကအဖွဲ့၊ ငြိမ်းချမ်းစည်းလုံးအကအဖွဲ့များက ဖျော်ဖြေကြသည်။

ယင်းနောက် အာဇာနည်ပန်းခြံ မုခ်ဦးတည်ဆောက်ရေးဆိုင်ရာ အချက်အလက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ အင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးသိန်းနိုင်က ရှင်းလင်းတင်ပြပြီး မြို့မိ၊ မြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ပေးသော ဘင်ခရာ၊ ပန်းဖွားနှင့် အကအဖွဲ့များကို ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးသည်။

ထို့နောက် အာဇာနည်ပန်းခြံ မုခ်ဦးကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပန်းခြံမုခ်ဦးအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အာဇာနည်ပန်းခြံအတွင်း လှည့်လည်ကြည့်ရှုကာ သက်ဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယနေ့ဖွင့်လှစ်ပေးသော အာဇာနည်ပန်းခြံမုခ်ဦးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းမှ ခွင့်ပြုရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၂၅ သန်းဖြင့် အကုန်အကျခံကာ ရက်ပေါင်း ၆၀ အတွင်း အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်**
**ဓာတ်ပုံ-မင်းထက်**



# ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် မေ ၁၉**

မြန်မာနိုင်ငံသို့ အလွတ်သဘောခရီးရောက်ရှိနေသော ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတ H.E. Mr. Vincent Meriton နှင့် ဇနီး Mrs. Daniella Hoareau ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၇ နာရီခွဲတွင် နေပြည်တော်မှ ဗန်ကောက်လေကြောင်းလိုင်းဖြင့် ထွက်ခွာသည်။

ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

**ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတ H.E. Mr. Vincent Meriton နှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။**
သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ


**နေပြည်တော် ဧပြီ ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ichiro Maruyama အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသတွင်ဖြစ်ပွားခဲ့သည့် ပြဿနာများအား အစိုးရနှင့်တပ်မတော်၏ ဖြေရှင်းဆောင်ရွက်မှုများအပေါ် နိုင်ငံတကာမျက်နှာစာတွင် ဂျပန်နိုင်ငံမှ ရပ်တည်ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့်ကိစ္စနှင့်ပတ်သက်ပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်မှဆောင်ရွက်နေမှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ichiro Maruyama အား လက်ခံတွေ့ဆုံစဉ်။**

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဧပြီ ၁၉**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့တွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အမျိုးသားလွှတ်တော် ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာကော်မတီဝင်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပစဉ်။**

# Doing Business ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်သည့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၁၉**

Doing Business ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်သည့် တွေ့ဆုံဆွေးနွေးပွဲအား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့၊ အဖွဲ့ခေါင်းဆောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူအဆင်ပြေချောမွေ့ရေးအတွက် ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် Ease of Doing Business အဆင့်သတ်မှတ်ချက်များတွင် မြန်မာနိုင်ငံမှ အဆင့်တိုးတက်ရရှိရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်နေကြခြင်း ဖြစ်ပါကြောင်း၊ ၂၀၁၉ အတွက် မြန်မာနိုင်ငံ၏ အဆင့်မှာ ၁၇၁ ဖြစ်သဖြင့် ၂၀၂၀ အတွက် ကြိုတင်စိစစ်သည့် ကာလဖြစ်သော ယခု ဧပြီလအတွင်း ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ၂၀၂၀ ခုနှစ်တွင် အဆင့်တိုးတက်ကောင်းမွန်ရေးအတွက် ဆက်စပ်သည့် ဌာနဆိုင်ရာအားလုံးမှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ကမ္ဘာ့ဘဏ်အုပ်စုမှ လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လည်းကောင်း ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြကြောင်း၊ ကမ္ဘာ့ဘဏ်အဖွဲ့ချုပ်နှင့်လည်း တိုက်ရိုက်ချိတ်ဆက်၍ ရှင်းလင်းခဲ့ကြပြီးဖြစ်ပါကြောင်း၊ ပါဝင်သည့်လုပ်ငန်းစဉ် ၁၀ မျိုးတွင် အဆင့်များအားလုံး တိုးတက်ရေးအတွက် ပြုပြင်ရေးများကို ဆောင်ရွက်ထားကြသကဲ့သို့ ပြည်သူများအားလုံး သိရှိစေရန်လည်း Ease of Doing Business Website တစ်ခုကိုလည်း မကြာမီ ထုတ်လွှင့်တော့မည်ဖြစ်ကြောင်း စသဖြင့် ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် အညွှန်းကိန်းလုပ်ငန်းစဉ် ၁၀ မျိုးမှ တာဝန်ရှိသူများက အဆင့်တိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အထွေထွေအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုး၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းတို့နှင့် အခြားဆက်စပ်ဌာနဆိုင်ရာများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်အုပ်စု၊ International Financial Corporation မှ ကိုယ်စားလှယ် ဒေါ်မင်းမင်းသန်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အလုပ်အမှုဆောင်အဖွဲ့ဝင် Zeyar & Associates Co. Ltd, မှ အမှုဆောင်အရာရှိချုပ် ဦးဇေယျာသူရမွန်နှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂယာယီဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Knut Ostby အား တွေ့ဆုံစဉ်။** သတင်းစဉ်

# တိုက်ပွဲရှောင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအကူအညီများ၊ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု ဆွေးနွေး

**နေပြည်တော် ဧပြီ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကုလသမဂ္ဂယာယီဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Knut Ostby အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၏ မေခလာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖွင့်လှစ်ထားသည့် IDP စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာကို မကြာမီအတည်ပြုနိုင်တော့မည့် အခြေအနေများ၊ အဆိုပါမဟာဗျူဟာအား အတည်ပြုပြီးနောက် ဒေသအလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်နိုင်မည့် အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိရောက်စွာပေးအပ်နိုင်ရေး ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ ညှိနှိုင်းဆောင်ရွက်နေမှုများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် အာဆီယံနိုင်ငံများမှ ပါဝင်ဆောင်ရွက်နေမှု လက်ရှိအချိန်ထိ အခြေအနေများ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအကူအညီများ၊ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် သက်ဆိုင်ရာလူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဒေါက်တာမျိုးအောင် လယ်ဝေးမြို့နယ်အတွင်းရှိ ပြည်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၉

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ရပ်မိ၊ ရပ်ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲအခမ်းအနားကို လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် လေပြင်းတိုက်မှုကြောင့် ပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

တွေ့ဆုံပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ယခုတွေ့ဆုံဆွေးနွေးပွဲတွင် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံချက်များ မည်သို့ထည့်သွင်းရေးဆွဲမည်၊ ပြည်သူများ၏ အဓိကကျသည့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဌာနဆိုင်ရာများမှ ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ပြည်သူများက ပါဝင်စဉ်းစားပြောကြားသည့် အချက်များကို နားထောင်ပေးရန်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း ပြည်သူနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် ထိုတွေ့ဆုံပွဲအား ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို တင်ပြပေးကြရန် လိုအပ်ကြောင်း ပြည်သူများအနေဖြင့် မိမိတို့ဒေသအတွက် လိုအပ်ချက်များအား ပွင့်ပွင့်လင်းလင်းတင်ပြပေးမှသာ မိမိတို့ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့် ပြည်သူများက ပါဝင်စဉ်းစားပေးစေလိုကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူ၏အမြင်များ၊ တင်ပြချက်များကို သိရှိရန်အတွက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က ဒေသအတွင်း ဆောင်ရွက်ထားသည့် ဖွံ့ဖြိုးရေးကိစ္စများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်မီးရရှိရေးစသည့် လိုအပ်ချက်များတင်ပြကြရာ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူတို့က ပြန်လည်ဖြေရှင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဧပြီ ၁၇ ရက်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများခဲ့သည့် လယ်ဝေးမြို့နယ် အမှတ်(၆)ရပ်ကွက်တွင် အိမ်ထောင်စု သုံးစု၊ ပေတုန်းမျှောင်ကျေးရွာတွင် အိမ်ထောင်စုလေးစု၊ ဝင်တဲကုန်းကျေးရွာတွင် အိမ်ထောင်စုကိုးစု၊ ဉသျှစ်လှိုင်ကျေးရွာတွင် အိမ်ထောင်စုလေးစု စုစုပေါင်း အိမ်ထောင်စု ၂၀ အတွက် နေပြည်တော်ကောင်စီမှ တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၄၀၀၀၀၀ နှင့် နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာထောက်ပံ့ငွေ၊ အိမ်ဆောက်ပစ္စည်း ၁၁ မျိုး စုစုပေါင်းတန်ဖိုးငွေကျပ် (၁၀၀၆၁၀၀)တို့ကို လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပြီး ကျောက်တစ်လုံးကျောင်းစုကျေးရွာမှ ဓမ္မာရုံ အမိုးလန်ခြင်းအတွက် နေပြည်တော်ကောင်စီက ငွေကျပ်ငါးသောင်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မင်းဘူး-အမ်း-စစ်တွေ မီးရထားလမ်းစီမံချက်ကို ဘက်စုံလေ့လာမှုများပြုလုပ်ပြီးမှသာ ပြန်လည်ဆောင်ရွက်နိုင်မည်

စစ်တွေ ဧပြီ ၁၉

**၂၀၁၀ ပြည့်နှစ်မတိုင်မီက ပြည်ထောင်စုဘတ်ဂျက်ဖြင့် စတင်ဆောင်ရွက်ခဲ့သည့် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းစီမံချက်ကို ပြန်လည်အကောင်အထည်ဖော်ရန်အတွက် ဘက်စုံလေ့လာမှုများပြုလုပ်ပြီးမှသာ ပြန်လည်စတင်ဆောင် ရွက်နိုင်မည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြောသည်။**



ပြည်တော်သာဘူတာရုံ။

"ပြည်ထောင်စုမှာတော့ ပြည်မနဲ့ ရခိုင်ပြည်နယ်ကို မီးရထားနဲ့ဆက်သွယ်ဖို့ Plan ရှိတယ်၊ ပြည်မဘက်မှာတော့ မင်းဘူး-အမ်း တောင်ကြိုတောင်ကြားလေးတွေကို ၂၀၁၀ ပတ်ဝန်းကျင်လောက်ကတော့ လမ်းအူကြောင်း ရှာဖွေထားပြီးပါပြီ။ ရခိုင်ပြည်နယ်ဘက်မှာတော့ ရခိုင်ပြည်သူတွေ သွားလာဖို့လွယ်ကူအောင်ဆိုပြီးတော့ ရထားလမ်းဖောက်ခဲ့တယ်။ ဒါပေမယ့် ဟိုခေတ်တုန်းကတော့ သဘာဝပတ်ဝန်းကျင်နဲ့၊ ရှေးဟောင်းအမွေအနှစ်တွေကို သိပ်ပြီးတော့ စူးစမ်းလေ့လာမှုမရှိဘဲနဲ့ မြောက်ဦးမှာ ဖောက်ခဲ့တဲ့အတွက်ကြောင့် ကျောက်တော်နဲ့ မြောက်ဦးနယ်မြေကို ရောက်တဲ့အခါကျတော့ ရှေးဟောင်းအမွေအနှစ်ဇုန်ကိုဖြတ်သွားရမယ်ဆိုတော့ ဒေသခံတွေက သိပ်သဘောမတွေ့ဘူး။ သဘောမတွေ့တော့ လောလောဆယ် အဲဒီဘက်ပိုင်းကို ရပ်ထားတယ်။ ရပ်ထားတော့ လက်ရှိကျောက်တော်လောက်အထိပဲ။ ကျောက်တော်ကနေ ပုဏ္ဏားကျွန်းအထိပဲ ပြေးဆွဲခဲ့တယ်။ စစ်တွေမှာကလည်း ဒီဘက်ကနေ ကွမ်းတောင်အထိပဲ ပြေးဆွဲတယ်။ ဟိုတုန်းကတော့ တစ်ဆက်တည်း ပြေးဆွဲလို့ရပေမယ့် ၂၀၁၂ ခုနှစ်မှာ အရေးအခင်းတွေပေါ်လာတော့ လူတွေက ရထားစီးရမှာ ကြောက်ကြောက်လန့်လန့်ဖြစ်လာပြီး ရထားသိပ်မစီးကြတော့ဘူး။ ဒါပေမယ့် အခု တဖြည်းဖြည်းနဲ့တော့ ရထားစီးလာကြပါပြီ။ အလုအယက်စီးတာတော့ မဟုတ်ဘူး။ ကျေးလက်ဒေသခံတွေပဲ စီးကြတာ။ မြန်မာ့မီးရထားအနေနဲ့ကတော့ လောလောဆယ် သွားလာရေးလုပ်ငန်းတစ်ခု အဆင်ပြေအောင်ဆွဲပေးနေတာ အရှုံးတော့ရှိတယ်။

ရခိုင်ပြည်နယ်မှာ ရထားလမ်းဆိုတဲ့အနှစ်သာရမပျောက်အောင် ဒီရထားလမ်းကတော့ လက်ရှိအနေအထားမှာ ပြေးလို့ရတဲ့အပိုင်းကို ပြေးနေတယ်။ ဒါပေမယ့် ကျောက်တော်ကနေပြီးတော့ မြောက်ဦးအထိ အပိုင်းကတော့ ရှေးဟောင်းဇုန်ထဲ ဖြတ်သွားရတာဖြစ်တဲ့အတွက်ကြောင့် လမ်းကြောင်းအသစ်တွေရှာရမှာပဲ။ အဲဒီလမ်းကြောင်းကို မသုံးတော့ဘူး။ အစိုးရကတော့ မလျော်နိုင်ဘူး။ အကုန်လုံး လယ်သမားတွေကို ပြန်ပေးတဲ့အခါမှာ မူရင်းလယ်ပုံစံမပျက်အောင် ဘူဒိုဇာတွေနဲ့ထိုးမြေညှိပြီးတော့ ပြန်ပေးဖို့အတွက်လည်း လုပ်နေတယ်။ ရထားသံလမ်းဖြုတ်ပြီး ပြည်မကိုပဲ ပြန်ပို့တယ်။ ကျောက်တွေကို သိမ်းတယ်၊ မြေသားတွေပဲ ကျန်တယ်။ ချိုင့်ခွက်တွေကို ပြန်ဖို့ပေးတယ်။ လယ်ကန်သင်းတွေ ပြန်လုပ်ပေးတယ်။ ဒီစီမံချက်က ပြည်ထောင်စုအဆင့်က ပြည်ထောင်စုရဲ့ ကျွမ်းကျင်မှုတွေနဲ့ ပြည်နယ်အစိုးရက လမ်းကြောင်းရှာတဲ့အခါမှာ ကူညီတာက လွဲပြီးတော့ ကျန်တဲ့အပိုင်းတွေမှာ ကျွမ်းကျင်မှုတွေပါမယ်။ ပြည်ထောင်စုကနေ သုံးစွဲရမယ့်ဘတ်ဂျက်တွေပါတဲ့အတွက်ကြောင့် ပြည်ထောင်စုကပဲ ဆောင်ရွက်နေတာများတယ်။ ရထားလမ်းက ရခိုင်ရိုးမတစ်ခုလုံးကို ဖောက်ထွက်ပြီးတော့ သွားရမှာဆိုတော့ နည်းပညာ၊ ငွေရေးကြေးရေးက အများအပြားလိုတယ်။ Plan အဆင့်လောက်မှာပဲ ရှိပါတယ်။ ကျွန်တော်တို့နယ်မြေမှာ ရှေးဟောင်းနယ်မြေလို့ သတ်မှတ်ထားတဲ့နယ်မြေတစ်ခုကဖြတ်မယ်။ လုပ်ငန်းတွေလုပ်မယ်ဆိုရင် ရှေးဟောင်းယဉ်ကျေးမှု ဦးစီးဌာနရဲ့ ခွင့်ပြုချက်ကိုတော့ ယူရပါတယ်။ သူ့ရဲ့သတ်မှတ်ထားတဲ့ နယ်မြေကိုတော့ ကွေ့ကွင်းပြီးဖောက်ရမှာပါ။ ချောင်းတွေ၊ မြစ်တွေ၊ နေရာသစ်တွေ အခက်အခဲတွေ အများအပြား ကျော်လွှားပြီးလုပ်ရမှာပါ။ လမ်းကြောင်းသစ်ရှာပြီးဖောက်ဖို့က ပိုက်ဆံကို လုံလုံလောက်လောက်သုံးပြီးလုပ်ရရင် ဖြစ်နိုင်ပါတယ်။

တခြားနိုင်ငံတွေမှာဆို ရခိုင်ရိုးမလောက်ဆို ဥမင်လိုဏ်ခေါင်းတောင်ဖောက်ပြီး လုပ်နေကြတာ။ ရထားလမ်းတစ်ခုတော့ ပေါက်စေချင်တာပေါ့ဗျာ။ လေ့လာရေးတွေ အများကြီးလုပ်ရဦးမယ်။ သုတေသနလေ့လာရေးဆိုတဲ့ နေရာမှာ ဘတ်ဂျက်နဲ့ ကျွမ်းကျင်မှုဆိုင်ရာ ဖြစ်မြောက်နိုင်မှုလေ့လာရေး၊ သဘာဝပတ်ဝန်းကျင်အနေအထားနဲ့ EIA/SIA ခွင့်ပြု/ မပြုဆိုတာ လေ့လာရမယ်။ ရှေးဟောင်းနယ်မြေ မပျက်စီးအောင် ဘယ်လိုရှောင်ကွင်းပြီး ဖောက်ရမလဲဆိုတာ လေ့လာရမှာပါ။ နောက်တစ်ခုက စီးပွားရေးတွက်ခြေကိုက်မှု၊ စီးပွားရေးပြန်ဖွံ့ဖြိုးမှု၊ ဒါတွေကို ဘက်စုံကနေ လေ့လာရမှာပါ။ လေ့လာမှုတွေအကုန်လုံးပြီးစီးမှသာ လုပ်ငန်းပြန်ဆောင်ရွက်ရမှာပါ"ဟု ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံက ပြောသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ တိုင်းခွဲ-စစ်တွေ၏ နယ်နိမိတ်နှင့် ခရီးမိုင်များမှာ စစ်တွေမှ ကျောက်တော်(၅၄ ဒသမ ၀၈) မိုင်ရှည်လျားပြီး ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်း ၁၁ ဒသမ ၄၆ မိုင်နှင့် ကွမ်းတောင်- ကျောက်တော်လမ်းပိုင်းတွင် ၄၂ ဒသမ ၆၂ မိုင် လမ်းပိုင်းနှစ်ပိုင်းရှိသည်။

ယင်းဘူတာ ၁၁ ခုတွင် (ပြည်တော်သာ-စစ်တွေ-ဇော့ပူဂျာ-ရေချမ်းပြင်)နှင့် (ရေချမ်းပြင်-ကွမ်းတောင်-ပုဏ္ဏားကျွန်း-အောင်ဖြူပြင်- ယိုးတရုတ်- ဂဏန်းတောင်- အပေါက်ဝ- ကျောက်တော်လမ်းပိုင်း)နှစ်ပိုင်းရှိသည့်အနက် စစ်တွေမြို့နယ် ပြည်တော်သာ- ရေချမ်းပြင် ၁၁ မိုင် ၄၆ ဖာလုံ လမ်းပိုင်းကိုသာ တစ်ဘူတာလျှင် ရထားလက်မှတ်ခ ၅၀ ဖြင့်သာ အရှုံးခံပြေးဆွဲပေးလျက်ရှိသည်။ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်း သူများအတွက် လပေးဖြင့် တစ်ဘူတာအတွက် ကျပ် ၁၁၅၀၊ နှစ်ဘူတာအတွက် ကျပ် ၂၂၅၀၊ သုံးဘူတာအတွက် ကျပ် ၃၃၅၀ နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"စစ်တွေ-ကျောက်တော်-မြောက်ဦး-အမ်း-မင်းဘူး ဆိုပြီးတော့ အစီအစဉ်ရှိပါတယ်။ မင်းဘူးအထိ ပေါက်သွားရင်တော့ အကောင်းဆုံးပါ။ လောလောဆယ်တော့ ပြည်တော်သာကနေ ရေချမ်းပြင်အထိပဲ ပြေးနေတယ်။ ကွမ်းတောင်-ကျောက်တော်လမ်းပိုင်းကလည်း ပိတ်ထားတယ်။ ပြည်မနဲ့ တစ်ဆက်တည်းဖြစ်သွားရင်တော့ ရထားပို့ဆောင်ရေးတွေလည်း ကောင်းလာမယ်။ သယ်ယူပို့ဆောင်ရေးမှာ ရထားကတော့ အကောင်းဆုံးပါ။ ဒီမှာက ပင်လယ်ဆိပ်ကမ်းမြို့တွေနဲ့လည်း နီးတယ်။ နိုင်ငံတကာက ဧည့်သည်တွေလာရင် ဂုတ်ထိပ်တံတား၊ ပုဂံနဲ့အင်းလေးပဲ ရှိနေပြီ။ ဒီမှာ ရထားနဲ့ပါသွားဖို့ အခြေအနေရရင် ခရီးသွားလုပ်ငန်းပိုကောင်းလာမယ်"ဟု မြန်မာ့မီးရထားတိုင်းခွဲ-စစ်တွေတိုင်းမန်နေဂျာ ဦးညီညီလွင်က ပြောသည်။

ကိုမာန်မုန်တိုင်းနှင့် မိုရာမုန်တိုင်းကျသည့်ရက်များအပါအဝင် ပဋိပက္ခများ၊ လမ်းတံတား အခြေအနေများကြောင့်လည်း ကြားဘူတာများ မကြာခဏပိတ်ခဲ့ရပြီး ၂၀၁၉ ခုနှစ် မတ် ၁၄ ရက်တွင် နယ်မြေအခြေအနေအရ ကွမ်းတောင်-ကျောက်တော်လမ်းပိုင်းကို ပိတ်ခဲ့ရသည်။

**သန့်ဇင်ဝင်း**

❋ *ကျောဖုံးမှ*

နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးကိစ္စရပ်များ၊ လွှတ်တော်အသီးသီးတွင် ဆောင်ရွက်နေဆဲဖြစ်သည့် ဥပဒေကြမ်းနှင့် အခြားသောလွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများက သက်ဆိုင်ရာလုပ်ငန်းတာဝန်အလိုက် ဆွေးနွေးညှိနှိုင်းပြီး ပေါင်းစပ်ဆောင်ရွက်ပါက ယခင်လွှတ်တော် အစည်းအဝေးများကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအသီးသီးကို တာဝန်ယူထားကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က လုပ်ငန်းကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြတ်စောညီနောင် မင်းလမ်း

**သောင်းကေတု**

**“တပေါင်းလခေါင် လများနောင်”ဟု ဆိုရိုးစကားရှိသည်နှင့်အညီ သာယာလှပသော တပေါင်းလပြည့်နေ့တွင် မြန်မာပြည်တစ်ဝန်းလုံးရှိ စေတီပုထိုးများတွင် ပွဲတော်များ ကျင်းပကြသည်။ တောင်ငူမြို့အရှေ့တောင်ဘက်ရှိ သမိုင်းဝင် မြတ်စောညီနောင် ဘုရားပွဲတော်ကို အစဉ်အလာမပျက် ကျင်းပကြပါသည်။**



တောင်ငူမြို့ မြတ်စောညီနောင်ဘုရား။ ဓာတ်ပုံ-သူရ(တောင်ငူ)

မြတ်စောညီနောင် စေတီတော်နှင့် တောင်ငူသမိုင်းသည် ခွဲခြားမရပေ။ ဤစေတီတော်နှစ်ဆူကို အမှီပြု၍ တောင်ငူမြို့ ပေါ်ထွန်းလာရသည်။ ဘုရားအလောင်း ကြက်မင်းညီနောင် ဘဝက နေထိုင်ကျက်စားခဲ့သော ဤဒေသတွင် သီရိဓမ္မာသောက မင်းကြီး၏ စေတီပေါင်း ရှစ်သောင်းလေးထောင် အပါအဝင်ဖြစ်သော ဤနောင်တော် ညီတော်စေတီနှစ်ဆူကို တည်ထားခဲ့ကြသည်။ သက္ကရာဇ် ၅၅၆ ခုနှစ်တွင် ပုဂံပြည် နရပတိစည်သူမင်းကြီး တိုင်းခန်းလှည့်လည်စဉ် ပျက်စီးယိုယွင်းနေသော စေတီနှစ်ဆူကို အသစ်ပြန်လည်ပြုပြင်ခဲ့သည်။ သမက်တော် ရန်မာန်ငထွေးကို ဆွာချောင်းကမ်းပါးရှိ ကမ္ဘားမြင့်ရွာကို အပိုင်စားပေးကာ စေတီတော်များကို စောင့်ရှောက်စေသည်။ ရန်မာန်ငထွေး၏ မြေး သဝန်လက်ျာလက်ထက်တွင် လူနေစည်ကားလာ၍ ကြခတ်ဝရံမြို့ကို တည်သည်။ ကြခတ်ဝရံမြို့စည်ကားလာလျှင် မွန်ဘုရင်က လာရောက်တိုက်ခိုက် သိမ်းယူသည်။ သဝန်လက်ျာကို ပျူရွာတွင် အကျယ်ချုပ်ထားခဲ့သည်။ သဝန်လက်ျာ နာမကျန်းဖြစ်သောအခါ သားတော် သဝန်ကြီး သဝန်ငယ် ညီနောင်တို့ကို “ငါ့သားတို့ ညီနောင် လွတ်သာသော် ငါတို့ ကမ္ဘားမြင့်ရွာကား ပေါင်းလောင်းကို ဆန်သွားလျှင် လက်ဝဲဘက်က ချောင်းတက်ရှိ၏။ ထိုချောင်း တက်ကို လိုက်သော် တောင်ငယ်အငူရှိ၏။ ယင်းသည် အရပ်တွင် ရွာတည်လေ”ဟု မှာခဲ့သည်။

**တောင်ငူငယ်နှင့် တောင်ငူကြီး**

အဖသေလွန်သည့်နောက် သဝန်ညီနောင်တို့သည် မွန်ကျေးပျူရွာက ထွက်ခဲ့၍ ပေါင်းလောင်းမြစ်ကို ဆန်ကြသည်။ ခပေါင်းချောင်းပေါက်ကို ရောက်လျှင် အဖမှာခဲ့သော ဆွာချောင်းမှတ်ထင်၍ ဝင်ကြသည်။ ရိုးမအနီး တောင်ငယ်အငူကို တွေ့လျှင် တောင်ငူဟူသော အမည်ဖြင့် မြို့တည်ကြသည်။ ယခု အမြန်လမ်းမကြီး ၁၄၂ မိုင် ၆ ဖာလုံတွင် တည်ရှိသော ပထမဆုံး တောင်ငူကို တောင်ငူငယ်ဟု ခေါ်ကြသည်။ ထိုနေရာတွင် တစ်နှစ်နေပြီး သက္ကရာဇ် ၆၄၁ ခုနှစ် ကဆုန်လဆန်း ၉ ရက်နေ့တွင် ခပေါင်းချောင်းမြောက်ဘက်တွင် မြို့သစ်တည်ကာ ပြောင်းရွှေ့သည်။ ယခု တောင်ငူကြီးဟု ခေါ်သည်။

တောင်ငူမြို့တည် သဝန်ကြီးမင်းသည် ဝါတွင်းသီတင်းပတ်တိုင်း သရထည်ညီနောင်ဘုရား(မြတ်စောညီနောင်)ကို အဖူးအမြော်ထွက်လေ့ရှိသည်။ နရပတိစည်သူမင်းကြီး ပြုပြင်ခဲ့သော စေတီတော်အနီးရှိ သောက်ရေခပ်ချောင်းသည် ရေအလွန်ကြည်လင်သဖြင့် “ရေကြည်သည်ကား မြနှင့် ရထည်ပင်” ဟု မိန့်တော်မူသဖြင့် တရထည်ချောင်းဟုအမည်တွင်ခဲ့သည်။ စေတီတော်များကိုလည်း တရထည်ညီနောင်ဟု ခေါ်ကြသည်။ သဝန်ကြီးမင်းသည် ခပေါင်းချောင်းအတိုင်းစုန်ကာ ပေါင်းလောင်းမြစ်သို့ဝင်သည်။ ထိုမှတစ်ဆင့် သောက်ရေခပ်ချောင်းအတိုင်း ဆန်တက်ကာ ဘုရားသို့သွားခြင်းဖြစ်သည်။ နန်းသက် ၃၈ နှစ်ကြာသောအခါ ညီတော်သဝန်ငယ်၏ လုပ်ကြံခြင်းကို ခံရသည်။ သဝန်ကြီး လှေဆိပ်မှ ဘုရားသို့ အတက်တွင် သဝန်ငယ်၏ ကျွန်များက သောင်ခုံတွင် ဝှက်ထားသော ဓားတို့ကို ဖော်ယူကာ လုပ်ကြံကြသည်။

သက္ကရာဇ် ၇၃၃ ခုနှစ် တန်ခူးလတွင် တောင်ငူမင်းပျံ့ချီကြီး (အစောမြတ်စွာနော်ရထာ)က သရထည် ဘုရားညီနောင်ကို မွမ်းမံပြင်ဆင်သည်။ ထိုအကြောင်းကို ကျောက်စာရေးထိုးခဲ့သည်။ “ခရိုင်အပေါင်း ပေါင်းလောင်းတရိုးကို အစိုးရသော တောင်ငူသခင် အစောမြတ်စွာနော်ရထာ မောင်နှံသူ ၂ ယောက်ကား မိမိတောင်းတ ဘုရားဆုကို လိုချင်စွာသောကြောင့် တောင်ငူမည်သော ပြည်၏ အရှေ့တနယ်သွား

**❖ မင်းကြီးညိုလက်ထက်က မြတ်စောညီနောင်ဘုရားသို့ သွားရောက်ဖူးမြော်သော မင်းလမ်းသည် ယခုတိုင်အောင်ရှိနေ**

**❖ ရှေးဘိုးဘေးတို့၏ အမွေအနှစ်ဖြစ်သော ဤမင်းလမ်းကို ယခုထက်ပိုပြီး မပျက်စီးစေရန် ထိန်းသိမ်းထားသင့်**

လောက်သော အရပ်၌ တောင်အဝှမ်းတမူလည်းဖြစ်ထသော၊ တဝှန်ရေမျက်ထွက်သော ရေရှင်သွန်းသောလားသို့ ထင်ရှားအမည် သရထည်ဟူ၍လည်း ကြည်စွာပြင်လေသာသောမြစ်၏ အဝှမ်းကမ်းထက်နိုက်၊ ဓမ္မာသောကမင်းကြီးသည် သရထည်ဘုရား ၂ လုံးစုံကို သည်အံ့ဘွယ်ကိုယ်တည်၏။ ဟူ၍ အရှင်မောင်နှံ ၂ ယောက် သဒ္ဓါပေါက်၍ မျက်မှောက်ကောင်းပြုလတ်လျှင် ထပ်လျှင်းသည်ကား၊ အချင်းအတောင် ၄၀ တည်၏”

အစောမြတ်စွာ နော်ရထာဘွဲ့ခံပျံ့ချီကြီးသည် တောင်ငူ၏ ရှစ်ဆက်မြောက်မင်းဖြစ်သည်။ ပုဂံရွှေစည်းခုံဘုရား ကြာမှောက်ကြာလန်အထိ ပြုပြင်ခဲ့ပြီး ကျောက်စာကမ္ပည်းရေးထိုးခဲ့သည်။ သရထည်ညီနောင် ကျောက်စာနှင့် ရွှေစည်းခုံကျောက်စာတို့သည် မန္တလေးမဟာမုနိဘုရား ကျောက်စာတိုက်တွင် ရှိသည်။



မြတ်စောညီနောင်ဘုရားသို့ သွားသည့် မင်းလမ်း။

**ဒွါရာဝတီမြို့တည်**

တောင်ငူမင်းဆက်၏ ၂၉ ဆက်မြောက် နန်းတက်သော မင်းကြီးညိုသည် သက္ကရာဇ် ၈၄၇ ခုနှစ်တွင် တောင်ငူကြီးမြောက်ဘက် တာ ၅၀၀ အကွာ ပန်းပဲချောင်းကမ်းပါးတွင် မြဝတီမြို့ကို တည်သည်။ ရေလွှဲ ၅ ခရိုင်နှင့် တောင်ဘက်ကျောက်မော်တိုင်အောင် တိုက်ခိုက်သိမ်းယူသည်။ သက္ကရာဇ် ၈၅၃ ခုနှစ်တွင် ခပေါင်းချောင်းနှင့် ပေါင်းလောင်းမြစ်ဆုံတွင် ဒွါရာဝတီမြို့ကိုတည်သည်။

မင်းကြီးညိုလက်ထက်က မြတ်စောညီနောင်ဘုရားသို့ သွားရောက်ဖူးမြော်သော မင်းလမ်းသည် ယခုတိုင်အောင်ရှိနေသေးသည်။ ပေါင်းလောင်းမြစ်အနောက်ဘက်ကမ်း ဒွါရာဝတီမြို့တော်မှ မြစ်ကိုဖြတ်ကူးလျှင် တစ်ဖက်ကမ်းရှိ ပေါင်းလောင်းတိမ်ရွာသို့ ရောက်သည်။ ထိုရွာမှ မြစ်အရှေ့ဘက်ကမ်းအတိုင်း ရွှေတံတားရွာသို့ အုတ်လမ်းကြီး ဖောက်လုပ်သည်။ ရွှေတံတားရွာထိပ်ရှိ တံတားကို ရှေးအခါက ရွှေပိန်းချတိုင်များဖြင့် ဆောက်ခဲ့သဖြင့် ရွှေတံတားရွာဟုတွင်ကြောင်း ရှေးလူကြီးများက ပြောကြသည်။ ရွာထဲရှိလမ်းတွင် ရှေးအုတ်အစအနများ တွေ့ရပါသည်။ လမ်း၏ ဘယ်ဘက်ကုန်းမြင့်ပေါ်တွင် ရွှေဘုံသာ ငွေဘုံသာစေတီ နှစ်ဆူရှိသည်။ ထိုစေတီ၏ သိမ်သမုတ်ထားသည့် ကျောက်တိုင်များမှာ တောင်ငူမြို့တည် သိမ် ၂၀ ရှိ သိမ်တိုင်များနှင့် တူညီနေသည်။

ရွှေတံတားရွာလမ်းမှ အရှေ့ဘက်တောင်ကုန်းပေါ်သို့တက်သွားလျှင် တောရကျောင်းများ၊ စေတီငယ်များကို တွေ့ရသည်။ ဖောင်ဦးဆိုက်ဘုရားနှင့် စမ်းရေမြောင်တောရတို့မှာ ထင်ရှားသည်။ ဟိုယခင်က လမ်းဘေးဝဲယာတွင် အင်တောကြီး ညို့နေသည်။ ယခုတော့ လွင်တီးခေါင်ဖြစ်နေပေပြီ။

**မင်းလမ်းတည်ဆောက်ထားမှု**

မကြာမီ တောင်ငူ မုပ္ပလင်လမ်းမကြီးအနီးသို့ ရောက်လာသည်။ ထိုလမ်းသို့ မရောက်မီ ယာဘက်လမ်းချိုးလေးအတိုင်းဝင်လျှင် ရသေ့ကျောင်း၊ ဘုန်းကြီးကျောင်းများသို့ ရောက်သည်။ ဤနေရာတွင် ထင်ရှားသော မင်းလမ်းသို့ ရောက်ပါပြီ။ ရှေးအုတ်ကြီးများကို ဒေါင်လိုက်စီခင်းထားသော လှေကားထစ်များ၊ ဘေး နှစ်ဖက်မှ လက်ရန်းအုတ်တံတိုင်းများကို အကောင်းအတိုင်းတွေ့ရသည်။ အလျား ၁၅ လက်မ၊ အနံ ရှစ်လက်မ၊ ထု နှစ်လက်မထူသော ရှေးအုတ်များဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ အုတ်လှေကားကြီးမှာ တစ်ဖြည်းဖြည်း နိမ့်ဆင်းလာပြီး ရှေ့တွင် ရေတိုက်စားသဖြင့် လမ်းပြတ်နေသည်။ ဘေးဘက်မြေသားလမ်းအတိုင်း အရှေ့ဘက်သို့ ဆင်းသွားရသည်။ လမ်း၏ အထက်ဘက်တွင် ခြေဆေးကန်ရှိသည်။ မြေပြန့်တွင်လည်း ဘေးနှစ်ဖက်မှ အုတ်တံတိုင်း လက်ရန်းများရှိနေသည်။

ထို့နောက် တောင်ကုန်းအတက်အုတ်လှေကားထစ်များအတိုင်း မြတ်စောညီနောင် ဘုရားဘက်သို့ တက်ရသည်။ အတက်လှေကားများမှာ ပျက်စီးမှုများသည်။ ဆက်လက် မထိန်းသိမ်းပါက မကြာမီပျောက်ကွယ်ပေတော့မည်။ လမ်း၏ ဘေးနှစ်ဖက်တွင် သစ်ပင်ကြီးများအုံ့ဆိုင်းကာ သာယာလှပါသည်။ တောင်ကုန်းထိပ်ရောက်သောအခါ တောင်ငူမုပ္ပလင်ကားလမ်းမကြီးကို တွေ့ရသည်။ ထိုလမ်းကိုဖြတ်ကူး၍ မြတ်စောညီနောင် နောင်တော်စေတီအထိ အုတ်လမ်းအတိုင်း လျှောက်ရသည်။ ဤအပိုင်းက မြေပြန့်ဖြစ်ပြီး ရှေးအုတ်များကို ထောင်လိုက်စီခင်းထားသည်။ မိုးတွင်းတွင် ချုံနွယ်များ ဖုံးကွယ်နေ၍ လမ်းရှိမှန်းပင်မသိရပေ။ ဘုရားပွဲရာသီတွင် ရှင်းထား၍သာ လမ်းကို မြင်ရခြင်းဖြစ်ပါသည်။ ပေါင်းလောင်းတိမ်မှ ရွှေတံတား မင်းလမ်းအတိုင်း ဘုရားသို့ ၁ နာရီ ၁၅ မိနစ်ခန့်လျှောက်ရသည်။ ရှေးခေတ် တောင်ငူမင်းများ ဤလမ်းအတိုင်း ဘုရားသို့ အဖူးမြော် ထွက်ကြပေမည်။ ထိုစဉ်က တောကြီးတောင်ကြီးထဲကို ဖြတ်၍ သွားရမည်ကို အတွေးတွင် မြင်ယောင်နေမိပါသည်။

သဘာဝတောတောင်၏သာယာပုံရှုခင်းများကြောင့် စာဆိုတို့၏ နှလုံးဘဝင်ကို ကြည်နူးစေပြီး စာပေအနုအလှတို့ ပေါက်ဖွားလာစေပါသည်။ ရတုဘုရင် နတ်ရှင်နောင်က “တဆယ့်နှစ်ခွေ၊ ပတ်လည်နေသား၊ ယဉ်ထွေသီဒါ၊ တောင်မျက်နှာက၊ အာကာကွန့်တက်၊ တိမ်သို့ယှက်မျှ၊ ကျောက်စက်ဝှန်ချာ၊ ဆင်ကလာ၍၊ လက်ယာရုံရစ်၊ နီလာဖြစ်ကို၊ ရှင်ချစ်ဘုန်းဝှန့်၊ ပြုံးရိပ်ညွှန့်ကြောင့်၊ စက်သန့်ချမ်းကြည်၊ ပြုံးချောင်းမည်သား၊ မြရည်ယှက်သန်း၊ သီဒါစွန့်ထက်၊ တသန့်လုံထွေ၊ တည့်မွန်းနေသို့၊ သရေဓမ္မာ၊ စကြာစိုးဆောင်၊ တည်ခဲ့ထောင်သည်၊ ညီတော်စုံရှင်တော်တကား”ဟု ဘုရားတိုင်ရတု ရေးသားခဲ့သည်။

**မြတ်စောညီနောင်ဘုရားပွဲတော်ကျင်းပ**

ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်များတွင်လည်း မြို့စားမင်းသား၊ မြို့ဝန်တို့က ဘုရင့်ကိုယ်စား မြတ်စောညီနောင်စေတီတော်ကို ပွဲတော်ကျင်းပလှူဒါန်းကြရသည်။ ဘုရားဝတ္တကမြေအဖြစ် အရှေ့အနောက် ကေ ၃၅၀၀၊ တောင်မြောက် တာ ၃၅၀၀ လှူဒါန်းခဲ့ကြသည်။ ဘုရားဝတ္တကမြေလုပ်သားတို့မှာ လူတစ်ကိုယ်တွင် ငွေရွက်နီ ၁ ကျပ် ဘုရားကို လှူရသည်။ တပေါင်းလဆန်း ၁၄ ရက်နေ့တွင် ကိုယ်စားတော် မြတ်စောညီနောင် ဘုရားမှာ မြို့ဝန်၊ အခွန်ဝန်၊ စစ်ကဲ၊ နာခံ၊ စာရေးကြီး၊ မြို့စာရေးတို့ ဆီမီးပူဇော်လှူဒါန်း၍ ပွဲသဘင် အတီးအမှုတ်၊ ကချေသည် အစုံနှင့် ခံရပါသည်။ အတီးကချေသည်တို့ကိုလည်း ရုံးလိုက်ရှေ့နေတို့က ကျွေးမွေးရပါသည်။ လဆန်း ၁၅ ရက်နံနက်တိုင်မှ ပွဲပြီးပါသည်။ အရာရှိတို့နေရန် တဲကို မည်းဖြူ သောက်ရေခပ်ရွာသားတို့က ဆောက်လုပ်ရသည်ဟု ၁၁၄၆ ခုနှစ် ဘိုးတော်ဘုရားလက်ထက် တောင်ငူစစ်တမ်းတွင် ဖော်ပြပါသည်။ ကေတုမတီ၊ ဒွါရာဝတီမှ ဤမင်းလမ်းအတိုင်း မြတ်စောညီနောင်ဘုရားသို့ သွားကြလေသည်။

၁၈၅၂ ခုနှစ် တောင်ငူကို အင်္ဂလိပ်သိမ်းယူပြီးနောက် ၁၉၀၄ ခုနှစ်တွင် တောင်ငူ-မုပ္ပလင်လမ်းကို ဖောက်ပါသည်။ ထိုလမ်းမရှိမီက ဘုရားသို့ မင်းလမ်းအတိုင်း သွားကြသည်။ ကျွန်တော်တို့ ငယ်စဉ်ကအထိ ဤလမ်းမှ ဘုရားပွဲသွားနေကြဆဲဖြစ်သည်။ ရှေးဘိုးဘေးတို့၏အမွေအနှစ်ဖြစ်သော ဤမင်းလမ်းကို ယခုထက်ပိုပြီး မပျက်စီးစေရန် ထိန်းသိမ်းထားသင့်ပါသည်။ ယနေ့တိုင်အောင် အထင်အရှားကျန်ရှိနေသေးသော မင်းလမ်းကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထိန်းသိမ်းပြုပြင်ပေးပါရန် တင်ပြအပ်ပါသတည်း။ ။

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်တွင် ရင်ငွေ့လှုံ့ပူဇော်ခံ

ကျိုက်ထို ဧပြီ ၁၉

**ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးမှ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ပင့်ဆောင်ပူဇော်သည်။**

ရှေးဦးစွာ ယနေ့နံနက် ၅ နာရီခွဲက ထာဝရငြိမ်းချမ်းရေး စေတီတော်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ရတနာ ငှက်မြတ်နားတော်တို့အား ရွှေတိဂုံစေတီတော်အထက်ပစ္စယံပတ္တမြား မျက်ရှင်ရုပ်ပွားတော်အာရုံခံမှ ဆရာတော် သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက ပြန်လည်ပင့်ဆောင်၍ ရွှေတိဂုံစေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်သည်။

## ရင်ငွေ့လှုံ့ပူဇော်ခံ

ထို့နောက် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား ရွှေတိဂုံစေတီတော်မှ ကျိုက်ထီးရိုးစေတီတော်သို့ ပင့်ဆောင်ပူဇော်ရာ မွန်ပြည်နယ်အဝင် စစ်တောင်းတံတား(မုပ္ပလင်)တွင် မွန်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်၊ လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်သန်း၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များ၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုပင့်ဆောင်ပြီး ကျိုက်ထီးရိုးစေတီတော်၏ ရင်ငွေ့လှုံ့ပူဇော်ခံသည်။

ညပိုင်းတွင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကမှ ရင်ငွေ့လှုံ့ပူဇော်ပွဲအထိမ်းအမှတ် ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားချီးမြှင့်ရာ တရားချစ်ခင်သူတော်စဉ် ဓမ္မမိတ်ဆွေများက တရားတော်ကို ရိုသေစွာ နာယူကြည်ညိုကြသည်။

## ဟောကြားချီးမြှင့်သွားမည်

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိရာ ဧပြီ ၂၀ ရက်တွင် မော်လမြိုင်၊ ၂၁ ရက်တွင် ထားဝယ်၊ ၂၂ ရက်တွင် ဘားအံ၊ ၂၃ ရက်တွင် သထုံ၊ ၂၄ ရက်တွင် ပဲခူး၊ ၂၅ ရက်တွင် ပုသိမ်၊ ၂၆ ရက်တွင် ဟင်္သာတ၊ ၂၇ ရက်တွင် ပြည်၊ ၂၈ ရက်တွင် မကွေး၊ ၂၉ ရက်တွင် ပုဂံ၊ ဧပြီ ၃၀ ရက်မှ မေ ၁ ရက်ထိ မုံရွာ၊ မေ ၂ ရက်မှ ၆ ရက်ထိ မန္တလေး၊ မေ ၇ ရက်တွင် ကျောက်ဆည်၊ မေ ၈ ရက်တွင် သဲတော(ဝမ်းတွင်း)၊ မေ ၉ ရက်တွင် တောင်ကြီး၊ မေ ၁၀ ရက်တွင် လွိုင်ကော်၊ မေ ၁၁ ရက်တွင် တောင်ငူ၊ မေ ၁၂ ရက်မှ ၁၈ ရက်ထိ နေပြည်တော်တို့တွင် ဒေသစာရီကြွချီပူဇော်ခံသွားမည်ဖြစ်ပြီး ဒေသစာရီလှည့်လည်အပူဇော်ခံရာ ခရီးစဉ်တစ်လျှောက်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က ငြိမ်းချမ်းရေးတရားတော်များ ဟောကြားချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်**



ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား ရွှေတိဂုံစေတီတော်မြတ်ကြီးမှ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ပင့်ဆောင်ပူဇော်စဉ်။

# နမ့်ဆန်မြို့ အောက်ဘုရားကြီးကျောင်းတိုက် ဇယ်တုံဇံစေတီတော် ထီးတော်တင်ပွဲ ကျင်းပ

**နမ့်ဆန် ဧပြီ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် အောက်ဘုရားကြီးကျေးရွာအုပ်စု ဇယ်တုံဇံကျောင်းတိုက်ရှိ ဇယ်တုံဇံ(သမိုင်းဝင်)စေတီတော်မြတ် ထီးတင်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ထီးတော်တင်ပွဲတွင် မြို့နယ်သံဃနာယကဆရာတော်နှင့် ကျောင်းတိုက်အသီးသီးမှ သံဃာတော်များ၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ တအာင်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ကျေးရွာလူထုများက တက်ရောက်ပူဇော်ရာ ထီးတော်ကို ဦးဆောင်ဆရာတော်များက လှည်းတော်ယာဉ်ဖြင့် ပင့်ဆောင်တင်လှူခဲ့သည်။

အဆိုပါ ဇယ်တုံဇံ(သမိုင်းဝင်)စေတီတော်မြတ်သည် ၁၃၁၈ ခုနှစ် အရှင်ပန္ဒိတဆရာတော်က တည်ထားကိုးကွယ်ခဲ့ပြီး ထီးတော်များ ပျက်စီးယိုယွင်းနေပြီဖြစ်၍ အောက်ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးဝိမလ အမှူးပြုကာ ကိုတိုးဝါ(တိုးဝါအလူမီနီယံ) ရန်ကုန်မြို့နှင့် အောက်ဘုရားကြီး ကျေးရွာလူထုတို့က ပူးပေါင်း၍ ထီးတော်မြတ်အား ပြုပြင်ပူဇော်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မိုး (ပြန်/ဆက်)**

## ထီလုံတိုက်နယ်ဆေးရုံတွင် မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ဆေးကုသပေးမည်

**လှိုင်းဘွဲ့ ဧပြီ ၁၉**- ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မျက်စိဝေဒနာခံစားနေရသည့် ကျေးလက်နေပြည်သူများအား ထီလုံတိုက်နယ်ဆေးရုံ၌ ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ အပြင်တိမ်၊ အတွင်းတိမ်မျက်စိဝေဒနာခံစားနေရသူများအား တိပိဋကရေတိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက(ရခိုင်)ဆရာတော် အရှင်ဣန္ဒပါလနှင့် ဘုံကျော်ဆရာတော် ဘဒ္ဒန္တပဏ္ဏဝံသတို့က ဦးဆောင်၍ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးအေးထွန်းဆေးအဖွဲ့က လာရောက်စစ်ဆေးပြီး အခမဲ့ဆေးကုသပေးသွားမည်ဖြစ်သည်။

အဆိုပါ ဆေးကုသမှုခံယူရာတွင် ကျေးရွာများရှိ မျက်စိဝေဒနာခံစားနေရသူများသည် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ထီလုံတိုက်နယ်ဆေးရုံသို့ ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဧပြီ ၁၉**

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ဧပြီ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ စစ်ဥပဒေချုပ်ရုံး၏ အကြံပြုချက်အရ ထပ်မံစိစစ်ရန်လိုအပ်သဖြင့် တပ်မတော်နည်းဥပဒေများအရ စုံစမ်းစစ်ဆေးရေးခုံရုံးကို ဖွဲ့စည်း၍ ၂၀၁၉ ခုနှစ်၊ မတ် ၁၈ ရက်မှစတင်ပြီး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း။

ဖြစ်စဉ်များနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထား၊ အချက်အလက်များကို စုံစမ်းစစ်ဆေးရေးခုံရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ အီးမေးလ်မှ တစ်ဆင့်ဖြစ်စေ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပေးပို့တင်ပြနိုင်ကြောင်းကို စုံစမ်းစစ်ဆေးရေးခုံရုံးက ၂၀၁၉ ခုနှစ်၊ ဧပြီ ၂ ရက်တွင် ဖိတ်ခေါ်ထားကြောင်း။

စုံစမ်းစစ်ဆေးရေးခုံရုံးက စုံစမ်းစစ်ဆေးမှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ တာဝန်ပေးချက်အရ လိုအပ်သည့် သက်သေခံအချက်အလက်များ စုဆောင်းခြင်းဆိုင်ရာများ၊ ဥပဒေကြောင်းဆိုင်ရာများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာများကို အကြံပေးနိုင်ရန် ဒုတိယစစ်ဥပဒေချုပ် ဗိုလ်ချုပ်သောင်းနိုင် ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီး အဖွဲ့ဝင်လေးဦးပါဝင်သည့် ဥပဒေအကြံပေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း၊ အဖွဲ့ဝင်လေးဦးမှာ လက်ထောက်စစ်ဥပဒေချုပ် ဒုတိယဗိုလ်မှူးကြီး မြင့်သိန်း၊ ဒုတိယလက်ထောက်စစ်ဥပဒေချုပ် ဗိုလ်မှူးမြင့်ဆန်း၊ ဒုတိယလက်ထောက်စစ်ဥပဒေချုပ်(ဗိုလ်ကြီး) ဗိုလ်ကြီးကျော်ကျော်လင်း၊ စစ်ဥပဒေအရာရှိ ဗိုလ်ကြီးဒေါ်သဇင်ဆွေတို့ ဖြစ်ကြောင်း။

ဥပဒေအကြံပေးအဖွဲ့၏ တာဝန်များမှာ မည်သည့်သက်သေများကို စစ်မေးသင့်ကြောင်း အကြံပေးရန်၊ မည်သည့်သက်သေခံအထောက်အထားများ ရယူသင့်ကြောင်း အကြံပေးရန်၊ မည်သည့် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးသင့်ကြောင်း အကြံပေးရန်၊ သက်သေများကိုစစ်မေးရာတွင် ကွင်းဆက်မပြတ်စေရေး လိုအပ်သည့် အကြံပေးရန်၊ အခြားဥပဒေအကြောင်းဆိုင်ရာ လိုအပ်သည့် အကြံများပေးရန်တို့ဖြစ်ကြောင်း၊ ယင်း ဥပဒေအကြံပေးအဖွဲ့အား ၂၀၁၉ ခုနှစ်၊ ဧပြီ ၁၈ ရက်တွင် စစ်ဥပဒေချုပ်က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# ILO ရာပြည့်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲများ ကျင်းပမည်

**နေပြည်တော် ဧပြီ ၁၉**

၂၀၁၉ ခုနှစ်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ရာပြည့်နှစ်အထိမ်းအမှတ်အခမ်းအနားကို အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက်ကျင်းပရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ILO၊ ရန်ကုန်နှင့်ပူးပေါင်း၍ ILO ရာပြည့်ဆောင်းပါးပြိုင်ပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းပါးပြိုင်ပွဲခေါင်းစဉ်မှာ မြန်မာဘာသာဖြင့် "ILO ရာပြည့်မှစသင့်လျော်ကောင်းမွန်သော အလုပ်အကိုင်တိုးမြှင့်ရေးနှင့် လူမှုတရားမျှတရေး မြှင့်တင်ဆောင်ရွက်ကြ"ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများသည် စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့် ဖြစ်စေ၊ စာမျက်နှာတစ်ဖက်တည်းတွင် စာလုံးရေသုံးထောင်မှ ငါးထောင်အတွင်း ရေးသားရန် (Pyidaungsu Font Size 13)၊ ပြိုင်ပွဲဝင်တစ်ဦးအတွက် စာမူဆောင်းပါးတစ်ပုဒ်သာ တင်သွင်းရန်၊ စာမူမူရင်းနှင့် မိတ္တူကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ ပူးတွဲတင်ပြရန်၊ ဆောင်းပါးရေးသူ၏ ကိုယ်ရေးရာဇဝင်တွင်အမည်ကို မြန်မာနှင့် အင်္ဂလိပ်ဘာသာနှစ်မျိုးစလုံးဖြင့်ဖော်ပြပြီး အဖအမည်၊ အသက် (မွေးသက္ကရာဇ်)၊ ကျား၊ မ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရမည့် တယ်လီဖုန်းအမှတ်၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့ကို ပြည့်စုံစွာဖြည့်စွက်ရေးသားဖော်ပြပြီး ပတ်စပို့ဓာတ်ပုံသုံးပုံ ပူးတွဲတင်ပြရန်လိုအပ်သည်။

ပြိုင်ပွဲဝင်စာမူများကို အတွင်းရေးမှူး၊ ဆောင်းပါးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် (၅၁)၊ နေပြည်တော်သို့ မေ ၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်း၊ နှစ်သိမ့်ဆု၊ အထူးဆု ငါးဆုအတွက် တစ်ဆုလျှင် တစ်သိန်းကျပ် သတ်မှတ်ထားပြီး ဆုရသူများကို မေလ နောက်ဆုံးပတ်တွင် ရန်ကုန်၌ ကျင်းပမည့် Centenary Launch Event အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသည့်စာမူများကို ပြန်လည်ပေးပို့မည် မဟုတ်ပါကြောင်းနှင့် ဆောင်းပါးပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဒေါ်တင်မာထွေး၊ အတွင်းရေးမှူး၊ ဆောင်းပါးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ ဖုန်း-၀၆၇-၄၃၀၀၉၀ ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲကို ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် ကျင်းပသွားမည်

ရန်ကုန် ဧပြီ ၁၉

**မြန်မာကျောင်းသားလူငယ်များအတွက် ထိုင်းနိုင်ငံ၏ ပညာရေးအခွင့်အလမ်းကောင်းများရရှိစေမည့် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲကို ရန်ကုန်မြို့၌ ဧပြီ ၂၇ ရက်တွင် လည်းကောင်း၊ မန္တလေးမြို့၌ ဧပြီ ၂၈ ရက်တွင် လည်းကောင်း ဒုတိယအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး၌ကျင်းပသော အဆိုပါပြပွဲ ကျင်းပနိုင်ရေး သတင်းစာရှင်းလင်းပွဲမှ သိရသည်။**



ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲကျင်းပရေး သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

"ဒီပြပွဲဟာ မြန်မာကျောင်းသားတွေအတွက် အခွင့်အလမ်းကောင်းတွေ ဖြစ်ပေါ်လာစေမယ်လို့ ယုံကြည်တယ်။ ထိုင်းနိုင်ငံမှာရှိတဲ့ တက္ကသိုလ်အတော်များများကို တစ်စုတစ်စည်းတည်း ဒီမှာတွေ့မြင်နိုင်မယ်။ ကိုယ်လိုချင်တဲ့ သတင်းအချက်အလက်ကိုလည်း ကိုယ်တိုင်ကိုယ်ကျ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးမေးမြန်းခွင့်ရမယ်။ မြန်မာနဲ့ ထိုင်းဟာ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့အတွက် ယဉ်ကျေးမှု ဓလေ့ထုံးစံတွေလည်း အတော်လေးတူညီတယ်။ အစားအသောက်ကအစ သိပ်မကွာသလို မြန်မာပြည်ပြန်ချင်လည်း နာရီပိုင်းနဲ့ရောက်နိုင်တာမို့ တက်ချင်တဲ့ကလေးတွေအတွက် အဆင်ပြေတယ်။ ပညာရေးအပိုင်းမှာလည်း နိုင်ငံတကာအဆင့်မီတဲ့ ပညာရေးတွေကို ပို့ချပေးနိုင်တဲ့ တက္ကသိုလ်တွေရှိတယ်။ သွားတက်လို့ ရလာမယ့်ဘွဲ့နဲ့ အသက်မွေးဝမ်းကျောင်းအလုပ်တွေကို မြန်မာပြည်မှာအပြင် ထိုင်းနိုင်ငံနဲ့ အခြားနိုင်ငံတွေမှာလည်း ရှာနိုင်ပါလိမ့်မယ်လို့မြင်ပါတယ်"ဟု ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL) ထိုင်းဘာသာ ဌာနမှူး ဒေါ်စုစုခင်က ပြောသည်။

ထိုပြပွဲကြီးဖြစ်မြောက်ရေးကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ အဓိကကူညီပံ့ပိုးပေးပြီး ထိုင်းတက္ကသိုလ်ဘွဲ့ရမြန်မာကျောင်းသားများအသင်း(AMAUT)နှင့် ထိုင်းစီးပွားရေး လုပ်ငန်းရှင်များအသင်း(မြန်မာ) TBAM တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ယင်းနေ့ရှင်းလင်းပွဲတွင် တက်ရောက်လာကြသော သတင်းမီဒီယာများအား ပြပွဲဖြစ်မြောက်ရေးအဖွဲ့မှ YUFL ဌာနမှူး ဒေါ်စုစုခင်၊ AMAUT အတွင်းရေးမှူး ဦးကောင်းဇံ၊ ဒေါ်ခင်အေးအေးမွန်နှင့် မချိုချိုဝင်းတို့က သိလိုသည်များကို ရှင်းလင်းဖြေကြားကြောင်း သိရသည်။

ထိုပြပွဲကြီးတွင် ထိုင်းနိုင်ငံရှိ နာမည်ကြီး ချူလာလောင်ကွန်းတက္ကသိုလ်၊ AIT တက္ကသိုလ်၊ Stamford တက္ကသိုလ်နှင့် အခြားတက္ကသိုလ်များ ပါဝင်ကာ အင်ဂျင်နီယာ ဘာသာရပ်အမျိုးမျိုး၊ ဆေးပညာဘာသာရပ်အမျိုးမျိုး၊ နိုင်ငံရေးဘာသာရပ်၊ ဥပဒေဘာသာရပ်၊ ဂျာနယ်လစ်စင် ဘာသာရပ်နှင့် အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်များတွင် နာမည်ကျော်ကြားသော တက္ကသိုလ် ၂၀ ကျော်မှ လာရောက်ပြသမည်ဖြစ်သည်။ မြန်မာကျောင်းသားများ၊ မိဘအုပ်ထိန်းသူများအနေဖြင့် ထိုတက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တိုက်ရိုက်ဆွေးနွေးခွင့်ရရှိမည်ဖြစ်သည်။

တက်ရောက်လိုသောတက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ တက္ကသိုလ်တက်ရောက်နေသူများ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့များအတွက် ပညာသင်ထောက်ပံ့ကြေးများအပြင် ပညာသင်ဆုအနေဖြင့် တက္ကသိုလ်တိုင်းတွင် ထူးချွန်ကျောင်းသားများအတွက် Full Scholarship နှင့် ကုန်ကျစရိတ် တစ်ဝက်လျှော့ချပေးသော ပညာသင်ဆုများ၊ ကျောင်းတက်နေသည့် ပညာသင်နှစ်အလိုက် ပညာသင်ဆုများပါဝင်ကာ မြန်မာကျောင်းသားများအတွက် အထူးအခွင့်အရေးပေးသွားမည့် ပြပွဲဖြစ်ကြောင်း သိရသည်။

ပြပွဲကြီးကို ဧပြီ ၂၇ ရက်တွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌လည်းကောင်း၊ ဧပြီ ၂၈ ရက်တွင် မန္တလေးမြို့ ဟိုတယ်ရွှေပြည်သာ၌ လည်းကောင်း နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း ယင်းနေ့ရှင်းလင်းပွဲမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

# ပန်းတနော်တွင် ခေတ်မီငါးသားဖောက်စက်ရုံနှစ်ရုံ တည်ဆောက်နေ

**ရန်ကုန် ဧပြီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ ငါးမွေးမြူထုတ်လုပ်မှု အထူးဇုန်တွင် ခေတ်မီငါးသားဖောက်စက်ရုံနှစ်ရုံကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ဧက ၃၅၀၀ ကျော်ကျယ်ဝန်းသော ရေနက်ကွင်းတွင် ဧက ၉၀၀ ၌ ငါးမွေးမြူရေးကန်များနှင့် ငါးအသားလွှာထုတ်စက်ရုံ၊ ငါးခေါင်းနှင့်ငါးအရိုးထုတ်စက်ရုံ၊ ငါးမုန့်စက်ရုံ၊ ငါးအစာတောင့်စက်ရုံ၊ အအေးခန်းစက်ရုံနှင့် ငါးအသားပေါက်ထုတ်လုပ်ခြင်းမှ ပြည်ပသို့တစ်နေရာတည်းမှ ထုပ်ပိုးတင်ပို့နိုင်သော စက်ရုံများဖြင့် ထိုဇုန်ကြီးတွင် ခေတ်မီငါးသားဖောက်စက်ရုံနှစ်ရုံကို တည်ဆောက်နေခြင်း ဖြစ်သည်။



ငါးမွေးမြူထုတ်လုပ်မှု အထူးဇုန်တွင် ခေတ်မီငါးသားဖောက်စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

"ငါးတန် အထီး၊ အမကောင်ရေ တစ်သိန်းနှစ်သောင်းကို ပြုစုကန်တွေထဲမှာပြုစုပြီးတော့ သားဖောက်လုပ်ငန်းစတင်နေပါပြီ။ ခေတ်မီ ငါးသားဖောက်စက်ရုံနှစ်ရုံ တည်ဆောက်နေပါတယ်။ ဈေးကွက်ဝင် ငါးတန်ကို တစ်နှစ်မှာ ဆယ်လ သားဖောက်မှာပါ။ ပြည်တွင်းမှာ အတွေ့အကြုံရှိတဲ့ ပညာရှင်တွေက စက်ရုံတစ်ရုံမှာ ငါးသားဖောက်ပြီးတော့ ကျန်တဲ့ စက်ရုံတစ်ရုံမှာ နိုင်ငံခြားသားပညာရှင်တွေက နည်းပညာနဲ့အကျိုးတူ သားဖောက်မယ့်စက်ရုံဆိုပြီး ရှိပါမယ်။ သားဖောက်ထားတဲ့ ငါးတန်ကို ငါးကန်တွေမှာမွေးပြီး စက်ရုံက အစာကျွေးပြီးတော့ ဖော်ချိန်တန်ရင် ပြန်ဖော်ပြီး အအေးခန်းစက်ရုံတွေမှာ ပြုပြင်ထုတ်လုပ်ပြီးတဲ့အခါမှာ ကွန်တိန်နာယာဉ်နဲ့ သင်္ဘောဆိပ်ကိုပို့ဆောင်မှာပါ"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

ထိုဇုန်ကြီးတွင် ပင်မရေမြောင်းကြီးမှ ငါးကန်များအတွင်း ရေသွင်းနိုင်သော ရေမြောင်းလက်တက်ငယ်များနှင့် ငါးကန်များကို မိုးရာသီမရောက်မီ အချိန်မီ တူးဖော်လျက်ရှိပြီး အအေးခန်းဖြင့် ငါးပြုပြင်ထုတ်လုပ်သောစက်ရုံနှင့် အစာစက်ရုံတို့ကို ဘိုးပိုင်ရိုက်သောလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ မေလကုန်တွင် ပန္နက်တင်အခမ်းအနား ကျင်းပနိုင်ရန် မြန်ဆန်စွာလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါးကန်တစ်ကန်လျှင် သုံးဧကအကျယ်၊ အနက် ၁၆ ပေ ရှိ၍ တစ်ဧကလျှင် ငါးတန်သားပေါက်ကောင်ရေ တစ်သိန်းနှစ်သောင်းမွေးမြူမည်ဖြစ်ပြီး တစ်ကန်လျှင် ငါးဧကအကျယ်ထိ မွေးမြူနိုင်ရန် အချို့သောငါးကန်များကို တူးဖော်လျက်ရှိသည်။ ဈေးကွက်ဝင် ငါးတန်အပြင် ရေချိုပုစွန်နှင့် တီလားပီးယားစသည့် ပြည်ပဈေးကွက်ဝင် ရေထွက်ကုန်များကို မွေးမြူထုတ်လုပ်သွားမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေ ရရှိစေလျက် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာမည်ဖြစ်ရာ အလုပ်သမားများအတွက် ဈေးနှင့် စာသင်ကျောင်းကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ငါးတန်တင်ပို့မှုဖြင့် နိုင်ငံခြားဝင်ငွေ နှစ်စဉ်ရရှိလျက်ရှိပြီး နိုင်ငံ့စီးပွားရေးကို စိုက်ပျိုးရေးနှင့် မွေးမြူရေးမှ အထောက်အပံ့ကောင်းများ ရရှိစေလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ငါး၊ ကဏန်းနှင့် ပုစွန်တို့ကို တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မွေးမြူထုတ်လုပ်လျက်ရှိသော်လည်း ကြီးမားသော ငါးမွေးမြူထုတ်လုပ်မှုအထူးဇုန်တစ်ခုအနေဖြင့် ဤဇုန်တစ်ခုတည်းသာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၍ ရန်ကုန်မြို့နှင့် မိုင် ၇၀ ကျော်ဝေးကွာသော ပန်းတနော်မြို့နယ်ရှိ ငါးမွေးမြူထုတ်လုပ်မှု အထူးဇုန်ကြီး၌ ပြည်ပဝယ်လိုအားကောင်းသော ငါးတန်မျိုးစိတ်ကို ပြည်ပမှ မှာယူခြင်းထက် မြန်မာနိုင်ငံတွင် မွေးမြူထုတ်လုပ်နိုင်ရန် ခေတ်မီငါးသားဖောက်စက်ရုံကြီးနှစ်ရုံကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**

# ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းနှင့် နာနတ်တောလမ်းဆုံနေရာတွင် လူကူးခုံးကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေ

**ရန်ကုန် ဧပြီ ၁၉**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းနှင့် နာနတ်တောလမ်းဆုံနေရာတွင် လူကူးခုံးကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို မတ် ၁၃ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

အဆိုပါ လူကူးခုံးကျော်တံတား တည်ဆောက်သည့်နေရာသည် ဘုရင့်နောင်လမ်း၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ လှည်းတန်းလမ်း၊ နာနတ်တောလမ်းများဆုံရာနေရာဖြစ်ပြီး ယာဉ်သွားယာဉ်လာ ထူထပ်များပြားသော နေရာလည်းဖြစ်သည်။ လမ်းဆုံနှင့် မီးပွိုင့်ဧရိယာသည် ကျယ်ပြန့်သည့်အတွက် လမ်းကူးသူများ သတိထား၍ ခက်ခဲစွာ ကူးသန်းနေရသော နေရာတစ်ခုဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ တာဝန်ယူ၍ ယင်းနေရာတွင် စတုဂံပုံသဏ္ဌာန် လူကူးခုံးကျော်တံတား တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ တံတားတိုင်များ တည်ဆောက်နိုင်ရန်အတွက် မြေအောက်ဆက်သွယ်ရေးကြိုးများ ဖယ်ရှားခြင်း၊ ရေသန့်ဌာန၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ Traffic Control Center စသော သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ မြေပြင်အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူကူးခုံးကျော်တံတား၏ အရှည်မှာ ကြည့်မြင်တိုင်ကမ်းနားလမ်းပေါ်တွင် ၁၁၁ ပေ၊ ဘုရင့်နောင်လမ်းပေါ်တွင် ၁၂၂ ပေ၊ လှည်းတန်းလမ်းပေါ်တွင် ၈၈ ပေ၊ နာနတ်တောလမ်းပေါ်တွင် ၉၉ ပေဖြစ်ပြီး လှည်းတန်းလမ်းနှင့်အပြိုင်တံတားမှာ ၁၁၄ ပေ ရှိမည်ဖြစ်ကာ တံတားအကျယ်မှာ ၁၀ ပေဖြစ်ပြီး တံတားအမြင့်မှာ ခြောက်မီတာရှိကြောင်း သိရသည်။

အဆိုပါတံတားကို ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အပြီးတည်ဆောက်သွားရန် ခန့်မှန်းထားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

**ထင်ပေါ်ဝင်း**



လူကူးခုံးကျော်တံတား တည်ဆောက်မည့် ဘုရင့်နောင်လမ်းနှင့် နာနတ်တောလမ်းဆုံ မီးပွိုင့်နေရာကို တွေ့ရစဉ်။

# သမိုင်းဝင် ကော့ကသောင်လိုဏ်ဂူတော် နှစ်ကျိပ်ရှစ်ဆူဘုရား ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဘားအံ မေ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့၏ အရှေ့ဘက် ၁၂ ကီလိုမီတာအကွာ ဘားအံ-ကော့ကရိတ်-မြဝတီ ကားလမ်းမကြီးဘေးရှိ ကော့ကသောင်ကျေးရွာအမည်ကို အစွဲပြုခေါ်ဝေါ်သော သမိုင်းဝင် ကော့ကသောင်လိုဏ်ဂူတော်၏ နှစ်ကျိပ်ရှစ်ဆူဘုရားဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်မြန်မာနှစ်ဆန်း(၃)ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

ဘားအံမြို့မှ ကော့ကသောင်ဂူသို့ မော်တော်ယာဉ်ဖြင့် မိနစ် ၂၀ ခန့် သွားရပြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ကရင်၊ မြန်မာ ဇာတ်သဘင်ပွဲများ၊ ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ပတ်ဝန်းကျင်ကျေးရွာမှ ဒေသခံများသာမက ခရီးသွားဘုရားဖူးဧည့်သည်များ၊ နိုင်ငံခြားသားများနှင့် ရဟန်းရှင်လူများလည်း လာရောက်လည်ပတ်ဆင်နွှဲကြသည်ကို မြင်တွေ့ရသည်။

ဘားအံမြို့နယ် ထားဝယ်အောင်ကျေးရွာမှ ဦးသောင်းကြည်က "နှစ်စဉ်နှစ်တိုင်း ကော့ကသောင်ဘုရားပွဲကို လာဖြစ်တယ်။ ဒီနှစ်ကတော့ အရင်နှစ်တွေထက် ဘုရားပွဲကို လာရောက်တဲ့ ဘုရားဖူးဧည့်သည်တွေ ပိုများတယ်။ အရင်က ဘုရားပွဲကို ရွာတွေကနေ နွားလှည်းတွေနဲ့ လာရောက်ကြပြီး အခုတော့ ငြိမ်းချမ်းလာတာနဲ့အမျှ ခေတ်စနစ်ရဲ့တိုးတက်မှုနဲ့အတူ ကားတွေ၊ ဆိုင်ကယ်တွေ ယာဉ်အမျိုးမျိုးတွေနဲ့ ပျော်ပျော်ရွှင်ရွှင် လာရောက်ကြတာကို မြင်တွေ့ရမှာဖြစ်ပါတယ်"ဟု ပြောသည်။

ဗုဒ္ဓပူဇနိယပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးဧည့်သည်များအား စေတနာအကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံသကဲ့သို့ ပတ်ဝန်းကျင်ကျေးရွာများမှ စေတနာရှင်များကလည်း အင်ဖက်ဖြင့် ထုပ်ထားသည့် ထမင်းနှင့်ဟင်းထုပ်များ၊ သောက်ရေသန့်ဘူးများကို မိမိတို့ကျေးရွာများတွင် ထုပ်ပိုး၍ မော်တော်ယာဉ်ဖြင့် သယ်ဆောင်ကာ ပွဲတော်အတွင်း ဖြန့်ဝေပေးသည့် ချစ်စရာဓလေ့တစ်ခုကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။

လွန်းညကျေးရွာမှ ဒေါ်စံပယ်က "အဒေါ်တို့ ရွာသူ၊ ရွာသားတွေစုပြီး ထမင်းထုပ်နဲ့သောက်ရေ လာဝေပေးတာပါ။ သားသမီးတွေက လှူချင်တဲ့အတွက် အခုလို လာလှူဖြစ်တာပါ။ ထမင်းထုပ်ထဲမှာ ငါးပိကြော်၊ ဗာလချောင်ကြော်၊ ထမင်းနဲ့ ဘဲဥဟင်းတို့ ပါဝင်ပါတယ်။ ရှေးဘိုးဘွားတွေရဲ့ ဓလေ့အတိုင်း အင်ဖက်နဲ့ထုပ်ထားပြီး အင်ဖက်နံ့သင်းတဲ့ ထမင်းနဲ့ဟင်းကို စားစေချင်လို့ပါ။ ထမင်းထုပ် ၁၅၀ နဲ့ ရေသန့်ဘူးကတ် ၅၀၀ ယူဆောင်လာပါတယ်။ နောက်နှစ်တွေမှာလည်း လာရောက်လှူဒါန်းနိုင်အောင် ကြိုးစားသွားပါမယ်" ဟု ပြောသည်။



သမိုင်းဝင် ကော့ကသောင်လိုဏ်ဂူတော်၏ နှစ်ကျိပ်ရှစ်ဆူဘုရား ဗုဒ္ဓပူဇနိယပွဲတော်သို့ လာရောက်ကြသူများကို တွေ့ရစဉ်။

သမိုင်းဝင် ကော့ကသောင်လိုဏ်ဂူတော် နှစ်ကျိပ်ရှစ်ဆူဘုရား ဗုဒ္ဓပူဇနိယပွဲတော်သည် မဟာသင်္ကြန်ပွဲတော်ကိုလိုက်၍ နှစ်စဉ်မြန်မာနှစ်ဆန်း(၃) ရက်တွင် ကျင်းပလေ့ရှိပြီး လွန်းည၊ ဆဒ္ဒန်ဂူ၊ ရေတံခွန်၊ ကော့ဂွန်းဂူ၊ ရသေ့ပျံ အစရှိသည့် ဘားအံမြို့ပတ်ဝန်းကျင်မှ ဂူဘုရားများ၏ ဗုဒ္ဓပူဇနိယပွဲတော်များ ကျင်းပပြီးစီးမှသာ နောက်ဆုံးအနေဖြင့် ကျင်းပသည့် ဗုဒ္ဓပူဇနိယပွဲတော် ဖြစ်သည့်အတွက်လာရောက်ဆင်နွှဲသူ ပိုမိုများပြားစည်ကားကြောင်း ဂေါပကအဖွဲ့ဝင် ဦးစောခင်စိုးထံမှ သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ဓမ္မဒူတ လေးထပ်ကျောင်းဆောင်သစ်ကိုတွေ့ရစဉ်။

# ရွှေပြည်သာမြို့နယ်လုံးဆိုင်ရာ မဟာသံဃိကပူဇာသဘင်ပွဲတော်နှင့် ဓမ္မဒူတ လေးထပ်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာ ကျင်းပ

**ရန်ကုန် မေ ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၈)ရပ်ကွက် ယောမင်းကြီးလမ်းရှိ စာချစာသင် သံဃာတော်များ သီတင်းသုံးနေထိုင်တော်မူမည့် ဓမ္မဒူတ လေးထပ်ကျောင်းဆောင်တော်ကြီးအား ရေစက်ချမင်္ဂလာနှင့် တိပိဋကသုံးပုံအာဂုံဆောင် ဆရာတော် ၁၀ ပါး၊ တိပိဋကနှစ်ပုံ အာဂုံဆောင်ဆရာတော် နှစ်ပါး၊ ပင့်သံဃာအပါး ၁၀၀၀ တို့အား ယနေ့ နံနက် ၆ နာရီမှစ၍ မဟာသံဃိကပူဇာသဘင်ပွဲတော်ကြီး ညပိုင်း တရားပွဲကျင်းပပြီးဆုံးသည်ထိ တစ်ဆက်တစ်စပ်တည်း အဆိုပါ ကျောင်းတိုက်ပရဝဏ်အတွင်း (နွားဦးတိုက်ဆရာတော် )ဘဒ္ဒန္တ ဉာဏလင်္ကာရက ဦးဆောင်မတည်၍ ရွှေပြည်သာမြို့နယ်လုံးရှိ အလှူရှင်အပေါင်းတို့က ပူးပေါင်း၍ ကျင်းပခဲ့ကြသည်။

တက်ရောက်လာသည့် ပရိသတ် တစ်သောင်းကျော်ခန့်ကိုလည်း နံနက်ပိုင်းမှစတင်၍ စတုဒိသာဧည့်ခံကျွေးမွေးလှူဒါန်းခဲ့ကြသည်။ ညပိုင်းအစီအစဉ်တွင် တိပိဋကသုံးပုံအာဂုံဆောင် ဆရာတော် ၁၀ ပါး အထူးပူဇော်ပွဲနှင့် ယောဆရာတော်ကြီး၏ အထူးတရားပွဲကို ပြုလုပ်ခဲ့ရာတွင်လည်း တရားပွဲကြွရောက်သည့် သံဃာတစ်ပါးလျှင် သင်္ကန်းတစ်စုံစီ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**ဓာတ်ပုံ-မျိုးကြီး**

# ညောင်ဦးမြို့နယ်အတွင်းရှိ နွေရာသီ သောက်သုံးရေအခက်ကြုံနေသည့် ကျေးရွာနေပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**ညောင်ဦး မေ ၁၉**

ပူပြင်းခြောက်သွေ့သော နွေရာသီကာလများတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံ ကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသဖြင့် သုမင်္ဂလာ ပရဟိတရေလှူအသင်း နာယကဆရာတော် ဦးသုမင်္ဂလ ဦးဆောင်သော ပရဟိတရေလှူအသင်းအဖွဲ့ဝင်များက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာပရဟိတရေလှူအသင်း နာယကဆရာတော် အရှင်သာဂရ ဦးဆောင်သော ပရဟိတ ရေလှူအသင်းသားများနှင့် ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက ညောင်ဦးမြို့နယ် ဆင်လူးအိုင်ကျေးရွာ၊ ညောင်လှကျေးရွာနှင့် ကန်နီပေါက်ကျေးရွာတို့မှ ဒေသခံကျေးလက်နေပြည်သူများထံ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ နွေရာသီကာလ သောက်သုံးရေ အခက်ကြုံနေသည့် ကျေးလက်နေပြည်သူများထံ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးရာတွင် သုမင်္ဂလာ ပရဟိတရေလှူအသင်းနှင့် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာပရဟိတရေလှူအသင်းတို့မှ ဆရာတော် ဦးသုမင်္ဂလ ၊ ဆရာတော် အရှင်သာဂရတို့မှ ဦးဆောင်၍ ပရဟိတရေလှူအသင်းသားများအဖွဲ့က ညောင်ဦးမြို့နယ် ဆင်လူးအိုင်ကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၀၀၀၊ ညောင်လှကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၀၀၀ ၊ ကန်နီပေါက်ကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၀၀၀ စုစုပေါင်း ရေဂါလန် ၉၀၀၀ အား အိမ်ထောင်စုအလိုက် သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေး ရေသယ်ယာဉ်များဖြင့် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ ရာသီဥတု အပူချိန်မြင့်တက်လာမှုနှင့်အတူ ကျေးလက်နေပြည်သူများ သောက်သုံးရေ ရှားပါးမှု အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရပြီး ယခုလို သောက်သုံးရေရှားပါးသည့်အချိန်တွင် ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် သုမင်္ဂလာ ပရဟိတရေလှူအသင်းနှင့် ဖြူစင်မေတ္တာ ပရဟိတရေလှူအသင်းတို့က ရေသယ်ယာဉ်များဖြင့် ကျေးရွာအရောက် စဉ်ဆက်မပြတ် လှူဒါန်းပေးလျက်ရှိကြောင်း ညောင်ဦးမြို့နယ် ညောင်လှကျေးရွာမှ ဒေသခံပြည်သူတစ်ဦးထံမှ သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**



သောက်သုံးရေအခက်အခဲကြုံတွေ့နေသည့် ကျေးရွာတစ်ရွာတွင် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးနေစဉ်။

# ငါ့သရောက်မြို့၌ ကျော်စံရာစေတီတော်ကြီးအား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူ

**ငါ့သရောက် ဧပြီ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့ ကုလားတဲကျေးရွာ ဇေယျာဘုံသာ ကျောင်းအတွင်း ကျော်စံရာစေတီတော်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပွဲကို ယနေ့ နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။



ငါ့သရောက်မြို့ ကျော်စံရာစေတီတော်ကြီး ရွှေထီးတော် တင်လှူပူဇော်စဉ်။

အခမ်းအနားတွင် ကုလားတဲ မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တ ပဏ္ဍဝထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် ဆရာတော်သံဃာတော်ကြီးများထံမှ မေတ္တာသုတ်ပရိတ်တရားတော်နာယူကြကာ ကုလားတဲကျေးရွာ တောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တထေလာဝံသထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှအတန်း ပေးဝေသည်။ ထို့နောက် ဆရာတော်ကြီးများနှင့် တပည့် ဒါယကာ ဒါယိကာမများက ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား ပန်းရထားဖြင့် ပင့်ဆောင်တော်မူသည်။

ဆက်လက်၍ အရံစေတီ ရှစ်ဆူ၏ ထီးတော်နှင့် စိန်ဖူးတော်များအား ဒါယကာ ဒါယိကာမများက ပင့်ဆောင်ကာ ထီးတော် ကပ်လှူတင်လှူတော်မူကြသည်။

သံဃာတော် အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်တော်မူကြကာ ရွှေမိုး ငွေမိုးရွာသွန်းပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# အင်းစိန်မြို့နယ် ဗုဒ္ဓ ဓမ္မ စာပေဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်၊ သာသနာ့ဇောတိကာရုံ (ကွင်းကျောင်း)ဆရာတော်ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ်မြောက် ဗုဒ္ဓ ဓမ္မ စာပေဟောပြောပွဲကို မဟာသင်္ကြန်ကာလအတွင်း အဆိုပါကျောင်းတိုက် ဓမ္မာရုံ၌ လေးညတိုင် ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် သာသနာ့ဇောတိကာရုံ(ကွင်းကျောင်း) ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇောတိဿာရ က သြဝါဒစကား မိန့်ကြားတော်မူပြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်း အင်းစိန်မြို့နယ်ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က ဗုဒ္ဓ ဓမ္မ စာပေ ဟောပြောမည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို မိတ်ဆက်လျှောက်ထား တင်ပြခဲ့သည်။

အကြိုနေ့တွင် လှမိုးနိုင်၊ မောင်မောင်ဇင်(အင်းစိန်)နှင့် မော်ကျွန်းရဲခိုင်၊ သင်္ကြန်အကျနေ့တွင် စိန်ညိုမင်း(ထန်းတပင်)၊ ခင်နွဲ့မူ(အင်းစိန်)နှင့် တော်မြင့်(ငှက်ဖျား)၊ သင်္ကြန်အကြတ်နေ့တွင် ဝင်းနွယ်(ပုသိမ်)၊ သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)နှင့် ဒါရိုက်တာ ဘုန်းဝေ၊ သင်္ကြန်အတက်နေ့တွင် ဦးဇောတိက(ဦးစိန်လင်း - မိုးကောင်း)၊ မော်ကျွန်းရဲခိုင်နှင့် ဒေါက်တာဗိုလ်သံမဏိ - တောင်တွင်းကြီးတို့က ဗုဒ္ဓ ဓမ္မ စာပေနှင့် ပတ်သက်၍ ဟောပြောခဲ့ကြရာ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များ၊ သာသနာ့အကျိုးတော်ဆောင်များ၊ ယောဂီများ၊ ဓမ္မမိတ်ဆွေများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်လင်း**

# သမိုင်းဝင် ပေါ်ကြိုဘုရားကြီးပရိဝုဏ်အတွင်းရှိ ရွှေဟောင်းလျောင်းတော်မူစေတီတော် ဌာပနာသွင်းမင်္ဂလာ ကျင်းပ

**သီပေါ ဧပြီ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ မိလိန္ဒ အရှင်သူမြတ်အား အမှူးထား၍ ပေါ်ကြို ဂေါပကအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် သမိုင်းဝင် ပေါ်ကြိုဘုရားကြီး ပရိဝုဏ်အတွင်းရှိ ရွှေဟောင်းလျောင်းတော်မူ ရုပ်ပွားတော်အဆောင်ထက်တွင် တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူစေတီတော်အား ဌာပနာသွင်း လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်က အဆိုပါ ဘုရားကြီးဝင်း၌ ကျင်းပသည်။ **(ဓါတ်ပုံ)**



ရှေးဦးစွာ စေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်၌ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်နှင့် ၂၄ ပစ္စည်း မဟာပဋ္ဌာန်းတော်မြတ်များ ရွတ်ဖတ်သရဇ္ဈာယ်၍ လည်းကောင်း၊ အောင်စည်အောင်မောင်းများ တီးခတ်ပူဇော်၍လည်းကောင်း၊ သံဃာတော်များနှင့် ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့်နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက စေတီတော် အထွတ်ရှိ ဌာပနာသွင်း အောင်မြင်မှုအတွက် ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တန့်ယန်းမြို့နယ်၌ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသပေးမည်

**တန့်ယန်း ဧပြီ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကုသလ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က ဦးဆောင်ဦးရွက်ပြုလျက် ဒေသခံတိုင်းရင်းသားပြည်သူ မျက်စိဝေဒနာရှင်များအား လူမျိုးမရွေး၊ ဘာသာမရွေး မျက်စိစမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်းကို ဧပြီ ၂၃ ရက်မှ ၂၅ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ မျက်စိစမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာန၏ ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်မှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်မျိုးဝင်း ဦးဆောင်သည့် (မျက်စိကုသရေးအဖွဲ့)က လာရောက်စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသဆောင်ရွက်ပေးမည်ဖြစ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိ ဌာနဆိုင်ရာများ၊ အမှတ်(၃)တပ်မတော်ဆေးရုံ(ခုတင်-၂၅)မှ ဆေးရုံအုပ်ကြီးနှင့် အရာရှိများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ဆရာမများ၊ အသင်းအဖွဲ့များ၊ ပရဟိတ လူငယ် အကျိုးဆောင်အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြမည်ဖြစ်သည်။

မျက်စိကုသပေးခြင်းများကို အမှတ်(၁၀)ရပ်ကွက်ရှိ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်ကြီး၌ ဧပြီ ၂၃ ရက်မှ ၂၅ ရက်အထိ စမ်းသပ်၊ စစ်ဆေး ကုသပေးမည်ဖြစ်ပြီး ခွဲစိတ်ကုသပေးရန် လိုအပ်သည့် မျက်စိဝေဒနာရှင် မိဘပြည်သူများအား အမှတ်(၃) တပ်မတော်ဆေးရုံ(ခုတင်-၂၅)တွင် ဆက်လက်၍ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# အလုံမြို့နယ်တွင် အသက် (၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

**ရန်ကုန် ဧပြီ ၁၉**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားနာယူခြင်းနှင့် အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကို ယနေ့ နံနက်က အလုံမြို့နယ် ဌာနာရပ်ကွက်ရှိ အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဦးပဏ္ဍဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ကြွရောက်လာသော သံဃာတော်များထံမှ အန္တရာယ်ကင်းပရိတ်တရားများကို နာယူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဦးကုဏ္ဍလ(အောင်မင်္ဂလာ)ကျောင်းတိုက်ထံမှ ရေစက်ချ အနုမောဒနာတရားနာယူကာ ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မြို့နယ်ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဦးက ဦးဆောင်ပြီး ကြွရောက်လာသူများနှင့်အတူ သက်ကြီးဘိုးဘွားများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လှူဒါန်းမှုပစ္စည်းများ ပေးအပ်ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# (၃၇)ကြိမ်မြောက် ဇီဝိတဒါန ဘေးမဲ့ပေးမည့် နွားများအား မြို့တွင်းသို့ လှည့်လည်ပြသ

**မုံရွာ ဧပြီ ၁၉**

ချမ်းသာကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၃၇)ကြိမ်မြောက် ဇီဝိတဒါန နွားဘေးမဲ့ပွဲတော်တွင် အသက်ကယ်တင်ရရှိသော နွားများကို အလှူရှင်များ ကုသိုလ်ယူနိုင်ရန်အတွက် ယနေ့ နံနက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလယ်ရပ်ကွက်ရှိ ချမ်းသာကြီး မြတ်စွာဘုရားကြီးမှ မုံရွာမြို့တွင်းသို့ လှည့်လည်ပြသခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ကျင်းပသည့် (၃၇) ကြိမ်မြောက် နွားဘေးမဲ့ပွဲတော်တွင် ချမ်းသာကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့ ဦးစီးပြီး မုံရွာမြို့နယ်နှင့် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းသည့် ငွေကျပ် ၁၂၈ သိန်းဖြင့် ကယ်တင်ရရှိသည့် နွားအကောင် ၂၀ နှင့် တစ်ဦးချင်း လာရောက်လှူဒါန်းသည့် နွား ၂၅ ကောင် စုစုပေါင်း ၄၅ ကောင်ကို မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာ ဘေးမဲ့ခြံသို့ ဧပြီ ၂၄ ရက်တွင် ပို့ဆောင်ပေးသွားမည်ဖြစ်သည်။

(၃၆)ကြိမ်မြောက်တွင် နွားအကောင်ရေ ၃၀ ကို မန္တလေးမြို့ တောင်စလင်းတိုက် ဘဒ္ဒန္တတိက္ခ ဦးစီးဖွင့်လှစ်သည့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာ ဘေးမဲ့ခြံသို့လည်းကောင်း ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ကယ်တင်ရရှိသော နွားများကိုလည်း ယင်းဘေးမဲ့ခြံသို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



ဘေးမဲ့ပေးမည့် နွားများအား လှည့်လည်ပြသစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁၉**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# မောင်တော-အငူမော်ကားလမ်း၌ AA အဖွဲ့က မိုင်းထောင်၊ အများပြည်သူ အန္တရာယ်မဖြစ်စေရေးအတွက် တပ်မတော်သားများက ဖော်ထုတ်ဖောက်ခွဲရှင်းလင်း

**နေပြည်တော် ဧပြီ ၁၉**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့ အငူမော်ကျေးရွာ အနီး မောင်တော-အငူမော် ကားလမ်း၌ AA အဖွဲ့ ထောင်ထားသည့် ရီမုမိုင်း လေးလုံးကို ဧပြီ ၁၈ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်လုံခြုံရေးစစ်ကြောင်း များက ရှာဖွေဖော်ထုတ်တွေ့ရှိသဖြင့် အများပြည်သူ အန္တရာယ်မဖြစ်စေရေးအတွက် ဖောက်ခွဲရှင်းလင်း ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ တပ်မတော်လုံခြုံရေး စစ်ကြောင်း များက အငူမော်ကျေးရွာအနီး ပတ်ဝန်းကျင်တစ်ဝိုက် ၌ နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် မွန်းလွဲ ၃ နာရီ မိနစ် ၄၀ ခန့် တွင် အငူမော်ကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၅၀၀ ခန့်အကွာ မောင်တော-အငူမော် ကားလမ်းဘေး၌ AA အဖွဲ့ မိုင်းထောင်ထားသည် ကို တွေ့ရှိခဲ့ရပြီး ဖော်ထုတ်ရှင်းလင်း သက်မဲ့ပြုလုပ် ရန် ခက်ခဲသဖြင့် စနစ်တကျ ဖောက်ခွဲဖျက်ဆီး ရှင်းလင်းခဲ့သည်။

AA အဖွဲ့သည် အများပြည်သူ အသုံးပြုသွား လာလျက်ရှိသည့် ကားလမ်းများပေါ်တွင် ခရီးသွား ပြည်သူများ ထိတ်လန့်အန္တရာယ်ဖြစ်စေရန်၊ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ အုပ်ချုပ်မှုယာဉ်များနှင့် လှုပ်ရှားမှု များကို မိုင်းခွဲတိုက်ခိုက်ရန် ရည်ရွယ်လျက် မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ယနေ့အချိန်အထိ ရန်ကုန်-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီး အပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ ကားလမ်းများပေါ်တွင် မိုင်းထောင်ခဲ့သည့် အကြိမ် ၁၂ ကြိမ်ရှိပြီး မိုင်း ၃၉ လုံးအား တပ်မတော်လုံခြုံရေးစစ်ကြောင်းများက ဖော်ထုတ်ဖောက်ခွဲ ဖျက်ဆီးနိုင်ခဲ့ကြောင်းနှင့် လုံခြုံ ရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် မိုင်း အန္တရာယ်မရှိစေရေး လိုအပ်သည်များ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ် ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**




# တောင်တွင်းကြီးမြို့နယ်၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**တောင်တွင်းကြီး ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ လေဘေးသင့် များအတွက် ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လေဘေးသင့်၍ အမိုးလန်ပျက်စီးခဲ့သော အိမ်ထောင်စု ၂၀၃ စု အတွက် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးနှင့် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ပြိုကျပျက်စီးခဲ့သော အိမ်ထောင်စု ရှစ်စု အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးနှင့် ငွေကျပ် တစ်သိန်း နှုန်း ထောက်ပံ့ပေးအပ်ခဲ့ပြီး စုစုပေါင်း ထောက်ပံ့ငွေကျပ် ၇၂၄၀၀၀၀ ဖြစ်ကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ်တွင် ဧပြီ ၁၇ ရက် ညက လေပြင်း တိုက်ခတ်မှုကြောင့် ကျေးရွာ ၁၅ ရွာမှ နေအိမ် ရှစ်လုံး ပြိုကျ ပျက်စီးခြင်း၊ အရံစေတီနှစ်ဆူ ပြိုကျခြင်း၊ စာသင်ကျောင်း နှစ်ကျောင်း၊ ကျန်းမာရေး အဆောက်အအုံ တစ်ခု၊ ဘုန်းကြီး ကျောင်း သုံးကျောင်း၊ လူနေအိမ် ၂၀၃ လုံး၊ နွားတင်းကုပ် နှစ်လုံး၊ စာကြည့်တိုက်တစ်လုံး အမိုးလန် ပျက်စီးခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

# မကွေး၊ ပဲခူး၊ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

### မကွေး

လေဘေးကြောင့် နေအိမ်ထိခိုက်ပျက်စီးခဲ့သည့် ဘေးသင့် ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ သက်ဆိုင်ရာ ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများက ဘေးသင့်နေရာများသို့ အမြန်ဆုံးသွားရောက်ထောက်ပံ့ပေး လျက်ရှိရာ ပစ္စည်းနှင့် ငွေသားစုစုပေါင်း ငွေကျပ်သိန်း ၃၂၀ ကျော် ထောက်ပံ့ပြီးဖြစ်ကြောင်းနှင့် ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧပြီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် မကွေးတိုင်းဒေသကြီး အတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း များ ဖြစ်ပွားခဲ့ရာ မင်းတုန်း၊ ဆင်ပေါင်ဝဲ၊ မကွေး၊ တောင်တွင်း ကြီး၊ ပေါက်၊ ဂန့်ဂေါနှင့် မြိုင်မြို့နယ်တို့တွင် နေအိမ် ၂၆ လုံး ပြိုကျခဲ့ပြီး နေအိမ် ၅၃၀ ကျော်ခန့်နှင့် ဘာသာရေး အဆောက်အအုံ ၁၃ လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း၊ အလားတူ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်၊ ဆားလင်းကြီး၊ ပုလဲ၊ အရာတော်နှင့် မုံရွာမြို့နယ်တို့တွင် နေအိမ် ၁၅ လုံး ပြိုကျခဲ့ပြီး နေအိမ်အလုံး ၄၀၀ ခန့်နှင့် ဘာသာရေးအဆောက်အအုံ ခြောက်လုံး ထိခိုက်ပျက်စီးခဲ့ကြောင်းနှင့် ရှမ်းပြည်နယ် ပင်လောင်းနှင့် ဆီဆိုင်မြို့နယ်တို့တွင် နေအိမ် အလုံး ၆၀ ခန့်နှင့် ဘာသာရေးအဆောက်အအုံ နှစ်လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ပြည်သူလူထုအနေဖြင့် ယခုကဲ့သို့ နွေရာသီကာလ မတ်လ နှင့် ဧပြီလများအတွင်း နေ့အပူချိန်များ တစ်ဖြည်းဖြည်းမြင့်တက် လာရာမှ လေပြင်းများတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသီးကြွေခြင်းတို့ ဖြစ်ပွား တတ်သဖြင့် အထူးသတိပြုနေထိုင်ကြရန်နှင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း လည်း သိရသည်။

**(မြန်မာ့အလင်း)**

### နေပြည်တော်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် တွင် ဧပြီ ၁၇ ရက်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်း နှင့် ထောက်ပံ့ငွေများကို ယနေ့ မွန်းလွဲ ၃ နာရီမှစတင်၍ သပြေစမ်းကျေးရွာနှင့် ဖြုတ်ခွဲကျေးရွာဓမ္မာရုံတို့တွင် ပေးအပ် ခဲ့သည်။

သပြေစမ်းကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ် ၂၄ လုံးအတွက် ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာ ထောက်ပံ့ငွေ၊ အိမ်ဆောက်စရိတ်၊ ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုးနှင့် နေပြည်တော်ကောင်စီမှ တစ်အိမ်ထောင်လျှင် ကျပ်နှစ်သောင်း နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၄၈၀၀၀၀ ကိုလည်းကောင်း၊ ဖြုတ်ခွဲ ကျေးရွာအုပ်စုမှ နေအိမ် ၁၂ လုံး၊ ညောင်လူးကျေးရွာမှ နေအိမ် နှစ်လုံးနှင့် ထုံးဘိုကျေးရွာမှ နေအိမ်တစ်လုံး စုစုပေါင်းနေအိမ် ၁၅ လုံးအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာထောက်ပံ့ငွေ၊ အိမ်ဆောက်စရိတ်၊ ကယ်ဆယ်ရေး ပစ္စည်း ၁၁ မျိုးနှင့် နေပြည်တော်ကောင်စီမှ တစ်အိမ်ထောင် လျှင် ကျပ် နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀ ကို ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်း၊ ဥတ္တရခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးဝေဝင်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကျော်အောင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပေးအပ် ခဲ့ကြသည်။

ပုဗ္ဗသီရိမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေ အိမ် ၃၉ လုံးနှင့် ဓာတ်တိုင် သုံးတိုင် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အရာတော်

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ဝါးတန်းကျေးရွာ မုံရွာ-ရွှေဘိုသွား ကားလမ်း မိုင်တိုင်အမှတ် ၁၅ နှင့် ၁၆ ကြား တွင် ဧပြီ ၁၈ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးတိုင်များ၊ သစ်ပင်များပြိုလဲခဲ့ပြီး လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သဖြင့် အဆိုပါနေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲလွင် ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များက ကျေးရွာနေ ပြည်သူများနှင့် ပူးပေါင်း၍ လမ်းပေါ်တွင် ပိတ်ဆို့နေသည့် လမ်းမီးတိုင်များနှင့် သစ်ပင် များအား ခုတ်ထွင်ရှင်းလင်း ဖယ်ရှားပေးခဲ့ကြောင်း သိရ သည်။

**ရဲပြန်ကြား**

### ယင်းမာပင်

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီး မြို့နယ်၌ ဧပြီ ၁၈ ရက် ညနေ ၆ နာရီက လေပြင်းတိုတ်ခတ် မှုကြောင့် ကျေးရွာ ကိုးရွာခန့်က လူနေအိမ်များ ပျက်စီးပြိုကျ မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုတ်ခတ်မှုကြောင့် လက်ပန်တောင်း ကျေးရွာ၌ လျှပ်စစ်မီးတိုင် ခြောက်တိုင်ကျိုးကျခြင်း၊ ရွှေစည်းခုံဘုရားဝင်းအတွင်းမှ ဘုံခုနစ်ဆင့် ပြာသာဒ်ဆောင် ထီးတော်ပြုတ်ကျခြင်း၊ အထက်တန်းကျောင်းဝင်းအတွင်းမှ စာသင်ဆောင် ၊ နားနေဆောင်၊ ဝန်ထမ်းအိမ်ရာနှင့်ဆေးခန်း၊ ဘုန်းကြီးကျောင်းများ အမိုးလန်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

အလားတူ ဝဲကြီး ဝဲကွဲကျေးရွာများ၌ လူနေအိမ် ၄၄ လုံး ပြိုကျပျက်စီးခြင်းနှင့် ရွာသစ်ကုန်းလေး (ခ) ရွာသစ်ကျေးရွာ၌ လူနေအိမ် ၅၀ ခန့် ကြက်ခြံ သုံးခြံ၊ ငှက်ပျောခြံ သုံးခြံတို့ ပြိုကျပျက်စီးသွားကြောင်း သိရသည်။ တုံကျေးရွာအုပ်စုမှ တုံရွာသစ်၌ လူနေအိမ် ရှစ်လုံး၊ တုံရွာမ၌ လူနေအိမ် သုံးလုံးနှင့် ဆေးခန်း အမိုးလန်ပျက်စီးခြင်း၊ တုံအလယ်တော၌ လူနေအိမ် လေးလုံးတို့ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

### ဝက်လက်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကိုင်းရွာ ကျေးရွာတွင် ဧပြီ ၁၈ ရက် ညနေ ၇ နာရီခန့်က လေပြင်း တိုက်ခတ်မှုကြောင့် လူနေအိမ်အဆောက်အအုံများ ထိခိုက် ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့်ထိခိုက် နေအိမ် ၅၈ လုံး ပြိုကျ၊ နေအိမ် ခုနစ်လုံး၊ အခြားအဆောက်အအုံ လေးလုံး ထိခိုက်ပျက်စီးမှုများ ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်၍ ပျက်စီးမှုများအား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း၊ တိုင်းဒေသကြီး ၂ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းထွန်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်မောင်နှင့် ဝန်ထမ်းများ၊ ရွှေဘိုမြို့နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ကူညီရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုးစိုးလှိုင်(ဝက်လက်)**

### ပန်းတောင်း

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် ဧပြီ ၁၆ ရက် ညနေ ၄ နာရီခန့်က မိုးသက်လေပြင်းများ တိုက်ခတ်မှု ကြောင့် လူနေအိမ်အဆောက်အအုံများ အမိုးလန်ပျက်စီးမှု များ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်း ကျရောက်မှုကြောင့် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရတနာပုံရပ်ကွက်၌ နေအိမ် တစ်လုံး၊ ပြည်တော်သာရပ်ကွက်၌ နေအိမ် နှစ်လုံး၊ လဲအုပ်စု၌ နေအိမ်တစ်လုံး၊ မကြီးထုံးအုပ်စု၌ နေအိမ်ရှစ်လုံး၊ တောင်ဘို့ ကြီးအုပ်စု၌ နေအိမ် တစ်လုံး၊ လှည်းကူးအုပ်စု၌ နေအိမ် တစ်လုံး၊ ကျောက်ဖူးအုပ်စု၌ နေအိမ် ၁၁ လုံး၊ ဖရုံကားအုပ်စု၌ နေအိမ် ကိုးလုံး စုစုပေါင်း ရပ်ကွက်/ ကျေးရွာအုပ်စု ရှစ်ခု၏ လူနေအိမ် ၃၄ လုံးတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြစ်သား

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ဧပြီ ၁၈ ရက် ည ၈ နာရီမှ ၈ နာရီ ၄၅ မိနစ်အထိ မိုးရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ခဲ့ရာ သစ်ကိုင်းကျိုးခြင်း၊ ဓာတ်တိုင်ကျိုးခြင်းနှင့် ကျေးရွာ ခြောက်ရွာတို့၌ အိမ်များ အမိုးလန်ခြင်း၊ ပြိုကျခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ မိုးနှင့်လေပြင်းတို့ကြောင့် အနောက်သပြေသာ ရွာတွင် နေအိမ် ကိုးလုံး၊ အင်းရင်းကျေးရွာတွင် နေအိမ် နှစ်လုံး၊ ကျားတွင်းကျေးရွာတွင် နေအိမ် သုံးလုံး၊ မင်းလည်ကျေးရွာတွင် နေအိမ် ခြောက်လုံး အမိုးလန်ပျက်စီးကာ ကျွဲဆွဲကျေးရွာတွင် နေအိမ် နှစ်လုံး ပြိုကျပြီး ဝက်ထိန်းကျေးရွာတွင် စာသင် ကျောင်းတစ်ကျောင်း မျက်နှာကြက်ပြိုကျခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



အရာတော်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲသွားသော သစ်ပင်အား ဝိုင်းဝန်းရှင်းလင်းကြစဉ်။

# တာချီလိတ်နယ်စပ်မှ နိုင်ငံခြားသား ခရီးသွားများ မေ ၁၂ ရက်မှ ၁၈ ရက်အထိ ၂၁၁၆၂ ဦး ဝင်ရောက်လည်ပတ်

**တာချီလိတ် မေ ၁၉**

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ထိုင်းနိုင်ငံသား အများစုပါဝင်သည့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်လျက်ရှိရာ မေ ၁၂ ရက်မှ ၁၈ ရက်အထိ တစ်ပတ်အတွင်း နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်အဖြစ် စုစုပေါင်း ၂၁၁၆၂ ဦး ဝင်ရောက် လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံအတွင်း ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှ ရှုခင်းများနှင့် အထင်ကရနေရာများ၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာရန် ဝင်ရောက်လျက်ရှိရာ တစ်ပတ်အတွင်း တာချီလိတ်နေ့ချင်းပြန်အဖြစ် ထိုင်းနိုင်ငံသား ၁၉၂၇၈ ဦးနှင့် တတိယနိုင်ငံသား(နိုင်ငံခြားသား) ၃၂၇ ဦး၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့သို့ ထိုင်းနိုင်ငံသား အများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၁၅၄ ဦး၊ ပြည်တွင်းခရီးစဉ်သို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် ၁၀၇၆ ဦးဝင်ရောက် လည်ပတ်ခဲ့သည်။

တာချီလိတ် နယ်စပ်ဝင်ပေါက်မှ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၁၈ ရက်အထိ နေ့ချင်းပြန်နှင့် ညအိပ်ခရီးသည် ၃၃၆၁၉၇ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံမြို့ခရီးစဉ်တွင် ၄၆၉၂ ဦး၊ ဗီဇာဖြင့် တာချီလိတ်၊ ကျိုင်းတုံနှင့် ပြည်တွင်းခရီးစဉ်သို့ ၂၄၃၀၁ ဦး၊ စုစုပေါင်း နိုင်ငံခြားခရီးသွားဧည့်သည် ၃၆၅၁၉၀ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ **ဖြိုးလေး(တာချီလိတ်)**



တာချီလိတ်မြို့အတွင်း ကမ္ဘာလှည့်ခရီးသွားများ လှည့်လည်လေ့လာကြစဉ်။

# အာရှဘိလိယက်နှင့် စနူကာပြိုင်ပွဲသို့ မြန်မာကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၁၉**

အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် မေ ၂၇ ရက်မှ မေ ၃ ရက်အထိ ကျင်းပမည့် အာရှဘိလိယက်နှင့် U-21 စနူကာပြိုင်ပွဲသို့ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ အားကစားသမားများ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့ ဘိလိယက်သုံးယောက်နဲ့ စနူကာနှစ်ယောက် ဝင်ရောက်ယှဉ်ပြိုင်မယ်။ ၂၀၁၈ မတ်မှာ မြန်မာအိမ်ရှင်တုန်းက အာရှ U-21 စနူကာပြိုင်ပွဲမှာ အောင်ဖြိုးက ရွှေတံဆိပ်ရရှိခဲ့ပါတယ်။ ယခုပြိုင်ပွဲမှာ ဘိလိယက်မှာ ဆုတံဆိပ်မျှော်မှန်းထားသလို စနူကာမှာလည်း မျှော်မှန်းထားပါတယ်။ ကစားသမားတွေ သင်္ကြန်ပိတ်ရက်မရှိ လေ့ကျင့်မှုတွေ ပြုလုပ်ကြပါတယ်" ဟု မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အတွင်းရေးမှူး ဦးခင်မောင်ဦးက ပြောသည်။ အဆိုပါ ပြိုင်ပွဲတွင် ဘိလိယက် ကစားသမားများဖြစ်ကြသည့် နေသွေးဦး၊ ပေါက်စ၊ ချစ်ကိုကို၊ စနူကာပြိုင်ပွဲတွင် နေလင်းထွန်း၊ ရဲရင့်မှူးတို့ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံက ၂၀၁၈ နိုဝင်ဘာတွင် အိမ်ရှင်ကျင်းပခဲ့သည့် IBSF World Billiards & Snooker Championship ၂၀၁၈ ပြိုင်ပွဲ ဘိလိယက်ဗိုလ်လုပွဲတွင် နေသွေးဦးနှင့် ကမ္ဘာ့ချန်ပီယံအိန္ဒိယမှ Pankaj Advani ယှဉ်ပြိုင်ခဲ့ရာ ဒုတိယ (ငွေတံဆိပ်)၊ ရရှိပြီး ချစ်ကိုကိုမှာ ကွာတားဖိုင်နယ် အဆင့်ရောက်ရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့သည် မေ ၂၅ ရက်တွင် အိန္ဒိယနိုင်ငံသို့ ပြိုင်ပွဲဝင်ရန် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံတွင် မေ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် အာရှစနူကာပြိုင်ပွဲသို့ စနူကာကစားသမား အောင်ဖြိုးကလည်းကောင်း၊ ထိုင်းနိုင်ငံတွင် မေ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် စနူကာပြိုင်ပွဲသို့ စနူကာကစားသမားကိုထက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။ **အေကေလင်း**



၂၀၁၈ ခုနှစ် နိုဝင်ဘာက မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဘိလိယက်နှင့် စနူကာပြိုင်ပွဲ၏ ဘိလိယက်ပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သော နေသွေးဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - အာကာစိုး

❂ *ကျော်ဖုံးမှ*

ခြေစမ်းပွဲများယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မတ်လအတွင်းက ကစားခဲ့သည့် ခြေစမ်းပွဲနှစ်ပွဲကိုမူ ယာယီ နည်းပြချုပ်အဖြစ် ရန်ကုန်အသင်း နည်းပြချုပ် ဦးမျိုးမင်းထွန်းကို တာဝန်ပေး ကိုင်တွယ်စေခဲ့သည်။ မြန်မာ့လက်ရွေးစင် အသင်းသည် ယင်းခြေစမ်းပွဲများတွင် တရုတ်(တိုင်ပေ)အသင်းနှင့် ဂိုးမရှိသရေကျပြီး အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန်လတွင်လည်း အာရှ၊ အရှေ့တောင်အာရှနိုင်ငံများမှ လက်ရွေးစင်အသင်းများနှင့် ခြေစမ်းပွဲကစားရန် ဆောင်ရွက်လျက်ရှိသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၃ အာရှဖလားခြေစစ်ပွဲပွဲစဉ်များအနက် ပထမအဆင့်နှင့် ဒုတိယအဆင့်ကို ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့်အတူ ကျင်းပမည်ဖြစ်ပြီး တတိယအဆင့်မှသာ သီးခြားကျင်းပမည်ဖြစ်သည်။ ပထမ အဆင့်ခြေစစ်ပွဲကို ဇွန်လတွင် အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဒုတိယအဆင့်ကိုမူ အုပ်စုများခွဲကာယှဉ်ပြိုင်စေမည်ဖြစ်သည်။ မြန်မာအသင်းသည် အဆင့်သတ်မှတ်ချက် မြင့်မားခဲ့သောကြောင့် ဒုတိယအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။
**ညီမြတ်သော်တာ**



မြန်မာ့လက်ရွေးစင်အသင်း မတ်လက လေ့ကျင့်မှုပြုလုပ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

❍ *ကျော်ဖုံးမှ*

အုပ်စုဒုတိယနေ့ပွဲစဉ်များကို မေ ၂၀ ရက် (ယနေ့) နံနက် ၈ နာရီခွဲတွင် မြန်မာနှင့် ဗီယက်နမ်၊ ဟောင်ကောင်နှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယူ-၁၅ ပြိုင်ပွဲအုပ်စု ပထမနေ့ကို မြန်မာစံတော်ချိန် မွန်းလွဲပိုင်းက ကျင်းပရာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပွဲပြီးဆုံးအောင် ကစားနိုင်ခြင်းမရှိဘဲ ပွဲချိန် ၄၁ မိနစ်တွင် ရပ်နားခဲ့ရကာ ပွဲကို ရွှေ့ဆိုင်းခဲ့ရသည်။ ပွဲရပ်နားချိန်တွင် မြန်မာအသင်းက ဟောင်ကောင်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းက စင်ကာပူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရနေသည်။ ရွှေ့ဆိုင်းထားသည့် လက်ကျန်မိနစ်များကို မေ ၂၀ ရက် (ယနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး ပွဲရပ်နားချိန်က ပွဲရလဒ်နှင့် လူစာရင်းအတိုင်း ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မေ ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည့် ယူ-၁၅ ပြိုင်ပွဲအုပ်စုဒုတိယနေ့ပွဲများကို မေ ၂၁ ရက်သို့ ပြောင်းလဲကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# ယူအီးအက်ဖ်အေ ယူရိုပါလိဂ် အာဆင်နယ်နှင့် ချယ်လ်ဆီးအသင်းတို့ အကြိုဗိုလ်လုပွဲတက်ရောက်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ကွာတားဖိုင်နယ် ဒုတိယ အကျော့ပွဲစဉ်များကို မေ ၁၉ ရက် သောကြာနေ့ နံနက်ပိုင်း၌ ယှဉ်ပြိုင်ကစားခဲ့ကာ အီတလီမြေတွင် ယှဉ်ပြိုင်ခဲ့သည့် နာပိုလီနှင့် အာဆင်နယ်ပွဲတွင် အဝေးကွင်း၌ အာဆင်နယ်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနှစ်သင်းသည် အင်္ဂလန်မြေတွင် ပထမအကျော့ ယှဉ်ပြိုင်ခဲ့စဉ်က အိမ်ရှင် အာဆင်နယ်အသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး ယနေ့ပွဲတွင် အိမ်ရှင်နာပိုလီ အသင်းက ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး အာဆင်နယ်က ၃-၄-၁-၂ ပုံစံဖြင့် ပွဲထွက်လာသည်။ ပွဲစစချင်း အိမ်ရှင်နာပိုလီအသင်းသည် အိမ်ကွင်း ဂိုးရရှိရေး အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ခဲ့ပြီး အာဆင်နယ်အသင်းသည် တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ရသည်။ ပထမပိုင်း ပွဲချိန် ၃၆မိနစ်တွင် အာဆင်နယ်အသင်း ပြစ်ဒဏ်ဘော ရရှိခဲ့ကာ တိုက်စစ်မှူး လာကာဇက်တီက တိုက်ရိုက်ကန်သွင်းယူခဲ့သည်။ **(ယာပုံ)** နာပိုလီအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် တိုက်စစ်မြှင့်ကစားခဲ့ကာ အဆုံးသတ် မသေချာခဲ့သောကြောင့် ဂိုးမရရှိဘဲ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-ဂိုးမရှိဖြင့် ကွာတားဖိုင်နယ်အဆင့်၌သာ ကျနပ်ခဲ့ရသည်။ ယင်းပွဲတွင် အိမ်ရှင်နာပိုလီအသင်းသည် ဂိုးကန်သွင်းခွင့် အကြိမ် ၂၀ အထိရရှိခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှု နှစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် ဂိုးကန်သွင်းခွင့် ခုနစ်ကြိမ်ရရှိခဲ့ပြီး လေးကြိမ် ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။

ယူရိုပါလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ အခြားပွဲစဉ်ရလဒ်များအဖြစ် ချယ်လ်ဆီးက ဆလားဗီးယားပရက်ကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ ပေါင်းရလဒ် ငါးဂိုး-သုံးဂိုးဖြင့် နောက်တစ်ဆင့်တက်ရောက်ခဲ့သည်။ ဖရန့်ဖတ်က ဘင်ဖီကာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် တစ်ဖက်လေးဂိုးစီဖြင့် အဝေးကွင်းဂိုးစည်းမျဉ်းအရ ဖရန့်ဖတ်အသင်း နောက်တစ်ဆင့်သို့ တက်လှမ်းခဲ့သည်။ စပိန်ကလပ်နှစ်သင်းဖြစ်သော ဗလင်စီယာက နှစ်ဂိုး-ဂိုးမရှိဖြင့် ဗီလာရီးရဲကို အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် ဗလင်စီယာအသင်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲတွင် ဖရန့်ဖတ်နှင့် ချယ်လ်ဆီး၊ အာဆင်နယ်နှင့် ဗလင်စီယာတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပထမအကျော့ကို မေ ၃ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်မည်ဖြစ်ကာ ဒုတိယအကျော့ပွဲစဉ်များကို မေ ၁၀ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **သီဟ**



# စစ်တွေ၊ ပုသိမ်၊ မူဆယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့၌ မီးလောင်မှုဖြစ်ကာ အဆောက်အအုံအချို့ပျက်စီး



စစ်တွေမြို့၌ မီးလောင်မှုဖြစ်သည့် နေရာအား ဝိုင်းဝန်းမီးငြိမ်းသတ်ကြစဉ်။ ဓာတ်ပုံ - တင်ထွန်း (ပြန်/ဆက်)

**စစ်တွေ**

စစ်တွေမြို့ စက်ရုံစုရပ်ကွက် ကန်တော်ကြီးအကွက် မေယုလမ်းရှိ ကျော် KTV ဆိုင်၌ ယမန်နေ့ညသန်းခေါင်ကျော်က မီးလောင်မှုဖြစ်ကြောင်း စစ်တွေမြို့နယ် မီးသတ်ဦးစီးဌာနမှသိရသည်။

ဖြစ်စဉ်မှာ ဦးအောင်မြင့်ဇော်၏ ကျော် KTV ဆိုင် မီးဖိုခန်းရှိ မီးကြွင်းမီးကျန်မှုတစ်ဆင့် အနီးရှိဝါးထရံသို့ မီးကူးစက်လောင်ခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် သွပ်မိုး၊ ဝါးထရံကာ၊ ပျဉ်ခင်းအဆောက်အအုံတစ်လုံး၊ အနီးရှိ ဦးမောင်မြသန်းနှင့် ဦးထွန်းအောင်ကျော်တို့၏ နေအိမ်နှစ်လုံးအပေါ်ထပ်တို့ မီးလောင်ပျက်စီးခဲ့သည်။

မီးလောင်ရာသို့ ရခိုင်ပြည်နယ် ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်မီးသတ်တပ်ဖွဲ့မှူး၊ ပြည်နယ်ကြက်ခြေနီ တပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်၊ အုပ်ချုပ်မှုယာဉ် ၁၁ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးဘေးဒုက္ခသည်များအား နီးစပ်ရာဆွေမျိုးများထံတွင် ယာယီနေထိုင်လျက်ရှိကာ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးအောင်မြင့်ဇော်အား စစ်တွေမြို့ မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

**ပုသိမ်**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အမှတ် ၆ နယ်မြေ တဂေါင်းဘုရား ချာန်ချာန် (BaBy) စတိုးဆိုင်တွင် ဧပြီ ၁၈ ရက် ည ၈ နာရီကျော်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အိမ်ရှင်ဖြစ်သူ ဉာဏ်သူရထက်နှင့် သူငယ်ချင်း မင်းမင်းစိုးတို့သည် ချာန်ချာန်စတိုးဆိုင် အပေါ်ထပ်အိပ်ရာဘေးတွင် ဆေးလိပ်သောက်ပြီး ဆေးလိပ်မီးကိုပေါ့ဆစွာထားခဲ့ရာ အိပ်ရာမှတစ်ဆင့် မီးကူးစက်လောင်ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ည ၈ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ပုသိမ်နယ်မြေရဲစခန်းက မင်းမင်းစိုးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

**မူဆယ်**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်နှင့် (၁၀၅)မိုင် ကြားတွင် ဧပြီ ၁၉ ရက် နံနက် ၉ နာရီကျော်တွင် ဘုရားမီးပူဇော်ရာမှ မီးလောင်မှု ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၉ ရက် နံနက် ၉ နာရီကျော်က မူဆယ်နှင့်(၁၀၅)မိုင်ကြား ပြည်ထောင်စုလမ်းမကြီးဘေး အထက်တုန်ခန်ကျေးရွာနေ ဒေါ်ယွေ့ဆိုင်သည် နေအိမ်ရှိ ဘုရားမီးပူဇော်ရာမှ မီးလောင်ခြင်း ဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်ရာသို့ ခရိုင်နှင့် (၁၀၅) မိုင် မီးသတ်တပ်ဖွဲ့ဝင်များ၊ (၁၀၅) မိုင် ရဲကင်းမှူး ကျော်နိုင်နှင့် ရဲတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ငါးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီတွင် မီးထိန်းနိုင်ခဲ့ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

**မင်္ဂလာဒုံ**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးကားဝင်း၌ ဧပြီ ၁၈ ရက် ညနေ ၃ နာရီ ၁၄ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် ၁၆ စီး၊ ရေသယ်ယာဉ် ကိုးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၆ မိနစ်ခန့်အကြာ မီးငြိမ်းသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကားဝင်းရှိ ဦးဟန်ဝင်း၏ ထမင်းဆိုင် အပေါ်ထပ်၌ ခြင်ဆေးခွေ မီးထွန်းထားရာမှတစ်ဆင့် မီးလောင်မှုဖြစ်ကြောင်း သိရှိရသောကြောင့် ဦးဟန်ဝင်းအား မင်္ဂလာဒုံမြို့မရဲစခန်းက ဥပဒေနှင့်အညီအရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၂၀-၄-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ - “ ဓမ္မရိပ်မှာ ပွင့်သောပန်း ”
၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်တတိယတစ်နှစ်တာ “ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ”
၁၀း၃၀ - လုံမမှတ်စု (၈၃)
၁၀း၄၅ - ကဗျာရိပ်မြုံ “ ဘာအရုပ်လဲ”
၁၁း၃၅ - ချစ်စရာ့အရွယ်ကစားကြမယ်
၁၃း၀၀ - ဟိုတုန်းက...ကက်ဆက် ဇာတ်လမ်းများ “ ရွှေယောက်ဖလို့ မခေါ်နဲ့ ” ဝေယံမင်း၊ ဘလိတ်၊ အေးငြိမ်းဖြူ၊ မေဇင်ငြိမ်း (ဒါရိုက်တာ- သီတာလင်း)

**ညပိုင်း**

၁၅း၄၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Chinland FC Vs Yadan - arbon FC)
၁၈း၂၅ - Tasty Trip
၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ “ ချစ်ကြွေးမပြေ ” (အပိုင်း-၇၈)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက်တတိယတစ်နှစ်တာ
- (ပြည်ထောင်စုရာထူးဝန်အဖွဲ့) (စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန)
- " Myanmar National Symphony Orchestra With Japan Concert 2019 " (ပထမပိုင်း)

## ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းဆုံမီးပွိုင့်အနီး ယာဉ်တိုက်မှုဖြစ်

**ရန်ကုန် ဧပြီ ၁၉**

ရန်ကုန်မြို့ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းဆုံ မီးပွိုင့်အနီးတွင် ယနေ့မွန်းတည့် ၁၂ နာရီခန့်က ယာဉ်တိုက်မှုကြောင့် လူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ထားကြောင်း သိရသည်။



ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့် ကင်တာယာဉ်အားတွေ့ရစဉ်။ ဓာတ်ပုံ - ထိန်လင်း

ဆန်အိတ်များ တင်ဆောင်ကာ ဘုရင့်နောင်လမ်းအတိုင်း မောင်းနှင်လာသော ကင်တာအမျိုးအစား ယာဉ်အမှတ် YGN 7E------ သည် ကမာရွတ်မြို့နယ် ရဲစခန်းအနီးရှိ မီးပွိုင့်သို့ မရောက်မီ အရှိန်လွန်ကာ လူသွားလမ်း ပလက်ဖောင်းပေါ်ရှိ လူတစ်ဦးအား တိုက်မိခဲ့ခြင်း ဖြစ်သည်။ အဆိုပါယာဉ်သည် ပလက်ဖောင်း၊ ဓာတ်တိုင်နှင့် လူကိုတိုက်မိပြီးနောက် ကေကေထမင်းဆိုင်ကို ထပ်မံ ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အသက် ၆၀ ခန့်ရှိ အမျိုးသားတစ်ဦးအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသလျက်ရှိပြီး ယာဉ်မောင်းအား ကမာရွတ်မြို့နယ်ရဲစခန်းက အမှုဖွင့်ထိန်းသိမ်းထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ရေပူနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဧပြီ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅၉ စီး၊ သွင်းကုန် ၂၆၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် နှစ်စီး၊ သွင်းကုန် ၄၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၃၃၆ သန်း တန်ဖိုးရှိ Bolt and Nuts၊ အိမ်ရိုက်သံနှင့် 777 ဓာတ်ခဲများအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရားမဝင်သစ် တန် ၁၀၀ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၉**

မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် သစ်တောဝန်ထမ်းများ၊ ရှမ်းပြည်နယ်မြောက်ပိုင်း လက်ထောက်ညွှန်ကြားရေးမှူးနှင့် သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၅ ရက်က ဘန့်ဘွေးကျေးရွာ ရပ်ကွက်(၄) ရပ်ကွက်ရှေ့ ကော်ဖီခြံပိုင်ရှင်ဦးကိုလင်း၏ နေအိမ်ခြံဝင်းအတွင်းမှ တရားမဝင်ကျွန်း၊ တမလန်း၊ သစ်/ခွဲသား/ဓားရှွေ (၁၀၂ ဒသမ ၈၂၂) တန်နှင့် တရားမဝင်ပတ်လွှစက်လေးလုံးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ဧပြီ ၁၈ ရက်က ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများသည် ပန်းတောင်းမြို့နယ် ရပ်သာရွာ၏ ရှေ့မြောက်ဘက် (၂) မိုင် ခန့်အကွာမှ တရားမဝင် ကျွန်းခွဲသား (၆ ဒသမ ၂၁၅၆)တန် ပိုင်ရှင်မဲ့ဖမ်းဆီး ရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

## ပြည်မြို့ရှိ ကေတီဗွီဆိုင် မီးလောင်မှုဖြစ်

**ပြည် ဧပြီ ၁၉**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်နယ်မြေ သန္ဓေပင်ရပ်ကွက် နဝဒေးတံတားလမ်းရှိ ဆိုင်ပိုင်ရှင် ဦးမြင့်သိန်း ပိုင်ဆိုင်သော ရင်ခွင်ဦး ကေတီဗွီဆိုင်ရှိ အခန်းတစ်ခန်းအတွင်း အသုံးပြုသည့် လျှပ်စစ်ပစ္စည်းများ အပူရှိန်လွန်ကဲရာမှ ယနေ့ ညနေ ၆ နာရီခွဲက မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာသို့ မီးသတ်တပ်ဖွဲ့မှ စုစုပေါင်း မီးငြိမ်းသတ်ယာဉ် ၂၀ စီးနှင့်အတူ ရဲတပ်ဖွဲ့များက ပူးပေါင်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်ကြောင့် ဆိုင်ရှိ အခန်း သုံးခန်းအတွင်းရှိ လျှပ်စစ်ပစ္စည်းများ မီးလောင်ဆုံးရှုံးသွားကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်မန်နေဂျာ ကိုစောနေထူးကို ပြည်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**သူရအောင် (ပြည်)**

## ငပုတောမြို့နယ်၌ ကျောက်စည်ပိုင်းထဲရှိ ရေကိုသောက်ပြီးနောက် နွား ၁၁ ကောင်သေဆုံး

**ငပုတော ဧပြီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဖိုးညိုကုန်းကျေးရွာနေ ဒေါ်သန်းဝင်း၏ လယ်ကွင်းအတွင်းရှိ ရေတွင်းမှရေကို အဆိုပါကျေးရွာနေ ဦးတင်ထွန်းက ကျောက်စည်ပိုင်းထဲသို့ ခပ်ထည့်ခဲ့ပြီး ယင်းရေကို နွားများသောက်မိရာမှ ဦးတင်ထွန်း၊ ဒေါ်သန်းဝင်းနှင့် ဦးသန်းဝင်းတို့ ပိုင်ဆိုင်သော နွား ၁၁ ကောင်မှာ ယနေ့ နံနက် ၈ နာရီတွင် ရေတွင်းအနီး လဲကျသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နွားများသောက်သုံးရန် ခပ်ယူခဲ့သည့် ရေတွင်းမှာ မိုးရာသီမှအပ ကျန်အချိန်များတွင် အများပြည်သူအသုံးပြုနေသည့် ရေတွင်းဖြစ်ပြီး နွားများသေဆုံးမှုနှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကာ သေဆုံးသည့်နွားများ၏ အသားစနှင့် မစင်ကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **လှမင်းထွဋ်(ပြန်/ဆက်)**



ငပုတောမြို့နယ်၌ ရေသောက်ပြီးနောက် သေဆုံးသွားသော နွားတစ်ကောင်ကို တွေ့ရစဉ်။

# တရုတ်နိုင်ငံတွင် ဗီယက်နမ် ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်သွားမည်


ဗီယက်နမ်နိုင်ငံတွင် ခရီးသွားလုပ်ငန်းပွဲတော်ကျင်းပစဉ်။

**ဟနွိုင်း ဧပြီ ၁၉**
တရုတ်နိုင်ငံ ချန်တူး၊ ချုံချင့်နှင့် ဆန်းကျန့်စသည့် မြို့သုံးမြို့တွင် လာမည့် မေ ၁၅ ရက်မှ ၂၄ ရက်အထိ ဗီယက်နမ်ခရီးသွားလုပ်ငန်း တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်အမျိုးသား ကမ္ဘာလှည့်ခရီးသွား စီမံခန့်ခွဲရေးဌာနမှ သိရသည်။

အဆိုပါ ခရီးသွားလုပ်ငန်းတိုးမြှင့်ရေးတွင် ခရီးသွားလုပ်ငန်းမူဝါဒများ၊ ကမ္ဘာလှည့်ခရီးသွားအချက်အချာနေရာများနှင့် အနုပညာတင်ဆက်မှုများအား မိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းလုပ်ငန်းတိုးမြှင့်ရေးမှ တရုတ်ခရီးသွားကုမ္ပဏီများ၊ လေကြောင်းလိုင်းများနှင့် ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုအဖွဲ့အစည်းများ စသည့် လုပ်ငန်းပေါင်း ၃၀၀ ခန့် ပူးပေါင်းပါဝင်နိုင်ရန် ဆွဲဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ဗီယက်နမ်သတင်းဌာနက ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ လေကြောင်းခရီးစဉ်သွားလာမှုသည် အကြိမ်ရေများပြားခြင်း၊ ၎င်းတို့သည် ခရီးသွားလာရာတွင် အချိန်တိုတောင်းခြင်းနှင့် ကုန်ကျစရိတ် နည်းပါးခြင်းတို့ကြောင့် နောင်အနာဂတ်တွင် တရုတ်နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ ခရီးသွားများ တိုးတက်မြင့်မားလာနိုင်ကြောင်း ခန့်မှန်းရသည်ဟုလည်း ဖော်ပြထားသည်။

ယခုလက်ရှိတွင် ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ပျံသန်းနေသော လေကြောင်းလိုင်း ၁၀ လိုင်းကျော်သည် တရုတ်နိုင်ငံ၏ မြို့ပေါင်း ၂၀ နှင့် ဗီယက်နမ် ပြည်တွင်းဒေသများတွင်လည်း လေကြောင်းလိုင်း ၃၀ တို့ဖြင့် တစ်ပတ်လျှင် ခရီးစဉ်ပေါင်း ၅၀၀ ကျော် ပျံသန်းလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ပထမသုံးလပတ်ကာလအတွင်း နိုင်ငံတကာမှ ခရီးသွားဧည့်သည်ပေါင်း ၄ ဒသမ ၅သန်း ဝင်ရောက်ခဲ့ပြီး ယခင်နှစ်ထက် ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အထူးအနေဖြင့် တရုတ်နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားဦးရေသည် နိုင်ငံတကာ ခရီးသွားဦးရေထက်ပိုမိုများပြီး ရာခိုင်နှုန်းအနေဖြင့် ၁ ဒသမ ၃သန်းရှိကြောင်း ဗီယက်နမ်အမျိုးသား ကမ္ဘာလှည့် ခရီးသွား စီမံခန့်ခွဲရေးဌာနမှ သိရသည်။

**ဆင်ဟွာ**

## ပါကစ္စတန်နှင့် ကုန်သွယ်မှုပြုလုပ်နေသည့် ကက်ရှ်မီးယား နယ်စပ်ကုန်သွယ်ရေးကို အိန္ဒိယဘက်မှ ရပ်ဆိုင်း

**နယူးဒေလီ ဧပြီ ၁၉**
ပါကစ္စတန်နှင့် အငြင်းပွားနေသည့် ကက်ရှ်မီးယားနယ်စပ်တွင် ကုန်သွယ်မှုကို အိန္ဒိယဘက်မှရပ်ဆိုင်းထားကြောင်း သိရသည်။ အဆိုပါ လမ်းကြောင်းတစ်လျှောက် လက်နက်နှင့် မူးယစ်ဆေးများ မှောင်ခိုသယ်ဆောင်ခြင်းတို့ ပြုလုပ်သည်ဟု စွပ်စွဲထားပြီး နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နှစ်နိုင်ငံကြား တင်းမာမှုများ မြင့်တက်ခဲ့ပြီးနောက် ယခုလို ကုန်သွယ်မှုလမ်းကြောင်းကို ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ဖေဖော်ဝါရီလမှစကာ အသေခံတိုက်ခိုက်မှုကြောင့် အိန္ဒိယဘက်မှ လူပေါင်း ၄၀ ခန့် သေဆုံးပြီးနောက် ကက်ရှ်မီးယားဒေသမှာ မတည်မငြိမ် ဖြစ်ခဲ့ရသည်။ အိန္ဒိယ-ပါကစ္စတန်ဆက်ဆံရေးမှာ ချောက်ကမ်းပါးအတွင်း ကျလုနီးနီး အခြေအနေ ဖြစ်ခဲ့သည်။ ဧပြီ ၁၈ ရက်တွင် အိန္ဒိယနိုင်ငံ အစိုးရသည် ကုန်သွယ်ရေး နယ်စပ်ကိုပိတ်ထားကြောင်း၊ နယ်စပ်တွင် တရားမဝင်လက်နက်များ မှောင်ခိုသယ်ဆောင်ခြင်း၊ မူးယစ်ဆေးဝါးများ သယ်ဆောင်ခြင်းနှင့် ငွေကြေးအတုများ သယ်ဆောင် လာခြင်းတို့ဖြင့် နယ်စပ်လမ်းကြောင်းကို အလွဲအသုံးပြုနေကြကြောင်း ပြောသည်။

အဆိုပါနေရာတွင်တင်းကျပ်သည့် စစ်ဆေးမှုများ မပြုလုပ်သေးမီအချိန်အထိ ကုန်သွယ်မှုကို ရပ်ဆိုင်းထားဦးမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောသည်။ နယ်စပ်ကုန်သွယ်မှုစနစ်မှာ ပစ္စည်းများ လဲလှယ်သည့် စနစ်အပေါ်အခြေခံပြီး ကုန်သည်များသည် ငရုတ်သီး၊ ဆီးသီး၊ သရက်သီး၊ သစ်သီးခြောက် အစရှိသည်တို့ဖြင့် ကုန်သွယ်မှုပြုကြကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## မက္ကဆီကိုနိုင်ငံတွင် ဆေးခြောက်များတင်ဆောင်ထားသည့် စွန့်ပစ်လေယာဉ်ငယ်တစ်စင်းတွေ့ရှိ

**မက္ကဆီကို ဧပြီ ၁၉**
မက္ကဆီကိုနိုင်ငံ၏ အနောက်မြောက်ပိုင်းရှိ ဆီနာလိုအာပြည်နယ်တွင် ဆေးခြောက် ၄၂၉ ကီလိုဂရမ် တင်ဆောင်ထားသည့် စွန့်ပစ်လေယာဉ်ငယ်တစ်စင်းကို မက္ကဆီကို အာဏာပိုင်များက သိမ်းဆည်းရမိထားကြောင်း ရှေ့နေချုပ်ရုံးက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါလေယာဉ်ငယ်အား ရဲတပ်ဖွဲ့ဝင်များနှင့် စစ်သားများသည် ဆီနာလိုအာပြည်နယ်မြောက်ပိုင်း ကမ်းရိုးတန်းရှိ ဘာတူရီမြို့နှင့် ပလေရာကိုလိုရာဒါမြို့ကြားတွင် ကင်းလှည့်စစ်ဆေးနေစဉ်အတွင်း အန်ဂိုစတူရာကမ်းခြေတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု သိရသည်။


မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိစဉ်။

ရှေ့နေချုပ်ရုံးမှ ထုတ်ပြန်သော ဓာတ်ပုံများအရ ယင်းစွန့်ပစ်လေယာဉ်ငယ်ကို ရှုပ်ပွည်စ်ပတ်နေသည့် ကွင်းပြင်ကြီးတစ်ခုထဲတွင် လျှို့ဝှက်စွာ ဖောက်လုပ်ထားသည်ဟုယူဆရသည့် လေယာဉ်ပြေးလမ်းများထဲမှ ပြေးလမ်းတစ်ခုပေါ်တွင် ရဲအရာရှိများက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်တာဝန်ရှိသူများက ဆေးခြောက် ၄၂၉ ကီလိုဂရမ် ထည့်ထားသည့် အထုပ်ပေါင်း ၄၇ ထုပ်ကို တင်ဆောင်ထားသော အဆိုပါ စွန့်ပစ်လေယာဉ်နှင့် ပတ်သက်ပြီး ဥပဒေကြောင်းအရ စုံစမ်းစစ်ဆေးရန် အမှုဖွင့်ထားသည်ဟု ရှေ့နေချုပ်ရုံးက ပြောသည်။ မူးယစ်ဆေးဝါး မှောင်ခိုသမားများသည် ရွှေတြိဂံဒေသဟု လူသိများသော တောင်ထူထပ်သည့် ဆီနာလိုအာ၊ ချီဟွာဟွာနှင့် ဒူရမ်ဂိုပြည်နယ်များတွင် ယင်းကဲ့သို့ လေယာဉ်ငယ်များကို အသုံးပြုကာ မူးယစ်ဆေးဝါးများ မှောင်ခိုသယ်ဆောင်နေကြသည်ဟု မက္ကဆီကို အာဏာပိုင်များက ယခင်က ပြောကြားခဲ့ဖူးကြောင်း သိရသည်။

**ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်မိန်းကလေးငယ်တစ်ဦး မီးရှို့အသတ်ခံရ

**ဒါကာ ဧပြီ ၁၉**
ဘင်္ဂလားဒေ့ရှ်ကျောင်းသူတစ်ဦးသည် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်းခံရသည်ဟု ၎င်း၏ဆရာဖြစ်သူအား သွားရောက်တိုင်တန်းပြီးသည့်နောက် ဆရာဖြစ်သူ၏ အမိန့်ဖြင့် မသေမချင်း မီးရှို့သတ်ခံခဲ့ရကြောင်း သိရသည်။

အသက် ၁၉ နှစ်အရွယ် နူဆရတ်ဂျဟန်ရာဖီ သေဆုံးမှုကြောင့် လွန်ခဲ့သည့်သီတင်းပတ်အတွင်း တောင်အာရှတစ်လွှားကန့်ကွက်ဆန္ဒပြမှုများ ပေါ်ပေါက်လာခဲ့ရသည်။ ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း ထိုကိစ္စတွင် ပါဝင်ခဲ့သူအားလုံးကို တရားစွဲဆိုသွားမည်ဟု ကတိပြုပြောကြားခဲ့သည်။ ရာဖီကို လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခဲ့သူက ကျောင်း၏ ခေါင်မိုးပေါ်သို့ ခေါ်ဆောင်ပြီး ရဲစခန်းတွင် အမှုဖွင့်ထားသည်ကို ပိတ်ပေးရန် တောင်းဆိုခဲ့သည်။ ရာဖီက ငြင်းဆိုခဲ့သည့်အတွက် ရေနံဆီလောင်းကာ မီးရှို့သတ်ခဲ့ခြင်းဖြစ်သည်။

ဧပြီ ၁၉ ရက်တွင် ရာဖီအသတ်ခံရမှုနှင့် ဆက်စပ်သည့် လူ ၁၇ ဦးကို ရဲများက ဖမ်းဆီးခဲ့ပြီး ဖမ်းဆီးခံရသူများထဲတွင် ကျောင်းအုပ်ဆရာကြီးကိုလည်း ကျောင်းသူမိန်းကလေးအား မီးရှို့ရန် အမိန့်ပေးခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခဲ့ကြောင်းသိရသည်။

အဆိုပါဆရာသည် ရာဖီအား အမှုရုပ်သိမ်းပေးစေရေး ဖိအားပေးရန် ကျူးလွန်သူများအား ပြောကြားခဲ့ပြီး ရာဖီက လက်မခံခဲ့လျှင် သတ်ပစ်ရန် ပြောကြားခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်က အေအက်ဖ်ပီသို့ ပြောသည်။

ရာဖီသည် မတ်လနှောင်းပိုင်းတွင် ရဲစခန်းသို့သွားကာ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရမှုအတွက် အမှုဖွင့်ခဲ့သည်။ အဖမ်းခံရသူများထဲတွင် ရာဖီ၏အတန်းဖော် သုံးဦးလည်း ပါဝင်ကြောင်း၊ ၎င်းတို့သုံးဦးသည် ရာဖီကို မီးမရှို့မီ ချုပ်နှောင်ပေးခဲ့ကြသူများဖြစ်ကြောင်း သိရသည်။ ရာဖီ၏ ခန္ဓာကိုယ်တွင် ၈၀ ရာခိုင်နှုန်းခန့် မီးလောင်သွားခဲ့ပြီး ဧပြီ ၁၀ ရက်တွင် ဆေးရုံပေါ်၌ သေဆုံးသွားခဲ့သည်။

၎င်းမသေဆုံးမီ ဗီဒီယိုဖြင့် မှတ်တမ်းတင်ခဲ့ပြီး ယင်းဗီဒီယိုထဲတွင် ၎င်းကိုတိုက်ခိုက်ခဲ့သူများ၏ အမည်ကို ထုတ်ပြောခဲ့ပြီး ကျောင်းအုပ်ဆရာကို အကြိမ်ကြိမ် စွပ်စွဲသွားခဲ့သည်။ ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာကလည်း ကျူးလွန်သူများအားလုံးကို တရားဥပဒေအတိုင်း အရေးယူသွားမည်ဟု ကတိပြုပြောကြားခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



အသတ်ခံရသူ မိန်းကလေးအတွက် ဆန္ဒပြနေကြသူများကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်သမ္မတ ထရမ့် မေလနှောင်းပိုင်းတွင် ဂျပန်သို့သွားမည်

**တိုကျို ဧပြီ ၁၉**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် မေလနှောင်းပိုင်းတွင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်ကြောင်း ဂျပန်အစိုးရက ဧပြီ ၁၉ ရက်တွင် ပြောသည်။ ထရမ့်သည် မေ ၂၅ ရက်မှ ၂၈ ရက်အထိ ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ဂျပန်အိမ်ရှေ့စံ မင်းသား နာရူဟီတိုနှင့် တွေ့ဆုံမည်ဖြစ်ရာ မင်းသားနာရူဟီတို ထီးနန်းဆက်ခံပြီး ပထမဆုံး တွေ့ဆုံမည့် နိုင်ငံခြားခေါင်းဆောင် ဖြစ်လာမည်ဟု ဂျပန်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဂျပန်နိုင်ငံသည် သမ္မတထရမ့်နှင့် ဇနီးဖြစ်သူတို့ကို နိုင်ငံတော်အဆင့် ဧည့်သည်တော်အဖြစ် ဖိတ်ကြားခြင်းဖြစ်သည်။ တစ်နှစ်ခွဲတာကာလအတွင်း သမ္မတထရမ့်အနေဖြင့် ဂျပန်နိုင်ငံသို့ ပထမဦးဆုံးအကြိမ် သွားရောက်ခြင်းဖြစ်ရာ ဂျပန်နိုင်ငံတွင် နေထိုင်စဉ်ကာလအတွင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံ ဆွေးနွေးသွားမည်ဟု အစိုးရအရာရှိများက ပြောသည်။

ထိုသို့ တွေ့ဆုံစဉ် လုံခြုံရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို အဓိက ဆွေးနွေးကြမည်ဖြစ်သည်။ အမေရိကန်သမ္မတထရမ့်သည် ဧကရာဇ်အသစ်၏ ညစာစားပွဲ အခမ်းအနားကိုလည်း တက်ရောက်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

### သီရိလင်္ကာနိုင်ငံ အမျိုးသားဥယျာဉ်အတွင်း ကျားသစ်တိုက်ခိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

**ကိုလံဘို ဧပြီ ၁၉**

သီရိလင်္ကာနိုင်ငံရှိ ကူမာနာ အမျိုးသားဥယျာဉ်အတွင်း ဧပြီ ၁၈ ရက်က အလုပ်သမားတစ်စုကို ကျားသစ်တစ်ကောင်က ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အတွက် လူတစ်ဦးပြင်းထန်စွာဒဏ်ရာရရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့ကြောင်း ဒေသတွင်း မီဒီယာများကပြောသည်။

လမ်းပြင်ဆင်ရေး လုပ်ငန်းများ လုပ်ကိုင်မှုအပြီး သစ်ပင်အောက်တွင် ထိုင်နေသော အမျိုးသားများကို ကျားသစ်က ဝင်ရောက်တိုက်ခိုက်ခဲ့သည့်အတွက် ယခုလိုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။ အဆိုပါကျားသစ်သည် အမျိုးသားတစ်ဦးကိုတောတွင်းသို့ ဆွဲသွားခဲ့ပြီး ကျန်တစ်ဦးမှာဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ သဘာဝတောရိုင်း တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးမှ ညွှန်ကြားရေးမှူးက ကယ်ဆယ်ရေးအဖွဲ့ကို တောအတွင်း စေလွှတ်ခဲ့သည့်အတွက် သေဆုံးသူ၏ အလောင်းကို ပြန်ရခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ရဲဝံ့စွန့်စားသူများအား ဂုဏ်ပြုသည့်ပွဲ

**ခြူးစန္ဒီနွေး**

**ပြင်သစ်နိုင်ငံ ပါရီမြို့က ကမ္ဘာကျော် နိုထရီဒိန်းဘုရားကျောင်းကြီး မီးလောင်ပျက်စီးသွားခဲ့တဲ့အတွက် ကမ္ဘာအနှံ့ကလူတွေ စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ နှစ်ပေါင်း ၈၅၀ကျော် သက်တမ်းရှိပြီး ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်တစ်ခုဖြစ်တဲ့အတွက်လည်း အားလုံးက နှမြောတသ ဖြစ်ခဲ့ကြရပါတယ်။**



ပြင်သစ် ရှေးဟောင်းသမိုင်းဝင်ဘုရားကျောင်းကြီး မီးငြိမ်းသတ်မှုတွင် ပါဝင်သော ဂုဏ်ပြုခံရသည့် မီးသတ်သမားများကို တွေ့ရစဉ်။

**စံပြအဖြစ် ဂုဏ်ပြု**

အခုအခါမှာတော့ ဘုရားကျောင်းကြီးကို မီးငြိမ်းသတ်နိုင်ဖို့ ကြိုးစားခဲ့ကြတဲ့ မီးသတ်သမားရာပေါင်းများစွာကို ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က စံပြပုဂ္ဂိုလ်များအဖြစ် ဂုဏ်ပြုခဲ့တယ်လို့ သိရပါတယ်။ မီးအကြီးအကျယ် လောင်ကျွမ်းနေတဲ့ကြားက မီးသတ်သမားတွေရဲ့ ကြိုးပမ်းမှုကြောင့် မီးငြိမ်းသတ်နိုင်ခဲ့ပါတယ်။ ဘုရားကျောင်းစတင်မီးလောင်ခဲ့တဲ့ ဧပြီ ၁၅ ရက် ညမှာ မီးသတ်သမားပေါင်း ၆၀၀ ခန့်ဟာ ပါရီမြို့ရဲ့အထိမ်းအမှတ်တစ်ခုဖြစ်တဲ့ ဒီဘုရားကျောင်းကြီးကို မီးငြိမ်းသတ်နိုင်ဖို့ အစွမ်းကုန် ကြိုးစားခဲ့ကြပါတယ်။ မီးသတ်သမားတွေရဲ့အားထုတ်မှုကြောင့် အဆိုးရွားဆုံးရင်ဆိုင်ရမယ့် ဘေးအန္တရာယ်တစ်ခုကနေ ကာကွယ်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ဘုရားကျောင်း အမိုးသုံးပုံနှစ်ပုံခန့်ဟာ မီးကြောင့်ပျက်စီးသွားခဲ့ပါတယ်။

**ဆက်လက်စောင့်ကြည့်**

မီးငြိမ်းသွားပြီဖြစ်ပေမယ့် မီးသတ်သမားပေါင်း ၆၀ ခန့်ကတော့ နိုထရီဒိန်းဘုရားကျောင်းကြီးအတွင်းမှာ ဆက်လက်နေရာယူထားကြဆဲပါပဲ။ နောက်ထပ်မီးလန့်မှုတွေ ထပ်မဖြစ်အောင် သေချာအောင် စောင့်ကြည့်တဲ့အနေနဲ့ ဆက်လက်ကျန်ရှိနေခဲ့တာလည်း ဖြစ်ပါတယ်။ ပြင်သစ်ယဉ်ကျေးမှုဝန်ကြီးကတော့ ဘုရားကျောင်းအမိုး ပျက်စီးသွားတဲ့အတွက် ကျန်ရှိနေတဲ့ မျက်နှာကြက်မှာ ပြိုကျနိုင်ပြီး အန္တရာယ်ရှိလာနိုင်တယ်လို့လည်း သတိပေးထားပါတယ်။

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ကတော့ မီးသတ်သမား ၂၅၀ ခန့်ကို ပြင်သစ်သမ္မတနန်းတော်ကိုခေါ်ယူခဲ့ပြီး ဂုဏ်ပြုပေးခဲ့ရာမှာတော့ "မင်းတို့တွေအားလုံးကို ပြင်သစ်နိုင်ငံ တစ်နိုင်ငံတည်းကတင် စောင့်ကြည့်နေတာ မဟုတ်ပါဘူး။ ကမ္ဘာကပါ စောင့်ကြည့်နေတာပါ။ မင်းတို့အားလုံးဟာ စံပြပုဂ္ဂိုလ်တွေပါပဲ"လို့ ပြောခဲ့ပါတယ်။ "မီးသတ်သမားတွေရဲ့ ရဲဝံ့စွန့်စားမှု၊ ချစ်ခင်မြတ်နိုးတန်ဖိုးထားမှုတို့ကို လေးစားသောအားဖြင့်လည်း ပြင်သစ်နိုင်ငံရဲ့ ရွှေတံဆိပ်ဆုကိုလည်း ချီးမြှင့်သွားမှာဖြစ်တယ်" လို့ပြင်သစ်သမ္မတက ပြောပါတယ်။

**ချီးကျူးဂုဏ်ပြု**

ပါရီမြို့တော်ဝန် အန်းဟတ်ဒိုဂိုက မီးသတ်သမားတွေကိုဂုဏ်ပြုခဲ့ပါတယ်။ ဒါ့အပြင် သက်တမ်းနှစ် ၈၅၀ ရှိပြီဖြစ်တဲ့ ဗိသုကာလက်ရာတွေကို ကူညီရွှေ့ပြောင်းပေးခဲ့တဲ့ လူတွေအားလုံးကိုလည်း ပါရီခန်းမအပြင်ဘက်မှာ ချီးကျူးဂုဏ်ပြုပွဲ လုပ်ပေးခဲ့ပါတယ်။ "အနုပညာလက်ရာတွေ မီးထဲပါမသွားအောင်ကြိုးစားနိုင်ခဲ့တာဟာ ကျွန်မတို့အားလုံးကို ကယ်တင်လိုက်တာပါပဲ"လို့ ပါရီမြို့တော်ဝန်က ပြောပါတယ်။ အဲဒီနောက်မှာတော့ မီးသတ်သမားတွေကို လူထုကချီးကျူးသြဘာ ပေးခဲ့ကြပါတယ်။

"မီးလောင်မှုဖြစ်ပွားခဲ့တဲ့နေ့က ညပိုင်း ၉ နာရီခွဲလောက်မှာဆိုရင် မြောက်ဘက်ခေါင်းလောင်းမျှော်စင်ဘက်မှာ မီးတွေလောင်နေပြီး အပူချိန်ဟာလည်း ၈၀၀ ဒီဂရီအထိရှိခဲ့ပါတယ်"လို့ ပြည်ထဲရေးဝန်ကြီး ဖရစ္စတိုဖာကတ်စတန်နာက ပြောပါတယ်။ "နောက်ထပ်အချိန် ထပ်စောင့်ရင်လည်း ဘုရားကျောင်းမျက်နှာစာနဲ့ မျှော်စင်တို့ ပြိုကျသွားနိုင်ပါတယ်။ ဒီလိုမျိုး အခက်အခဲတွေကြားထဲက မီးသတ်သမားတွေဟာ စွန့်လွှတ်စွန့်စားပြီး နိုထရီဒိန်းကို ကယ်တင်ခဲ့ကြပါတယ်"လို့ သူက ဆက်ပြောပါတယ်။

**အဆိုးဆုံးကလွတ်မြောက်**

မီးလောင်ပြီး သုံးရက်အကြာမှာတော့ အဆောက်အအုံရဲ့အစိတ်အပိုင်းအချို့မီးလောင်ပြီး ပြိုကျလာမယ့်အရေး စိုးရိမ်ဖွယ်ရာ ရှိနေသေးတယ်ဆိုပြီး ယဉ်ကျေးမှုဝန်ကြီးဖရန့်ခ် ရီစတာက ပြောပါတယ်။ တောင်ဘက်ခေါင်းလောင်း မျှော်စင်ဘက်မှာ ပြိုကျမယ့် အန္တရာယ်ရှိနေပြီး တကယ်လို့များ ပြိုကျခဲ့မယ်ဆိုရင် အောက်မှာရှိတဲ့အရာတွေ ပျက်စီးသွားနိုင်ပါတယ်။ ဒါကြောင့် အောက်မှာရှိတဲ့ ပစ္စည်းတွေကို အရင်ရွှေ့ပြီးမှ ပြင်ဆင်မှုတွေ လုပ်ဆောင်ရလိမ့်မယ်လို့ ယဉ်ကျေးမှုဝန်ကြီးက ပြောပါတယ်။ "မီးသတ်တပ်ဖွဲ့ရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် အဆိုးဆုံးအန္တရာယ်ကနေ ကျော်လွှားနိုင်ခဲ့တာဖြစ်လို့ ကျေးဇူးတင်ပါတယ်"လို့ သူက ဆက်ပြောပါတယ်။

**ပြန်လည်ပြုပြင်ရေးဆွေးနွေး**

သမ္မတမက်ခရွန်ကတော့ ဘုရားကျောင်းကြီးကို ငါးနှစ်အတွင်း ပြန်လည်ပြုပြင်သွားဖို့အတွက် ဆွေးနွေးနေပါပြီ။ ပြန်လည်ပြင်ဆင် မွမ်းမံရေးအတွက် ဆောင်ရွက်ရာမှာတော့ အထူးကိုယ်စားလှယ်အဖြစ် ဂျင်းလူးဝစ်ဂျော့လင်းကို သမ္မတမက်ခရွန်က ရွေးချယ်ခဲ့ပါတယ်။ သမ္မတဟာ ဒီလုပ်ငန်းကို ငါးနှစ်အတွင်း အပြီးဆောင်ရွက်သွားဖို့ ဆုံးဖြတ်ထားပါတယ်။ ဒီရည်မှန်းချက်အတိုင်း ပြည့်မြောက်ဖို့အတွက် လူတိုင်းပါဝင်ကူညီပေးကြဖို့လည်း ဂျော့လင်းက ပြောပါတယ်။

ပြန်လည်တည်ဆောက်ရေးအတွက် သမ္မတက အချိန်ကာလကို ငါးနှစ်လို့ သတ်မှတ်ခဲ့တဲ့အပေါ် အချို့သော ပညာရှင်တွေက ယုံကြည်မှုလွန်ကဲလွန်းတယ်လို့ ပြောကြပါတယ်။ မက်ခရွန်ရဲ့ နိုင်ငံရေးအတိုက်အခံတွေကလည်း ၂၀၂၄ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲအမီ ပြန်လည်ပြုပြင်နိုင်ဖို့အရေး အလောတကြီး လုပ်ဆောင်နေတာ ဖြစ်တယ်လို့ စွပ်စွဲကြပါတယ်။ ၂၀၂၄ ခုနှစ်အတွက် အိုလံပစ်အားကစားပြိုင်ပွဲကို ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

**စုံစမ်းစစ်ဆေး**

ပြင်သစ်ယဉ်ကျေးမှုဝန်ကြီးကတော့ သမ္မတ သတ်မှတ်ပေးထားတဲ့အချိန်အတိုင်း ပြင်ဆင်သွားနိုင်အောင် အကောင်အထည်ဖော်သွားမှာ ဖြစ်တယ်လို့ပြောပါတယ်။ မီးလောင်ရတဲ့အကြောင်းရင်းကိုသိရဖို့ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်နေပြီး ဘုရားရှိခိုးကျောင်းမျှော်စင်ကို မွမ်းမံရေးလုပ်နေတဲ့ အလုပ်သမားတွေကို မေးမြန်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ မျှော်စင်ကို မွမ်းမံရေးလုပ်နေတဲ့လုပ်ငန်းကြောင့် မီးစတင်လောင်ရတာဆိုတဲ့ စွပ်စွဲချက်လည်းထွက်ပေါ်နေပါတယ်။

**အလှူငွေများထည့်ဝင်**

ပြန်လည် ပြုပြင်ရေးလုပ်ငန်းတွေအတွက် အလှူငွေတွေကိုတော့ ပြင်သစ်နိုင်ငံ ကုမ္ပဏီကြီးတွေသာမက Apple နဲ့ ဝေါ့ဒစ္စနေးလ်တို့ကပါ ကူညီကြမယ်လို့ သိရပါတယ်။ ပြင်ဆင်ရေးလုပ်ငန်းအတွက် ယူရိုသန်း ၈၅၀ ကုန်ကျမယ်လို့ သိရပါတယ်။ ဒါပေမယ့် ပြင်သစ်နိုင်ငံမှာ လူနေမှုဘဝဆိုင်ရာ အခက်အခဲတွေ ရှိနေတဲ့အချိန် အခုလိုငွေတွေ လျင်လျင်မြန်မြန်ကြီး ရလာတာဟာ အငြင်းပွားစရာဖြစ်နေပါတယ်။ ယခင်ရုရှားနိုင်ငံဆိုင်ရာနှင့် ဗာတီကန်ဆိုင်ရာ ပြင်သစ်သံအမတ်ကြီး တန်းနစ်လာ့စ်ဒီလော့ဗလီက အပြည်ပြည်ဆိုင်ရာမှ အကူအညီများ ရရှိရေးအတွက် ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်သွားမယ်လို့ သံတမန်သတင်း အရင်းအမြစ်က သိရပါတယ်။

ပြင်သစ်နိုင်ငံမှာ လတ်တလော အဝါရောင်အင်္ကျီဝတ်ဆန္ဒပြမှုတွေလည်း ဖြစ်ပေါ်နေတဲ့အတွက် နိုထရီဒိန်းဘုရားကျောင်း ပတ်ဝန်းကျင်မှာတော့ အဝါရောင်အင်္ကျီဝတ် ကန့်ကွက်ဆန္ဒပြသူတွေကို တားဆီးသွားမယ်လို့ ပါရီရဲတပ်ဖွဲ့က ပြောပါတယ်။

ပြင်သစ်နိုင်ငံမှာ လူ့အသိုင်းအဝိုင်းအတွင်း မညီမျှမှုများအတွက် ကန့်ကွက်ဆန္ဒပြမှုတွေပြုလုပ်နေရာ လာမယ့်စနေနေ့မှာတော့ ၂၃ ပတ်မြောက် ဆက်တိုက်လှုပ်ရှားမှုအဖြစ် ကန့်ကွက်ဆန္ဒပြပွဲ ပြုလုပ်မှာဖြစ်တဲ့အတွက် ဘုရားကျောင်းပတ်ဝန်းကျင်မှာတော့ ဖြတ်သန်းသွားလာခွင့် ပြုလုပ်မှာ မဟုတ်ဘူးလို့ ပါရီရဲများက ပြောပါတယ်။

**အကောင်အထည်ဖော်ရန်အသင့်**

ဘုရားကျောင်းမီးငြိမ်းသတ်ရာမှာ ပါဝင်ခဲ့ကြတဲ့ မီးသတ်သမားတွေကို အထူးဂုဏ်ပြုပေးတဲ့ လုပ်ရပ်ဟာလည်း ကြည်နူးဖွယ်ကောင်းလှပါတယ်။ ပြင်သစ်သမ္မတမက်ခရွန်ကတော့ သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ လူတိုင်းလူတိုင်းဟာ မင်းတို့ရဲ့အားထုတ်မှုကို မေ့သွားမှာ မဟုတ်ပါဘူးလို့ ရေးသားခဲ့ပါတယ်။ ပြင်သစ်သမ္မတဟာ သူ့အပေါ်မှာ ဝေဖန်မှုတွေများနေပေမယ့် ငါးနှစ်အတွင်း ဘုရားကျောင်းကို အပြီးပြုပြင်သွားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုတော့ အကောင်းဆုံး အကောင်အထည်ဖော်သွားဖို့ကလည်း အသင့်ပါပဲ။ ။

**ကိုးကား -အေအက်ဖ်ပီ၊ နယူးယောက်တိုင်းမ်**

**"ပြန်လည်တည်ဆောက်ရေးအတွက် သမ္မတက အချိန်ကာလကို ငါးနှစ်လို့ သတ်မှတ်ခဲ့တဲ့အပေါ် အချို့သောပညာရှင်တွေက ယုံကြည်မှု လွန်ကဲလွန်းတယ်လို့ ပြောကြပါတယ်။ မက်ခရွန်ရဲ့ နိုင်ငံရေးအတိုက်အခံတွေကလည်း ၂၀၂၄ ခုနှစ် အိုလံပစ် အားကစားပြိုင်ပွဲအမီ ပြန်လည်ပြုပြင်နိုင်ဖို့အရေး အလောတကြီး လုပ်ဆောင်နေတာဖြစ်တယ်လို့ စွပ်စွဲကြ"**

# အစိမ်းရောင်စီးပွားရေးလုပ်ငန်း(သို့မဟုတ်) ဆွာတောရွာ လူထုအခြေပြုခရီးသွားလုပ်ငန်း

ချမ်းသာ (မိတ္ထီလာ)

**မိတ္ထီလာမြို့နယ် ဆွာတောကျေးရွာနေ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် လူထုအခြေပြုခရီးသွားလုပ်ငန်းကို အက်ရှင်အေ့ဒ်မြန်မာ(မိတ္ထီလာ)က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လူထုအခြေပြု ခရီးသွားလုပ်ငန်းကို ၂၀၁၈ ဒီဇင်ဘာတွင် စမ်းသပ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ဇန်နဝါရီတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မတ် ၂၈ ရက်အထိ ခရီးစဉ်ခြောက်ကြိမ် အကောင်အထည်ဖော်နိုင်ခဲ့ပြီး နိုင်ငံခြားခရီးသွားဧည့်သည် စုစုပေါင်း ၇၃ ဦး လာရောက်လည်ပတ်ခဲ့ပြီးဖြစ်သည်။**

လာရောက်လေ့လာလည်ပတ်သည့် နိုင်ငံခြားခရီးသွား ဧည့်သည်များထဲတွင် အိန္ဒိယ၊ တရုတ်၊ ကမ္ဘောဒီးယား၊ အင်္ဂလန်၊ အမေရိကန်၊ ဒိန်းမတ်၊ အီတလီ၊ ဩစတြေးလျ၊ နယ်သာလန်နိုင်ငံတို့မှ နိုင်ငံခြားခရီးသွားဧည့်သည်များ ပါဝင်သည်။

နိုင်ငံခြားခရီးသွား ဧည့်သည်များ အချိန်ပိုင်း လာရောက်လေ့လာ လည်ပတ်နိုင်သော လူထုအခြေပြု ခရီးသွားလုပ်ငန်းကို PEAK Myanmar ( Journeys Adventure Travel ) ခရီးသွားကုမ္ပဏီနှင့် တစ်နှစ်စာစာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တစ်နှစ်အတွင်း နိုင်ငံခြားခရီးသွား ဧည့်သည် ခရီးစဉ် ၁၀ ကြိမ်မှ ၁၅ ကြိမ်ခန့်အထိ လာရောက်ရန် မျှော်မှန်းထားပြီး လာရောက်လည်ပတ်သူများအနေဖြင့် ကျေးလက်ဒေသ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ဒေသထွက်ကုန်များ၊ လူနေမှုဓလေ့ထုံးစံများကို အချိန်တစ်နာရီမှ နှစ်နာရီခန့်ကြာမြင့်အောင် လေ့လာအပြီး ဒေသလက်ရာ ထမင်းဟင်းတစ်နပ်စာ သုံးဆောင်နိုင်ရန် စီစဉ်ပေးထားသည်ဟု အက်ရှင်အေ့ဒ်မြန်မာ(မိတ္ထီလာ)မှ အစီအစဉ်အရာရှိ ဦးတိုးတိုးက ရှင်းပြသည်။

နိုင်ငံ၏ မီးခိုးမထွက်သော အစိမ်းရောင်စီးပွားရေး အားကောင်းလာမှုနှင့်အတူ ဒေသနေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာနိုင်ခြင်း၊ ကျေးလက်သဘာဝအလှတရားများကို မြတ်နိုးထိန်းသိမ်း တတ်စေခြင်းတို့ ဖြစ်ပေါ်လာစေနိုင်သော လူထုအခြေပြု ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဆွာတောကျေးရွာသို့ နိုင်ငံခြားခရီးသွား ဧည့်သည်များ လာရောက်လေ့လာမှု မှတ်တမ်းဓာတ်ပုံများထဲမှ တချို့ကို ဖော်ပြလိုက်ပါသည်။ ။



လူထုအခြေပြုခရီးသွားလုပ်ငန်းအစီအစဉ်ဖြင့် လည်ပတ်လေ့လာသည့် နိုင်ငံခြားခရီးသွားဧည့်သည်များအား ဧည့်လမ်းညွှန်က ရှင်းလင်းပြောကြားစဉ်။



ကျေးလက်ဓလေ့နွားစာစဉ်းနေသော မြင်ကွင်းကို အမှတ်တရ ဓာတ်ပုံရိုက်ကူးနေစဉ်။



ဒေသထွက် ပဲစင်းငုံသီးနှံများ ပုတ်ခါသန့်စင်သည့်နေရာ၌ နိုင်ငံခြားခရီးသွားဧည့်သည်များကိုယ်တိုင် ပါဝင်ဆောင်ရွက်နေကြစဉ်။



ဆွာတောကျေးရွာ လယ်ယာလုပ်ငန်းခွင်သုံးနွားများအား အစာကျွေးနေမှု။



ပြည်ပဧည့်သည်များ ဆွာတောကျေးရွာ ဒေသခံမိသားစု တစ်စု တစ်ပိုင်တစ်နိုင် မွေးမြူထားသော ဆိတ်မွေးမြူရေးခြံတွင် လေ့လာနေကြစဉ်။



ဆွာတောကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ကျေးရွာသောက်သုံးရေကန်မှ ရေခပ်လာသည့် ဒေသခံအမျိုးသမီးနှစ်ဦး။

# လှိုင်ကော်မြို့နယ်အတွင်းရှိ ပြည်သူ ၃၃၈ ဦးထံသို့ မြေငှားဂရန်များ ပေးအပ်



မြေငှားဂရန်ပေးအပ်ပွဲ ကျင်းပနေစဉ်။

**လှိုင်ကော် မေ ၁၉**

လှိုင်ကော်မြို့နောင်ယား (ခ)ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ လှိုင်ကော်မြို့နယ်အတွင်းရှိ ပြည်သူ ၃၃၈ ဦးထံသို့ မြေငှားဂရန်များ ပေးအပ်ပွဲကို ယနေ့ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိနှင့် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြေငှားဂရန် လက်ခံယူမည့်ပြည်သူများ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က မြေငှားဂရန်ပေးအပ်ခြင်းနှင့် ပတ်သက်၍ သုံးနှစ်ကျော် ကာလအတွင်း မှန်ကန်မြန်ဆန်အောင် ပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းချိတ်ဆက်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြေငှားဂရန်တစ်ခုရရှိရန် မလွယ်ကူကြောင်း၊ မူဘောင်နှင့် မညီညွတ်သည်ကို မပေးမိရန် အလေးထားရသောကြောင့် အချိန်ကြန့်ကြာမှုရှိနိုင်ကြောင်း၊ အစိုးရအနေဖြင့် မှန်ကန်မြန်ဆန်ပေးနိုင်အောင် အမှုတွဲများ အမြန်ဆုံး တည်ဆောက်ရန်လိုကြောင်း၊ ပုံစံ(၇)များ ထုတ်ပေးခြင်းနှင့် ပတ်သက်ပြီး သစ်တောမြေအတွင်း ကျရောက်နေသည့် နေရာများမှာ ပုံစံ(၇) ပေး၍ မရကြောင်း၊ မိမိတို့ပြည်နယ်တွင် သစ်တောမြေအတွင်း ရွှေ့ပြောင်းတောင်ယာပြုလုပ်နေမှု အများအပြားရှိကြောင်း၊ ပြည်သူများအနေဖြင့် နှစ်ပေါင်းများစွာ လုပ်ကိုင်စားသောက်နေခြင်းဖြစ်၍ အရေးယူဆောင်ရွက်လို့ မဖြစ်နိုင်ကြောင်း၊ ယင်းအချက်မှာလည်း မိမိတို့အစိုးရအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှိုင်ကော်မြို့ပေါ်ရှိ ဒေါနိုးကူးရပ်ကွက်မှ ၅၄ ဦး၊ မင်းစုရပ်ကွက်မှ ၆၈ ဦး၊ ဒေါတမရပ်ကွက်မှ ၇၄ ဦး၊ ဒေါဥခုရပ်ကွက်မှ ၄၃ ဦးနှင့် နွားလဝိုးကျေးရွာအုပ်စုမှ ၉၉ ဦးတို့ထံသို့ မြေငှားဂရန်များ ပေးအပ်ခဲ့သည်။

ပြည်နယ်အတွင်း နှစ်အလိုက် မြေငှားဂရန် ထုတ်ပေးမှုမှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ထုတ်ပေးခဲ့သည့် မြေငှားဂရန်အရေအတွက် စုစုပေါင်း ၁၈၂၂ ခုဖြစ်ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် မတ်လအထိ ထုတ်ပေးခဲ့သည့် မြေငှားဂရန်အရေအတွက်စုစုပေါင်းမှာ ၂၈၀၁ ခုဖြစ်ပြီး ယနေ့အခမ်းအနားတွင် ပေးအပ်သည့် မြေငှားဂရန် ၃၃၈ ခု ပါဝင်ပါက မြေငှားဂရန်စုစုပေါင်း ၃၁၃၉ ခုအထိ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

**ကိုစိုင်း (လှိုင်ကော်)**

# မြောင်းမြမြို့ ဒေါ်ခင်ကြည် သူနာပြုသင်တန်းကျောင်းဆောက်လုပ်ရန် ကုမ္ပဏီများ လက်မှတ်ရေးထိုး



ဆောက်လုပ်သွားမည့် ဒေါ်ခင်ကြည် သူနာပြုသင်တန်းကျောင်း အဆောက်အအုံများ၏ ပုံစံငယ်။

**မြောင်းမြ မေ ၁၉**

မြောင်းမြမြို့တွင် ဒေါ်ခင်ကြည် သူနာပြုသင်တန်းကျောင်း ဆောက်လုပ်ရန်အတွက် လုပ်ငန်းကန်ထရိုက်ရရှိသော ကုမ္ပဏီများက စာချုပ်လက်မှတ်ရေးထိုးသည့် အခမ်းအနားကို မေ ၁၉ ရက်က မြောင်းမြ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပခဲ့သည်။

အဆိုပါ လုပ်ငန်းအပ်နှံခြင်း ကန်ထရိုက် စာချုပ် လက်မှတ်ရေးထိုးပွဲသို့ ပုသိမ် သူနာပြုသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကပေါ်ရှီး၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် ဆောက်လုပ်ရေးကုမ္ပဏီများဖြစ်သော 25-Group၊ Treasure Power၊ Top Hope၊ ဟန်မြင့်မိုရ်၊ ဥမ္မာရောနှင့် သော်ဇင်ခန့်ကုမ္ပဏီတို့မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ အင်ဂျင်နီယာများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်းနှင့် ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်တို့က အမှာစကားပြောကြားပြီးနောက် မြောင်းမြခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က ကုမ္ပဏီများအနေဖြင့် သတ်မှတ်ထားသော ကာလအတွင်း ဆောင်ရွက် ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

မြောင်းမြမြို့၌ တည်ဆောက်ဖွင့်လှစ်မည့် ဒေါ်ခင်ကြည် သူနာပြုသင်တန်းကျောင်း ဆောက်လုပ်ရေးအတွက် ပြည်ထောင်စုရန်ပုံငွေမှ ကျပ်သန်းပေါင်း ၂၃၀၀၀ ကျခံတည်ဆောက်သွားမည်ဖြစ်ကာ ဒီဇိုင်းပိုင်းတွင် မြန်မာနိုင်ငံတွင်ပထမဆုံး ဆန်းသစ်သော ဒီဇိုင်းပုံစံဖြင့် ရေးဆွဲထားပြီး ပင်မသုံးထပ်စာသင်ဆောင်၊ လေးထပ်ကျောင်းသူအိပ်ဆောင်၊ ဝန်ထမ်း အိမ်ရာ၊ ခြံစည်းရိုးအုတ်တံတိုင်းဆောက်လုပ်ရေးတို့နှင့်အတူ လျှပ်စစ်မီးနှင့် ရေရရှိရေးလုပ်ငန်းများလည်း ပါဝင်ကာ လုပ်ငန်းပမာဏကြီးမားသဖြင့် Lot ခြောက်ခုခွဲ၍ ကုမ္ပဏီခြောက်ခုက ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် စက်တင်ဘာ ၃၀ ရက်တွင် လုပ်ငန်းအပြီး အပ်နှံရမည်ဖြစ်ကာ ယခုနှစ် နိုဝင်ဘာလထဲတွင် ပထမနှစ်သူနာပြုသင်တန်းသားများ ခေါ်ယူ၍ သင်တန်းကျောင်းကို စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်၏ ပြောကြားချက်အရ သိရသည်။

**အောင်မင်း(မြောင်းမြ)**

# မော်လူးတွင် သဘာဝဘေးကြောင့် ပျက်စီးခဲ့သောအိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်



သဘာဝဘေးကြောင့်ပျက်စီးခဲ့သောအိမ်ထောင်စုအားထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

**မော်လူး မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက်က သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော အိမ်ထောင်စု ၅၉ စုတို့အား ထောက်ပံ့ငွေ၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် မော်လူးမင်းဇေယျာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးဆွေက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သော ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မေ ၁၅ ရက်က တိုက်ခတ်ခဲ့သော လေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သော မော်လူးမြို့ပေါ်ရပ်ကွက်ခြောက်ရပ်ကွက်မှ အိမ်ထောင်စု ၅၉ စုအား ထောက်ပံ့ငွေများနှင့် အသုံးဆောင်ပစ္စည်းများ ပေးအပ်သည်။

“မော်လူးမြို့ မင်းချမ်းသာရပ်ကွက်က ၂၁ အိမ်၊ မင်းဇေယျာ ၅ ရပ်ကွက်က ၂၃ အိမ်၊ မင်းသီရိရပ်ကွက်က တစ်အိမ်၊ မင်းသစ္စာရပ်ကွက်က ရှစ်အိမ်၊ မင်းသုခရပ်ကွက်က ငါးအိမ်၊ မင်းရာဇာရပ်ကွက်က တစ်အိမ် စုစုပေါင်း ၅၉ အိမ်ကို ပျက်စီးဆုံးရှုံးမှုတန်ဖိုးအလိုက် တစ်ဦးလျှင် ငွေကျပ် ၇၅၀၀၀၊ ၅၀၀၀၀၊ ၃၀၀၀၀ မှ ၂၀၀၀၀ အထိ ထောက်ပံ့ငွေနဲ့ အသုံးဆောင်ပစ္စည်းတွေကို ပေးအပ်ခဲ့ပါတယ်”ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ကျော်က ပြောသည်။

**နီတိုး**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၉-၄-၂၀၁၉

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၆၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀/၉၉၅ ကျပ် | ၁၀၀၅/၁၀၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀/၁၀၀၅ ကျပ် | ၁၀၂၀/၁၀၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၉၀/၈၆၅ ကျပ် | ၈၈၅/၉၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၇၀/၉၃၅ ကျပ် | ၉၆၅/၉၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၂ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၃ ・ ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၉ ・ ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၀ ・ ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၈ ・ ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ ・ ၀၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၃၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ ・ ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၈ ・ ၃၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၈၃၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အငြိမ်ဇာတ်ရုပ်ကို သရုပ်ဆောင်ရသည်က အခက်ဆုံးဖြစ်ကြောင်း အေးမြတ်သူပြောကြား

၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးတွင် "နောင်တွင် ဥဒါန်းတွင်စေသတည်း" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရှင်တစ်ယောက်အဖြစ် ရွေးချယ်ခံခဲ့ရသည့် အကယ်ဒမီ အေးမြတ်သူက ရုပ်ရှင်များတွင် သရုပ်ဆောင်ရာ၌ အငြိမ်ဇာတ်ရုပ်ကို သရုပ်ဆောင်ရသည်က အခက်ဆုံးဖြစ်ကြောင်း ပြောကြားသည်။

"အေးမြတ်သူဘဝမှာ မလုပ်ဖူးတဲ့ဇာတ်ရုပ်တွေတော့ အများကြီးရှိသေးတာအမှန်ပဲ။ ဒါပေမယ့် အခု အကယ်ဒမီရတဲ့ နောင်တွင်ဥဒါန်းတွင်စေသတည်း ကားထဲမှာဆိုရင် အမေနေရာပေါ့။ ကိုဖိုးချစ်ရဲ့ မိခင်နေရာက သရုပ်ဆောင်ရတာဆိုတော့ အတော်ကို စိတ်လှုပ်ရှားတယ်။ အရင်က အမေအခန်းမှာ သရုပ်ဆောင်ရတာက ငါးတန်းကျောင်းသားလေးတွေ၊ အသက်ခုနစ်နှစ် ရှစ်နှစ်အရွယ် ကလေးတွေရဲ့ အမေတစ်ယောက်နေရာကနေ လုပ်ရတာမို့ စိတ်သိပ်လှုပ်ရှားတာမျိုးမရှိခဲ့ဘူး။ ဒီမှာက ကိုဖိုးချစ်ရဲ့ အမေအဖြစ် လုပ်ရတော့ စိတ်လှုပ်ရှားခဲ့တာအမှန်ပါပဲ။ အမေတစ်ယောက် ကာရိုက်တာ ဖြစ်လာဖို့အတွက် အများကြီးလည်း ပြင်ဆင်ခဲ့ရတယ်။ အေးမြတ်သူအတွက်က အငြိမ်ဇာတ်လည်း ရှားပါတယ်။ အထူးသဖြင့် ကိုယ်က သွက်လက်ချက်ချာတဲ့သူလေ။ စကားပြောရင်လည်း အရမ်းမြန်တဲ့သူ၊ အဲဒီတော့ စကားတွေပြောတာကအစ အမေတစ်ယောက်ပုံစံဖြစ်အောင် မနည်းထိန်းသိမ်းပြီး ပြောရတယ်။ ကိုယ့်စကားက မြန်နေလားဆိုတာကအစ၊ ပြီးတော့ ဝတ်စားဆင်ယင်မှုပိုင်း၊ မျက်မှန်ဆိုလည်း ဒါကတော့ ဘယ်အသက်အရွယ်လောက် တပ်တာမျိုးပေါ့၊ သေချာလေ့လာပြီး လုပ်ရတာပါ။ အေးမြတ်သူကို အခုလို အကယ်ဒမီဆုရှင်ဖြစ်အောင် ဘေးကနေကူညီပေးကြသူတွေကို ကျေးဇူးတင်ပါတယ်"ဟု အကယ်ဒမီရရှိခဲ့သည့် နောင်တွင်ဥဒါန်းတွင်စေသတည်းမှ ကာရိုက်တာနှင့်ပတ်သက်၍ အေးမြတ်သူက ပြောပြသည်။



သရုပ်ဆောင် အေးမြတ်သူသည် သရုပ်ဆောင်လောကထဲသို့ မော်ဒယ်တစ်ဦးအဖြစ် စတင်ဝင်ရောက်လာခဲ့ပြီး ခပ်သွက်သွက် သရုပ်ဆောင်နိုင်သည့် ဟန်အမူအရာများကြောင့် ပရိသတ်၏ သတိထားအားပေးမှုကို ရရှိခဲ့ကာ ၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲတွင်လည်း ခေါက်ထီးလေးမလုံ့တလုံ ဇာတ်ကားကြီးဖြင့် ပရိသတ်၏ အကယ်ဒမီ ခန့်မှန်းမှုကို ရရှိခဲ့သည်။ သို့သော် ထိုနှစ်ဆုပေးပွဲတွင် အကယ်ဒမီဆုနှင့် လွဲချော်ခဲ့ရကာ ယခု ၂၀၁၉ ခုနှစ်တွင် ကျင်းပသည့် ၂၀၁၈ ခုနှစ်အတွက် အကယ်ဒမီဆုပေးပွဲတွင်မှ ဆုရရှိခဲ့ခြင်းဖြစ်သည်။

"အရင်နှစ်တွေကတည်းက အေးမြတ်သူကို ပရိသတ်က ပေးတဲ့ဆုတွေ ရရှိခဲ့လို့ ကျေနပ်မိပါတယ်။ အကယ်ဒမီရရမယ်ဆိုတဲ့စိတ်နဲ့ လုပ်ခဲ့တာမျိုးတော့ မရှိခဲ့ပါဘူး။ အရင်ကတည်းက ကိုယ့်ကိုပေးတဲ့တာဝန်ကို အေးမြတ်သူအနေနဲ့ အမြဲတမ်းလေးလေးစားစား လုပ်ပါတယ်။ ပြီးတော့ အကယ်ဒမီရသွားတယ်ဆိုပေမယ့်လည်း အလုပ်တွေကို ဘယ်တော့မှ လျော့သွားအောင် မလုပ်ပါဘူး။ ရှေ့ကို ဒီထက်ပိုကြိုးစားပြီး သရုပ်ဆောင်မှာပါ။ ကာရိုက်တာပေါင်းစုံကို ထပ်သရုပ်ဆောင်ဖို့ ကြိုးစားနေဦးမှာပါ" ဟုလည်း အေးမြတ်သူက ဆက်လက်ပြောကြားခဲ့သည်။

**ကိုလင်း**



# လူဆိုးမ ကာရိုက်တာနှင့် ရိုက်ကူးမည့် Miss နှင်းသွေးယုအောင်

ဒါရိုက်တာ ဝင်းလွင်ထက် ရိုက်ကူးသည့် Box 88 ရုပ်ရှင်ဇာတ်ကားကြီးတွင် အကယ်ဒမီနေတိုး၊ ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်တို့နှင့်အတူ Miss Universe Myanmar 2018 နှင်းသွေးယုအောင်ကိုလည်း ဇာတ်ပို့တစ်ယောက်နေရာဖြစ်သည့် ထိုင်းလူဆိုးမတစ်ယောက်၏ ကာရိုက်တာဖြင့် ပရိသတ်များ တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

"Box 88 ရုပ်ရှင်ဇာတ်ကားကြီးမှာ နှင်းသွေးက ထိုင်းအမျိုးသမီး လူဆိုးမတစ်ယောက်အနေနဲ့ ပါဝင်ထားပါတယ်။ ဒီဇာတ်ကားထဲမှာ လူဆိုးတစ်ယောက်အဖြစ် ရိုက်ကူးရမှာဆိုတော့ ဇာတ်လမ်းအရ ဆေးလိပ်သောက်ရတာတွေ၊ တက်တူးထိုးရတဲ့ ကာရိုက်တာတွေကို ရိုက်ရတဲ့အခါမှာ အဆင်မပြေဖြစ်တာမျိုးတော့ရှိတယ်။ အလှမယ်တစ်ယောက်က အဲလိုတွေ လုပ်လို့မရဘူးလေ။ အဲဒီတော့ ကာရိုက်တာပိုင်းအတွက် တကယ့်ကို ပြင်ဆင်ရပါတယ်"ဟု နှင်းသွေးယုအောင်က ပြောသည်။

ပထမဆုံး ရုပ်ရှင်ကားကြီးတွင် သရုပ်ဆောင်ရခြင်းနှင့်ပတ်သက်၍လည်း "တကယ်တမ်းဆို နှင်းသွေးက MTV တောင် တစ်ခါမှ ရိုက်ဖူးတာမဟုတ်ဘူး။ လမ်းလျှောက်တယ်၊ အလှဓာတ်ပုံရိုက်တယ်၊ ဒီလောက်ပဲဆိုတော့ အခုကတော့ ရုပ်ရှင်ကားကြီးရိုက်တာ ပထမဆုံး အတွေ့အကြုံပေါ့နော်။ အဲဒီအတွက် ရင်ခုန်စိတ်လှုပ်ရှားပါတယ်။ နှင်းသွေးက တစ်ခုလုပ်ရင်တစ်ခု ပရိသတ်သိစေချင်တယ်။ ကိုယ့်ကို လက်ခံသွားစေချင်တယ်။ ဒါကြောင့် အကောင်းဆုံးဖြစ်အောင်လည်း ပြင်ဆင်ကြိုးစားသွားပါ့မယ်"ဟု နှင်းသွေးယုအောင်က ဆက်လက်ပြောကြားခဲ့သည်။

**ကိုလင်း**

# ချမှတ်ထားသည့် စည်းကမ်းများကို တင်းကျပ်စွာကိုင်တွယ်သင့်ဟု ဂျွန်လွင် ပြောကြား

မော်ဒယ်လောကကို ၁၉၈၉ ခုနှစ်ကတည်းက စတင်ဝင်ရောက်ခဲ့ပြီး စင်ကာပူနိုင်ငံ၏ ထိပ်တန်းမော်ဒယ်အေဂျင်စီတစ်ခုဖြစ်သည့် Mannequin Model Agency တွင် ၁၂ နှစ်ကျော်ကြာ ဖြတ်သန်းခဲ့ပြီးနောက် မြန်မာနိုင်ငံ၌ ၁၉၉၅ ခုနှစ်မှစတင်ကာ Stars & Models Agency ကို တည်ထောင်ခဲ့ပြီး နိုင်ငံကျော် မော်ဒယ်များ၊ အနုပညာရှင်များစွာကို မွေးထုတ်နိုင်ခဲ့သူ မြန်မာပြည်မော်ဒယ်လောက၏ ဖခင်တစ်ဦးအဖြစ်လည်း အသိအမှတ်ပြုခံရသူ ဂျွန်လွင်နှင့် တွေ့ဆုံခိုက် တိုးတက်ပြောင်းလဲလာသော မြန်မာနိုင်ငံမှ အခြေခံလူတန်းစားများ၏ နေထိုင်မှုပုံစံများတွင် အဓိကကျသော စည်းကမ်းသတ်မှတ်ချက်များအကြောင်းကို ယခုလို မေးမြန်းဖြစ်ခဲ့သည်။

မေး။ ။**ကိုဂျွန်ရေ မင်္ဂလာပါ။ လက်ရှိမှာ ကျွန်တော်တို့တိုင်းပြည်က ပြောင်းလဲမှုတွေ အများကြီးရှိလာတဲ့အတွက် အဲဒီအပေါ်မှာ ဘယ်အချက်တွေက အဓိကကျတယ်။ ဘာတွေလိုအပ်တယ်ဆိုတာကို အပြုသဘောနဲ့ ပြောပေးပါဦး။**

ဖြေ။ ။ကျွန်တော့်အနေနဲ့ပြောရရင် ကျွန်တော်တို့တိုင်းပြည်မှာ အဓိကကတော့ စည်းကမ်းပါပဲ။ တာဝန်ရှိသူတွေအနေနဲ့ကလည်း ချမှတ်ထားတဲ့စည်းကမ်းတွေကို အများပြည်သူ လိုက်နာဖို့ဆိုရင် တင်းကျပ်တဲ့ ဥပဒေတွေနဲ့ သေချာကိုင်တွယ်သင့်တယ်လို့ ကျွန်တော်ကတော့ ထင်ပါတယ်။ ကျွန်တော်တို့ဆီမှာက ဘာဖြစ်နေလဲဆိုတော့ အမှိုက်ပစ်ရင်တောင် ကိုယ်နဲ့ခပ်ဝေးဝေး၊ သူများအိမ်နဲ့ ခပ်နီးနီးဆိုတဲ့ စိတ်တွေ ရှိနေကြတာကို တွေ့ရတယ်။ ဒါတွေဟာ အင်မတန်ကို မထားသင့်တဲ့စိတ်မျိုးတွေပါ။ ကျွန်တော် စင်ကာပူမှာနေတုန်းကဆို နေကြာစေ့အခွံတောင် မတွေ့ရဘူး။ ချခွင့်လည်း လုံးဝမရှိဘူး။ အမှိုက်ချတာနဲ့ကို ရဲက လုံးဝအပြစ်ပေးတော့တာပဲ။ ကျွန်တော်တို့ဆီမှာကတော့ အမှိုက်ပစ်တယ်ဆိုတာ လုပ်ရိုးလုပ်စဉ်တစ်ခုလိုဖြစ်နေကြပြီ။

အခုလက်ရှိ အွန်လိုင်းမှာတင်ထားတဲ့ ဖြစ်ပျက်နေတဲ့ ဖြစ်ရပ်လေးတစ်ခုပေါ့နော်။ အင်းလျားကန်ပေါင်မှာ လမ်းလျှောက်သကြံန်အတွက် တာဝန်ရှိသူတွေက လုပ်ပေးထားတဲ့ အလှဆင်ထားတဲ့ ပုသိမ်ထီးလေးတွေကို တချို့က ဖြုတ်ယူပြီး နေပူကာမိအောင် ဆောင်းကြတယ်။ အဲဒီတော့ နောက်လူတွေကလည်း လိုက်ပြီးဖြုတ်ကြတယ်။ တဖြည်းဖြည်းနဲ့ အကုန်လုံး ပျက်စီးကုန်ရော။ စင်ကာပူလိုနိုင်ငံမှာ ဒါမျိုးဖြုတ်ဖို့မပြောနဲ့၊ လမ်းဘေးက ပန်းတစ်ပွင့်ခူးတာ တွေ့တာနဲ့ ရဲကဖမ်းပြီး ထောင်ချတော့တာပဲ။ အနည်းဆုံး လေး၊ ငါးရက်ချတာ။

ဒီမှာက ဖမ်းတာတော့ လိုက်ဖမ်းကြတာပဲ။ ပြီးရင် တောင်းပန်လိုက်ရင် သနားပြီး လွှတ်ပေးလိုက်တာကများတယ်။ ဒါတွေက မဖြစ်သင့်ပါဘူး။ စင်ကာပူမှာဆို သူတို့ဆီကရဲတွေက အပြစ်ရှိတဲ့သူကို အိုင်စီထဲမှာ တစ်ခါတည်း ရိုက်ထည့်လိုက်တာ၊ နောက်ပိုင်း အဲဒီလူဘာလုပ်လုပ် အပြစ်လုပ်ရင် အရင်ကလုပ်ခဲ့တာတွေပါ ပေါ်လာတာမျိုးပေါ့နော်။ အဲဒီအခါဆို မြို့ကနေ ဘယ်နိုင်ငံကိုမှ မသွားရတဲ့ ဘယ်နှနှစ်ဆိုပြီး ပိတ်လိုက်တာမျိုးတွေ လုပ်ပစ်တာကို ကြားဖူးတယ်ဗျာ။ အဲဒီတော့ သူတို့နိုင်ငံက လူတွေက စည်းကမ်းကို အလွန်လိုက်နာကြတယ်။ ဒါမျိုးတွေကို ကျွန်တော်တို့ တိုင်းပြည်မှာ လုပ်သင့်နေပါပြီလို့ အကြံပြုချင်ပါတယ်။

မေး။ ။**ဒီလိုမျိုး စည်းကမ်းတွေကိုဖောက်ရင် ပြစ်ဒဏ်ပေးတဲ့အခါ အချို့က လူ့အခွင့်အရေးဆိုတာမျိုး ပြောလာရင်ရော။**

ဖြေ။ ။ဒါမျိုးက လူ့အခွင့်အရေးဆိုတာထက် အဲဒီလိုမျိုးမှမလုပ်ရင် ပိုဆိုးလာရုံပဲရှိမှာပါ။ ဒါ လူ့အခွင့်အရေးနဲ့ လုံးလုံးမသက်ဆိုင်ပါဘူး။ လူသားဆန်တဲ့ လုပ်ရပ်တစ်ခု လုပ်တယ်လို့ပဲ မြင်ပါတယ်။ နောက်တစ်ခုက စင်ကာပူမှာ အဲဒီလို အပြစ်ရှိတဲ့သူဆို အလုပ်လုပ်တဲ့အခါမှာလည်း အလုပ်ရဖို့ အင်မတန်ခက်တယ်။

ကျွန်တော်တို့ဆီမှာတော့ ကျွန်တော်ကိုယ်တိုင် လက်တွေ့ကြုံခဲ့ရတာရှိတယ်။ ၂၀၁၆ ခုနှစ် အကယ်ဒမီပေးပွဲတုန်းက ရွှေတိဂုံဘုရားကြီးကိုနောက်ခံထားပြီး ပွဲလုပ်ခဲ့တယ်။ အဲဒီတုန်းက ပွဲမှာ အမှိုက်တွေမချဖို့ အားလုံးကို ကျွန်တော် သတိပေးခဲ့ဖူးတယ်။ ကျွန်တော်ပြောတာကို ဝိုင်းပြီး ပြောကြတာပေါ့။ အပိုတွေ ဘာညာဆိုပြီး၊ နောက်တော့ ပွဲလည်းပြီးရော အမှိုက်တွေ ဖွထားတဲ့၊ ချထားခဲ့တဲ့ပုံတွေ အွန်လိုင်းပေါ်တက်လာတော့ အားလုံး ကျွန်တော်ပြောတာကို လက်ခံလာတာမျိုးတွေ ရှိခဲ့တယ်။ ပြီးခဲ့တဲ့ ၂၀၁၈ အကယ်ဒမီပွဲမှာတုန်းကလည်း ဒီလိုပဲ၊ စည်းကမ်းတကျလေး အမှိုက်တွေပစ်ကြပါဆိုလည်း မရဘူး။ နားမထောင်ကြဘူး။ အဲဒီတော့ စည်းကမ်းတွေ ရှိဖို့လိုပါပြီ၊ တိုင်းပြည်အတွက်လည်း အရေးကြီးပါတယ်လို့ ကျွန်တော်ကတော့ ပြောချင်ပါတယ်။ ။

**ကိုလင်း**




**"အင်းလျားကန်ပေါင်မှာ လမ်းလျှောက်သကြံန်အတွက် တာဝန်ရှိသူတွေက လုပ်ပေးထားတဲ့ အလှဆင်ထားတဲ့ ပုသိမ်ထီးလေးတွေကို တချို့ကဖြုတ်ယူပြီး နေပူကာမိအောင် ဆောင်းကြတယ်။ အဲဒီတော့ နောက်လူတွေကလည်း လိုက်ပြီးဖြုတ်ကြတယ်။ တဖြည်းဖြည်းနဲ့ အကုန်လုံးပျက်စီးကုန်ရော"**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ကန်းရုပ်ရှင်ပွဲတော် ဖွင့်ပွဲနေ့တွင် ဇွန်ဘီ ရုပ်ရှင်ဇာတ်ကားပြသမည်

(၇၂) ကြိမ်မြောက် ကန်းအပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်မှာ ပါဝင်ရွေးချယ်ခံထားရတဲ့ ဇာတ်ကားစာရင်းကို ဧပြီ ၁၈ ရက်က ပါရီမြို့၌ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ကန်းရုပ်ရှင်ပွဲတော်ကို မေ ၁၄ ရက်ကနေ ၂၅ ရက်အထိကျင်းပသွားမှာဖြစ်ပြီး ဖွင့်ပွဲညမှာ ပြသမယ့် ရုပ်ရှင်က The Dead Don't Die အမည်ရတဲ့ ဇွန်ဘီရုပ်ရှင်ကားဖြစ်ပါတယ်။

အဲဒီရုပ်ရှင်ဇာတ်ကားမှာ ဆယ်လီနာဂိုမက်ဇ်၊ ဘေလ်မာရေး၊ အဒမ်ဒရိုက်ဘာနှင့် တေဒါဆွမ်တန်တို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။ ကန်းရုပ်ရှင်ပွဲတော်မှာ မေလ ၁၄ ရက်၌ အဲဒီရုပ်ရှင်ဇာတ်ကားကို အဖွင့်ဇာတ်ကားအဖြစ် ပြသမှာဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတွင်မူ ဇွန် ၁၄ ရက်မှ စတင်ရုံတင်ပြသမှာဖြစ်ပါတယ်။ ငြိမ်းချမ်းတဲ့ မြို့ငယ်လေးတစ်မြို့ထဲကို ဇွန်ဘီတွေ ရုတ်တရက်ဝင်ရောက်တိုက်ခိုက်လာတဲ့အခါ ရဲသုံးဦးနဲ့အတူ ရင်ခွဲရုံမှုကျွမ်းကျင်ဝန်ထမ်းတစ်ဦးတို့ အတူပူးပေါင်းပြီး ဇွန်ဘီတွေကို နှိမ်နင်းတဲ့ ရုပ်ရှင်ဖြစ်ပါတယ်။ ဟာသ သည်းထိတ်ရင်ဖို ဇာတ်ကားအမျိုးအစားလည်းဖြစ်ပါတယ်။

နောက်ထပ်ကန်းရုပ်ရှင်ပွဲတော်မှာ ပြသဖို့ရွေးချယ်ခံထားရတဲ့ ဇာတ်ကားများစာရင်းမှာ ဒါရိုက်တာ ပီဒို အယ်မိုဒိုဗာ ရိုက်ကူးထားတဲ့ Pain and Gold၊ ဒါရိုက်တာ တာရန့်မလစ်ခ်ရဲ့ A Hidden Life ဇာတ်ကားတို့ပါဝင်တယ်လို့ သိရပါတယ်။

**စီအင်န်အင်န်**




ကန်းရုပ်ရှင်ပွဲတော်မှာ ပြသမယ့် The Dead Don't Die ပိုစတာ

### ရေဘုရင်အဖြစ် သရုပ်ဆောင်ခဲ့တဲ့ ဂျေဆန်မမ်မိုအာ ခုနစ်နှစ်ကျော်ထားခဲ့တဲ့ မုတ်ဆိတ်များကို ရိတ်ပစ်

Aquaman ဇာတ်ကားတွင် ရေဘုရင်အဖြစ်လည်းကောင်း၊ Game of Thrones ဇာတ်ကားတွင် ခဲဒရိုဂို အဖြစ်လည်းကောင်းသရုပ်ဆောင်ခဲ့တဲ့ သရုပ်ဆောင် ဂျေဆန်မမ်မိုအာကြောင့် ပရိသတ်တွေအားလုံး အံ့အားသင့်ကုန်ရပါတယ်။

အကြောင်းကတော့ ဂျေဆန်ဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အာရုံစိုက်လာစေဖို့ဆိုပြီး သူ့ရဲ့ မုတ်ဆိတ်မွေးတွေကို ရိတ်ပစ်လိုက်ပါတယ်။ မုတ်ဆိတ်မွေးမပါတော့တဲ့ ဂျေဆန်ရဲ့ပုံဟာ အရင်တုန်းကပုံနဲ့ တခြားစီဖြစ်သွားပါတယ်။ တခြားသောမင်းသားတွေအတွက် မုတ်ဆိတ်ရိတ်တာဟာ မဆန်းပေမယ့် ဂျေဆန်အတွက်တော့ထူးဆန်းပါတယ်။

သူသရုပ်ဆောင်ခဲ့တဲ့ ဇာတ်ကောင်တိုင်းဟာ မုတ်ဆိတ်နဲ့ လိုက်ဖက်ခဲ့ပါတယ်။ Game of Thrones ဇာတ်ကားမှာ ပါဝင်ခဲ့ကတည်းက ခုနစ်နှစ်ကျော်ကြာ သူ့ရဲ့ မုတ်ဆိတ်တွေကို မရိတ်ဘဲထားခဲ့တာပါ။ ပလတ်စတစ်ကင်းစင်ရေးအတွက် ၁၀၀ ရာခိုင်နှုန်းပြန်လည်အသုံးချလို့ရတဲ့ အလူမီနီယံ ပစ္စည်းတွေကို သုံးစွဲဖို့ လူတွေပိုပြီး အာရုံစိုက်လာအောင် ကြိုးပမ်းမှုတစ်ရပ်အနေနဲ့ လုပ်ဆောင်လိုက်တာပါ။ ယူကျူ့မှာ ဂျေဆန်တင်ခဲ့တဲ့ မုတ်ဆိတ်ရိတ်နေတဲ့ ဗီဒီယိုမှာ ပလတ်စတစ်တွေဟာ ကမ္ဘာကြီးကို ဖျက်ဆီးနေတာပဲလို့ ရှင်းပြခဲ့ပါတယ်။ နောက်ပြီး လူတိုင်းလူတိုင်းကိုလည်း ပြန်လည်အသုံးပြုလို့ရတဲ့ အလူမီနီယံပစ္စည်းတွေကို အသုံးပြုဖို့ တိုက်တွန်းခဲ့ပါတယ်။

**စီအင်န်အင်န်**



မုတ်ဆိတ်မရိတ်ခင်နှင့် ရိတ်ပြီး တွေ့ရတဲ့ ဂျေဆန်မမ်မိုအာ

ချိုး



# လက်တွေ့အသုံးနှင့် အဓိပ္ပာယ် (၁၆)

## မောင်ခင်မင် (ဓနုဖြူ)

"ပြောတဲ့စကားကို အဓိပ္ပာယ်ကောက်ရာမှာ ပြောနေတဲ့လူနှစ်ယောက်ရဲ့အခြေအနေကို ထည့်စဉ်းစားရတယ်ဆိုတာ သမီး သိပြီးပြီနော်။ အခြေအနေဆိုတာက သူတို့နှစ်ယောက်ရဲ့ အသက်အရွယ်တို့၊ လူမှုအဆင့်အတန်းတို့၊ ပြီးတော့ အလုပ်သဘောဆက်ဆံ တာလား၊ လူချင်းရင်းနှီးသလားဆိုတဲ့ ရင်းနှီးမှုအတိုင်းအတာတို့ အဲဒါတွေအကျုံးဝင်တာပေါ့ကွယ် "

"ဟုတ်ကဲ့ပါ။ သမီးမှတ်ထားပါတယ် ဘဘ "

" အဲဒီမှာ အရေးကြီးတဲ့အချက်တစ်ချက်က ပြောတဲ့စကားရဲ့ယဉ်ကျေးချောင်မှု အတိုင်းအတာဆိုပါတော့ကွယ် "

" အဲဒါ ဘာဆိုလိုတာပါလဲ ဘဘ "

"စကားပြောတဲ့အခါ ချေချောင်ငံပြောတယ်ဆိုတဲ့စကားကို သမီးသိမှာပါ။ ချောင်တယ်၊ ချေချောင်ငံပြောတယ်ဆိုတာ ဘာလဲသမီး"

"စကားပြောရင် ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ပြောတာကို ဆိုလိုတယ်လို့ထင်ပါတယ် ဘဘ "

"ဟုတ်ပါတယ်။ စကားပြောတဲ့အခါ ယဉ်ယဉ်ကျေးကျေးပြောတာကို ချောင်တယ်လို့ သုံးတာပေါ့။ လူတစ်ယောက်နဲ့တစ်ယောက် ပြောဆိုဆက်ဆံရာမှာ ယဉ်ယဉ်ကျေးကျေးပြောရင် တစ်ဖက်လူနားဝင်တယ်။ ရိုင်းရိုင်းစိုင်းစိုင်းပြောရင် တစ်ဖက်လူနားမဝင်တဲ့အပြင် စိတ်ဆိုးပြီးရန်ဖြစ်ကြဖို့ ပိုနီးစပ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘဘ။ သမီးတို့သင်ဖူးတဲ့ဆုံးမစာမှာ 'တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ ' ဆိုတာမှတ်မိနေပါတယ် ဘဘ "

"ဟုတ်ပါတယ်။ စကားအပြောအဆိုကြောင့် စစ်ပွဲကြီးတွေဖြစ်လာသလို စကားအပြောအဆိုကြောင့်ပဲ စစ်ပြေငြိမ်းသွားတယ်ဆိုတဲ့ စကားမျိုးလည်းရှိတယ်လေ "

" ဟုတ်ကဲ့ပါ "

"ဒီတော့ တစ်ယောက်နဲ့တစ်ယောက် ပြောဆိုဆက်ဆံတဲ့အခါ ယဉ်ယဉ်ကျေးကျေးပြောတာလား၊ ရိုင်းရိုင်းစိုင်းစိုင်းပြောတာလား၊ ငဲ့ကွက်ထောက်ထားပြီးပြောတာလား၊ မငဲ့မကွက်ပြောတာလားစသည်ဖြင့်ပေါ့၊ အဲဒီလိုပြောတဲ့စကားတွေရဲ့အကျိုးသက်ရောက်မှုတွေကိုပညာရှင်တွေက ' ယဉ်ကျေးချောင်မှု ' ဆိုတဲ့ ခေါင်းစဉ်နဲ့စူးစမ်းလေ့လာကြတယ်ကွဲ့ "

" သြော်...ဟုတ်ကဲ့ပါ "

"ယဉ်ကျေးချောင်မှုကို နှစ်မျိုးခွဲနိုင်တယ်။ တစ်မျိုးက တစ်ဖက်လူကိုယ့်စကားကြောင့် ဝန်ပိုမသွားအောင် ငဲ့ကွက် ထောက်ထားပြီးပြောတာ။ နောက်တစ်မျိုးက တစ်ဖက်လူနဲ့ အပေါင်းအသင်းဖြစ်ချင်တဲ့၊ အတူတူပူးပေါင်းပြီးလုပ်ချင်တဲ့ သဘောနဲ့ပြောတာ။ အဲဒီလိုခွဲနိုင်တယ် "

"သာဓက ကလေးနဲ့ ... ပြောပါ့မယ်။"

"ဆိုပါစို့ကွယ်။ တစ်ဖက်လူကို အကူအညီတစ်ခုတောင်းချင်တဲ့အခါ "အားမှအားရဲ့လား မသိဘူး။ တစ်ခုလောက် မေးပါရစေ။ အားတော့နာပါတယ်။ အချိန်မှရရဲ့လား" ဆိုတဲ့စကားမျိုးတွေနဲ့ အစချီတာဟာ တစ်ဖက်လူအလုပ်ရှုပ်သွားမှာ ဝန်ပိုသွားမှာကို ငဲ့ကွက်ပြီးပြောတာပေါ့ကွယ်။ ဒီစကားမျိုးဟာလည်း ယဉ်ကျေးချောင်တဲ့စကားမျိုးပေါ့ "

" ဟုတ်ကဲ့ပါ "

"နောက်တစ်မျိုးက 'ခင်ဗျားနဲ့၊ ကျွန်တော်နဲ့ ဒီအဝတ်လျှော်စက်ကို အတူတူသုံးကြရအောင် '၊ 'ကဲ ခြင်းခတ်ကြစို့ '၊ 'ဒီရုံးပိတ်ရက်မှ ညှော်ခန်းသန့်ရှင်းရေးလုပ်ကြရင် မကောင်းဘူးလား' ဆိုတဲ့ စကားမျိုးတွေပါ။ တစ်ဖက်လူနဲ့ အတူတူပူးပေါင်းပြီးလုပ်ချင်ကိုင်ချင်တဲ့ သဘောထားကိုဖော်ပြတာပါပဲ။ အဲဒါလည်း ယဉ်ကျေးချောင်တဲ့စကားမျိုးပဲပေါ့ "

" ဟုတ်ကဲ့၊ နားလည်ပါပြီ ဘဘ "

"စဉ်းစားကြည့်ရင် သမီးတို့၊ ဘဘတို့၊ နေ့တိုင်းပြောဆိုဆက်ဆံနေကြတဲ့ စကားတွေမှာ အဲဒီသဘောတွေပါနေတာ တွေ့မှာပါ။ တစ်ယောက်က အဲဒီလိုပြောလိုက်ရင် တစ်ယောက်က အလွယ်တကူ ကျေကျေနပ်နပ်လက်ခံနိုင်တာပေါ့ကွယ် "

" ဟုတ်ကဲ့ပါ "

" ကဲ... တစ်ခုရှိတာက ယဉ်ကျေးချောင်မှုဆိုတာ ပြောတဲ့စကားသက်သက်နဲ့ပဲ ဆိုင်တာမဟုတ်ဘူး။ ပြောတဲ့ အခြေအနေပေါ်လည်း မူတည်တယ်ကွဲ့ "

" ရှင်းပြပါဦး ဘဘ "

" တစ်ခုက ပြောတဲ့စကားဟာ ပြောတဲ့သူရဲ့အကျိုးအတွက် ပြောတဲ့စကားလား၊ နားထောင်တဲ့သူရဲ့အကျိုးအတွက်ပြောတဲ့စကားလားဆိုတဲ့အချက်ပဲ။ နားထောင်သူရဲ့အကျိုးအတွက် ပြောတဲ့စကားဆိုရင် စကားကယဉ်ယဉ်ကျေးကျေး ချေချောင်ငံမဟုတ်ရင်လည်း နားထောင်သူက ကျေကျေနပ်နပ်ရှိတယ်။ ဆိုပါစို့၊ 'ဟေ့ကောင် ဒီမုန့်တွေကို မင်းကလေးတွေဖို့ ယူသွားပြီး ကျွေးလိုက်စမ်း' လို့ ပြောတဲ့စကားဟာ ယဉ်ကျေးချောင်မှု မရှိဘူးလေ၊ ခပ်ပြတ်ပြတ်ပြောတာ မဟုတ်လား။ ဒါပေမယ့် နားထောင်သူရဲ့ အကျိုးအတွက် ပြောတဲ့စကားမို့ နားထောင်သူက 'ရိုင်းလိုက်တာ' လို့ ထင်စရာအကြောင်း မရှိပါဘူး။ ကျေကျေနပ်နပ် လက်ခံမှာပဲလေ"

"ဟုတ်တယ်နော် ဘဘ"

"ဒါထက် ပိုရိုင်းတဲ့ သာဓကလေးပြောဦးမယ်။ သူငယ်ချင်းတစ်ယောက်ကို 'ဟေ့ ခွေးကောင်၊ ဒီည ငါ့အိမ်မှာ ညစာလာစားလှည့်။ ငါ့မိန်းမက မင်းကြိုက်တဲ့ဟင်းတွေ ချက်ထားလို့ မင်းကိုသတိရတာနဲ့ ဖုန်းဆက်လိုက်တာ' လို့ပြောတယ်ဆိုပါတော့။ အဆဲအဆိုပါ ပါနေတော့ ရိုင်းတာပေါ့။ ဒါပေမယ့် သူတို့ချင်း ရင်းနှီးနေတာရယ်၊ နားထောင်သူအကျိုးအတွက် ပြောတာရယ်၊ အဲဒီအခြေအနေတွေကြောင့် နားထောင်သူက ဆဲတဲ့စကားကို ထိခိုက်စရာလို့ ဘယ်ထင်မှာလဲ။ 'အေး... လာမယ် ခွေးကောင်ရေ' လို့ ပြန်ပြောချင် ပြောမှာပေါ့"

"စိတ်ဝင်စားဖို့ ကောင်းတယ်နော် ဘဘ"

"အင်း... ဒါပေမယ့် ပြောတဲ့သူက 'ဟေ့ကောင်၊ ငါ့ဖိနပ်ကို ပြောင်နေအောင် တိုက်ပေးစမ်း' လို့ ပြောရင်တော့ ပြောတဲ့သူရဲ့အကျိုးအတွက် ပြောတာမို့ ဒီစကားက ရိုင်းတာပေါ့။ နားထောင်သူကို အထက်စီးနဲ့ ပြောရာရောက်တာပေါ့။ နားထောင်တဲ့သူက ဘယ်လက်ခံနိုင်မှာလဲ"

"ဟုတ်ကဲ့ပါ"

"အဆဲအဆိုတွေပါ ပါလာရင်တော့ နားထောင်သူကို စော်ကားရာရောက်တာပေါ့။ ဒါကြောင့် နားထောင်တဲ့သူရဲ့ အကျိုးအတွက်ပြောရင် စကားက ချေချောင်ငံမရှိပေမယ့် နားခံသာတယ်။ ပြောတဲ့သူရဲ့ အကျိုးအတွက် ပြောရင်တော့ မချောင်တဲ့စကားလို့ သတ်မှတ်ရမှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲ... တစ်ဖက်ကကြည့်ရင် ပြောတဲ့စကားက ယဉ်ယဉ်ကျေးကျေး ချေချောင်ငံရှိပေမယ့် ပြောသူနှစ်ယောက်ရဲ့ ဆက်ဆံရေးအခြေအနေက မကောင်းဘူးဆိုရင်တော့ ဒီစကားဟာ ဆီလျော်တဲ့ စကားမျိုး မဟုတ်ပြန်ဘူးလေ။ လင်မယားနှစ်ယောက် ရန်ဖြစ်ထားတုန်း မိန်းမက 'ဘယ်မိန်းမအိမ်ကြွချီမလို့လဲဆိုတာ ကျေးဇူးပြုပြီး အမိန့်ရှိပါဦးရှင်' လို့ပြောရင် စကားက ယဉ်ကျေး ချောင်ပေမယ့် တမင်ငေါ့ပြောတဲ့စကားဖြစ်နေတာ အသိသာကြီးပဲလေ။ ယဉ်ကျေးချောင်တဲ့စကားလို့ ဘယ်ခေါ်နိုင်မှာလဲ"

"ဟုတ်တယ်နော် ဘဘ"

"တို့မြန်မာစကားမှာ တစ်ဖက်လူ ဝန်ပိုသွားမှာစိုးလို့ ငဲ့ကွက်ပြီးပြောတဲ့ စကားတစ်ခွန်းရှိတယ်။ အင်မတန်လည်း အသုံးတွင်တယ်။ သမီး သတိထားမိမှာပေါ့"

" 'အားနာပါတယ်' ဆိုတဲ့ စကားထင်တယ် ဘဘ"

"ဟုတ်တယ်လေ။ ဒီစကားဟာ တစ်ဖက်လူကို ငဲ့ကွက်တတ်တဲ့ မြန်မာ့ဓလေ့ကို ထင်ဟပ်ပြနေတဲ့ စကားပဲ မဟုတ်လား။ အဲဒီလို အသုံးတွေရှိပါတယ်။ 'နည်းနည်းလောက် အချိန်ရပါသလား'၊ တစ်မိနစ်လောက် အချိန်ရမလား။ စကားတစ်ခွန်းလောက် ပြောပါရစေ၊ အလုပ်များနေသလား မသိဘူး။ ခဏလေးပါဆိုတဲ့စကားမျိုးတွေလေ။ ရှေ့က အဲဒီစကားမျိုးတွေလမ်းခင်းပေးပြီးမှ အဓိကကျတဲ့ စကားကို ဆက်ပြောတတ်ကြတယ်လေ"

"ဟုတ်ကဲ့ပါ"

"အဲ... တစ်ဖက်လူကလည်း စကားလမ်းခင်းတာကို လက်ခံပြီး 'အားပါတယ်၊ အချိန်ရပါတယ်' လို့ တုံ့ပြန်ရင်တော့ သူတို့နှစ်ယောက်စကားဆက်ပြောကြပြီး အဆင်ပြေဖို့ များတာပေါ့"

"ဟုတ်ကဲ့"

"အဲ... တစ်ဖက်လူကလည်း မကူညီချင်လို့ပဲ ဖြစ်ဖြစ်၊ တကယ်မအားလို့ပဲ ဖြစ်ဖြစ်၊ 'မအားသေးဘူး၊ သွားစရာရှိတယ်' ဆိုတာမျိုး တုံ့ပြန်လိုက်ရင်တော့ စကားလမ်းကြောင်း ပိတ်သွားတာမို့ ရှေ့ဆက်လို့မရတော့ဘူးပေါ့"

"စိတ်ဝင်စားစရာပဲနော် ဘဘ"

"သတိရလို့ ပြောရဦးမယ်။ လမ်းမှာ စိုက်ထူထားတဲ့ ဆောင်ပုဒ်တွေ၊ ကြွေးကြော်သံတွေမှာလည်း ယဉ်ကျေးချောင်မှုကိုပြတဲ့ အရေးအသားမျိုးတွေ တွေ့ရတယ်ကွဲ့။ သမီးတော့ မမွေးသေးဘူးထင်ပါရဲ့၊ ဟိုအရင်ခေတ် ရွေးကောက်ပွဲတွေကျင်းပခါနီးမှာ ကြွေးကြော်သံခေါ်မလား ရေးထားတဲ့ စာသားတစ်ခုက 'မဲရုံကိုသွားကြစို့' တဲ့"

"အခုခေတ်မှာလည်း သုံးတယ်ထင်ပါတယ် ဘဘ"

"ဒါ မဲရုံကို အတူတူသွားပြီး မဲပေးကြရအောင်လို့ ပူးပေါင်းဆောင်ရွက်ချင်တဲ့ ဆန္ဒကို ချေချောင်ငံ ဖော်ပြတဲ့ စာသားပေါ့"

"ဟုတ်ကဲ့ပါ"

"အဝေးပြေးကားတွေ လမ်းမှာ ခဏနားရင် 'ခရီးသည်များ မိမိတို့ရဲ့အရေးကြီးတဲ့ ပစ္စည်းများကို တစ်ပါတည်း ယူဆောင်သွားကြဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျား' လို့ ပြောလေ့ရှိတယ်မဟုတ်လား။ ဒါ ခရီးသည်တွေ အလုပ်ရှုပ်သွားမှာကို အားနာ ငဲ့ကွက်ပြီး ပြောတဲ့စကားလို့ နားလည်နိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲ... သတိရလို့ တစ်ဆက်တည်းပြောရဦးမယ်။ အဝေးပြေးကားလမ်းဘေးတွေမှာ 'ဘာကြောင့်ရပ်ရပ် ဘေးချရပ်' လို့ ရေးထားတဲ့ စာသားတွေ မကြာမကြာတွေ့တယ်။ စာသားအတိအကျတော့ မမှတ်မိဘူး။ ရေးထားတာ အဲဒီသဘောပဲ အန္တရာယ်ဖြစ်မှာစိုးလို့ သတိပေးတာမှန်ပေမယ့် ယဉ်ကျေးချောင်တဲ့ အသုံးတော့ မဟုတ်ဘူးပေါ့ကွယ်။ ကဲ... နားကြစို့။

"တို့မြန်မာစကားမှာ တစ်ဖက်လူ ဝန်ပိုသွားမှာစိုးလို့ ငဲ့ကွက်ပြီးပြောတဲ့ စကားတစ်ခွန်းရှိတယ်။ အင်မတန်လည်း အသုံးတွင်တယ်။ သမီး သတိထားမိမှာပေါ့" ။" 'အားနာပါတယ်' ဆိုတဲ့ စကားထင်တယ် ဘဘ" ။
"ဟုတ်တယ်လေ။ ဒီစကားဟာ တစ်ဖက်လူကို ငဲ့ကွက်တတ်တဲ့ မြန်မာ့ဓလေ့ကို ထင်ဟပ်ပြနေတဲ့ စကားပဲမဟုတ်လား"

# ဒေသအသီးသီးတွင် လေပြင်းတိုက်ခတ်မှုများကြောင့် အဆောက်အအုံအချို့ အမိုးလန်ပျက်စီး



လေပြင်းတိုက်ခတ်မှုကြောင့် သာသနိကအဆောက်အအုံများ ပျက်စီးနေမှုများကို တွေ့ရစဉ်။

**အရာတော်**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာတွင် ဧပြီ ၁၈ ရက်က မိုးသက်လေပြင်းများ ကျရောက်မှုကြောင့် လူနေအိမ်အဆောက်အအုံများနှင့် သာသနိက အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းကျရောက်မှုကြောင့် ဝါးတန်းကျေးရွာတွင် လူနေအိမ် ၅၄ အိမ်၊ ရွာရှည် ကျေးရွာတွင် လူနေအိမ် ၂၉ အိမ်၊ ဆူးလေကုန်းကျေးရွာတွင် လူနေအိမ် ၁၄ အိမ်၊ ငွေတွင်းကျေးရွာတွင် လူနေအိမ် ၄၂ အိမ်နှင့် သာသနိက အဆောက်အအုံ သုံးလုံး ထိခိုက်ပျက်စီး ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ခဲ့သော ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေရာသို့ ဧပြီ ၁၉ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏနှင့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

**မလှိုင်**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ဧပြီ ၁၈ ရက်က လေပြင်းတိုက်၍ ပန်းအိုင်ကျေးရွာအုပ်စု သဲတိုက်ကြီးကျေးရွာရှိ ဆောက်လုပ်လျက်ရှိသော အဆောက်အအုံတစ်ခုမှာ အမိုးများ အချပ်လိုက်လန်ကျခဲ့ကြောင်း အိမ်ပိုင်ရှင် ဒေါ်စောအေးထံမှ သိရသည်။

သဲတိုက်ကြီးကျေးရွာတွင် ဧပြီ ၁၈ ရက်က အဆိုပါကျေးရွာနေ ဒေါ်စောအေး ပိုင်ဆိုင်သော လေးပင်သုံးခန်း ဆောက်လုပ်ဆဲအဆောက်အအုံမှ သွပ်မိုးများပါသော အမိုးတစ်ခုလုံး လေပြင်းနောက်ပါပြီး အဆောက်အအုံနှင့် ပေ၅၀ ခန့်တွင် မြေပြင်ပေါ်သို့ ပြန်လည်ကျခဲ့ကြောင်း၊ ထိုသို့ ပြုတ်ကျမှုကြောင့် လူနှင့်တိရစ္ဆာန် ဆုံးရှုံးမှုမရှိသော်လည်း သွပ်ပြားရှစ် ချပ်ခန့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ကာ ထုပ်တန်းများ ပြုတ်ကျမှုဖြစ်ပေါ်ခဲ့ကြောင်း မြင်တွေ့ရသည်။

လေပြင်းတိုက်ခတ်၍ အမိုးလန်မှုဖြစ်ပွားခဲ့သော ဒေါ်စောအေးနေအိမ်သို့ မလှိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့်အဖွဲ့ လာရောက်ကြည့်ရှုခဲ့ပြီး သွပ်ပြားရှစ်ချပ် ပျက်စီးဆုံးရှုံးခဲ့မှုနှင့် မိသားစုဝင်သုံးဦးတို့အတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ အကူအညီများ တောင်းခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

**ရွှေတောင်**

ရွှေတောင်မြို့နယ်တွင် ဧပြီ ၁၈ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအချို့ရှိ လူနေအိမ်၊ ဘုန်းကြီးကျောင်း၊ ကျေးလက်ကျန်းမာရေးဌာန သီလရှင်ကျောင်းနှင့် စာသင်ကျောင်းများ ပြိုကျ၊ အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက် တစ်ခု၊ ကျေးရွာအုပ်စု ၁၅ စု စုစုပေါင်း ရပ်ကွက်နှင့် ကျေးရွာ ၁၆ အုပ်စုအတွင်းရှိ လူနေအိမ် ခုနစ်လုံးပြိုကျပျက်စီး၊ ၁၄၉ လုံးအမိုးလန်ပျက်စီးနှင့် ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ သီလရှင်ကျောင်း တစ်ကျောင်း၊ ကျေးလက်ဆေးပေးခန်း တစ်ခုနှင့် စာသင်ကျောင်း တစ်ကျောင်းတို့ အမိုးလန်ပျက်စီးခဲ့ကြောင်း အိမ်ထောင်စု ၁၅၇ စု လူဦးရေ စုစုပေါင်း ၅၆၄ ဦး လေဘေးသင့်ခဲ့ကြကြောင်း သိရသည်။

လေဘေးသင့်ပြည်သူများအား ယာယီရွှေ့ပြောင်းနေထိုင်နိုင်ရေး၊ လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ရရှိနိုင်ရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာရရှိခြင်း မရှိကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

**မင်းတုန်း**

သရက်ခရိုင် မင်းတုန်းမြို့နယ်တွင် ဧပြီ ၁၈ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် တိုင်တားကျေးရွာတွင် တစ်ထပ်လူနေအိမ် ၁၁ လုံး၊ နှစ်ထပ်လူနေအိမ် နှစ်လုံးတို့မှာ အမိုးလန်ပျက်စီး၍ နှစ်ထပ် လူနေအိမ် တစ်လုံးမှာ ယိုင်လဲခဲ့ပြီး စုစုပေါင်းလူနေအိမ် ၁၄ လုံးပျက်စီးခဲ့သည်။ အလားတူ သမင်ကတုတ်ကျေးရွာတွင် ၁ ထပ်လူနေအိမ် ခုနစ်လုံး၊ ပဲခွဲစက်ရုံ တစ်လုံး၊ အမက ကျောင်းဆောင် ပေ(၃၀×၆၀) အုတ်ညှပ် တစ်ထပ် အမိုးလန်ပျက်စီးခဲ့သည်။ အလားတူ ငါးပုန်ကုန်းကျေးရွာတွင်လည်း နှစ်ထပ်လူနေအိမ် သုံးလုံးနှင့် ထန်းပင်ကိုင်းကျေးရွာရှိ အမက ကျောင်းဆောင် အမိုးလန်ပြီး မျက်နှာကြက်များ ပျက်စီးခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် ပျက်စီးသွားသော နေအိမ်မှ လူများမှာ နီးစပ်ရာဆွေမျိုးအိမ်များတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**ချင်းကလေး(မင်းတုန်း)**



လေပြင်းတိုက်ခတ်မှုကြောင့် မင်းတုန်းမြို့နယ်ရှိ နေအိမ်များ ပျက်စီးနေမှုကို တွေ့ရစဉ်။

# ဓနုတိုင်းရင်းသားရိုးရာ ဝါးထီးလုပ်ငန်းနှင့် ရှမ်းစက္ကူလုပ်ငန်းများအား နိုင်ငံခြားသားများ လာရောက်လေ့လာ

**ပင်းတယ ဧပြီ ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယ မြို့ မြို့ပေါ်ရပ်ကွက်များရှိ ရှမ်းစက္ကူကုန်ထုတ်လက်မှုလုပ်ငန်းများနှင့် ဓနုတိုင်းရင်းသားရိုးရာ ဝါးထီးလုပ်ငန်းများကို နွေရာသီကာလဖြစ်သော မတ်လဆန်းပိုင်းမှစတင်၍ ပြည်တွင်းပြည်ပမှ လာရောက်ကြည့်ရှုလေ့လာသူ များပြားလျက်ရှိပြီး အရောင်းအဝယ်ကောင်းလျက်ရှိသည်။

ရှမ်းစက္ကူပြုလုပ်ပုံအဆင့်ဆင့်မှာ ဒေသအခေါ် ဂုန်လျှော်ပင်မှ အခေါက်များကို ခွာယူကာ သုံးလေးရက်ခန့် အခြောက်လှန်းပြီး ရရှိလာသည့် အခေါက်များကို ၁၂ နာရီခန့် ရေစိမ်၍ မီးဖိုပေါ်တွင် ငါးပိသာခန့်ဆံ့သည့် အိုးကြီးဖြင့် မီးအပူပေးကာ ရေနှင့်ပြာရော၍ ၂၄ နာရီခန့် ပြုတ်ရသည်။ ပြုတ်၍ရရှိလာသော ဂုန်လျှော်ဖတ်များကို သစ်သားတူဖြင့် ညက်အောင်ထုပြီး ပိတ်စနှင့်ဝါးဖြင့် ပြုလုပ်ထားသည့် နှစ်လက်မပတ်လည် လေးထောင့်ပုံ စက္ကူပြုလုပ်ရန်ဒေသအခေါ် (ထင်) အတွင်းသို့ ယင်းစက္ကူလုံးကို ထည့်၍ လက်ဖြင့်လိုသလိုဖြန့်ပြီး ရေစစ်ယူကာ ဖြည်းညင်းစွာမ၍ နေပူတွင် တစ်နာရီခန့်လှန်းပေးရသည်။ အခြောက်ခံ၍ ရရှိလာသောစက္ကူကို လက်ဖြင့် သေချာစွာ ခွာယူကာ ရှမ်းစက္ကူတစ်ချပ်ရရှိလာအောင် ပြုလုပ်ကြသည်။



ဓနုတိုင်းရင်းသားရိုးရာ ဝါးထီးလုပ်ငန်းသို့ နိုင်ငံခြားသားများ လာရောက်လေ့လာစဉ်။

အဆိုပါ ရှမ်းစက္ကူများကို ဓနုရိုးရာဝါးထီးလုပ်ရာတွင် ထီးရွက်အဖြစ်လည်းကောင်း၊ နေအိမ်၏ မျက်နှာကြက်များတွင် အလှဆင်၍လည်းကောင်း၊ မီးပုံး၊ ယပ်တောင်၊ စာအုပ်၊ ပန်းချီကား အစရှိသည့်နေရာများတွင် အလှဆင်ရန်လည်းကောင်း၊ မီးပုံးပျံကြီးများ ပြုလုပ်ရာတွင်လည်းကောင်း လိုအပ်သလို အသုံးပြုကြသည်။ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်တွင် ပြုလုပ်သော မီးပုံးပျံကြီးများမှာ ရှမ်းစက္ကူဖြင့် အဓိက အသုံးပြုထားခြင်းဖြစ်သည်။

ပင်းတယမြို့၏ အဓိကရိုးရာလက်မှုလုပ်ငန်းဖြစ်သော ဓနုရိုးရာဝါးထီးလုပ်ငန်းတွင်လည်း အဆိုပါ ရှမ်းစက္ကူမှာ မရှိမဖြစ်ကုန်ကြမ်းတစ်ခုဖြစ်ကြောင်း သိရသည်။ ဝါးထီးပြုလုပ်ပုံအဆင့်ဆင့်မှာ သစ်သားပွတ်ခုံပေါ်တွင် လက်ပံသားများကို ထီးဦးပွတ်ခြင်း၊ ထီးရိုးပြုလုပ်ခြင်းများကို စတင်ပြုလုပ်ပြီး ထီးရိုးဝါးကို အရိုးတံအဖြစ် အသုံးပြုရန် အရွယ်အစားအလိုက် ပိုင်းဖြတ်သည်။ ထို့နောက် ထီးခြင်အဖြစ် ထောက်တိုင်၊ ထီးကာ၊ နှစ်မျိုးခွဲကာ ဝါးကြီးဝါးကို အချောသတ်ဆောင်ရွက်သည်။ ထို့နောက်ရရှိလာသည့် ထောက်တိုင်နှင့် ထီးကာခြင်နှစ်ခုကို အပ်နှင့်အပ်ချည်ဖြင့် အရေအတွက် ၂၄ ခုစီ တွဲယှက်သည်။ ထို့နောက် ထီးရိုးဝါး၏ထိပ်တွင် တပ်ဆင်ကာ ရှမ်းစက္ကူကို အဝိုင်း၊ လေးထောင့်ပုံသဏ္ဍာန်များဖြင့် ညှပ်ယူကာ ထီးပွင့်ကပ်ခြင်း၊ ထီးဦးတပ်ခြင်း၊ ထီးရိုးတပ်ခြင်းများကို ဆောင်ရွက်သည်။ ယင်းနောက် ရရှိလာသော ထီးပွင့်ကို လိုအပ်သလို ဆေးရောင်စုံပန်းချီဆွဲ၍ အဆုံးသတ်ကာ ထီးအဖွင့်အပိတ်ခလုတ်အား ဝါးဖြင့်ပြုလုပ်တပ်ဆင်ပြီးပါက ဓနုရိုးရာဝါးထီးတစ်လက်ရရှိလာမည်။

ယခုအခါ ဓနုရိုးရာဝါးထီးလုပ်ငန်းနှင့် ရှမ်းစက္ကူလုပ်ငန်းများကို ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၊ ဘုရားဖူးများ၊ တက္ကသိုလ်အသီးသီးမှ လေ့လာရေး ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူကြသဖြင့် အရောင်းအဝယ်ကောင်းကာ မိသားစုစားဝတ်နေရေးများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ရှမ်းစက္ကူရိုးရိုး တစ်ချပ်လျှင် ငွေကျပ် ၅၀၀၊ ပန်းဖြင့် အလှဆင်ထားသည့် ရှမ်းစက္ကူတစ်ချပ်လျှင် ငွေကျပ် ၁၀၀၀ အထိရရှိကြောင်းနှင့် ဓနုရိုးရာဝါးထီးတစ်လက်လျှင် အရွယ်အစားအလိုက် ငွေကျပ် ၁၅၀၀ မှ ၅၀၀၀၀ အထိ ရရှိကြောင်းလည်း သိရသည်။

**ခင်မျိုးနွယ်(ပြန်/ဆက်)**

# ကံမမြို့နယ် ရေလယ်မြောက်ကျေးရွာတွင် ဆိုလာစနစ် လမ်းမီးတိုင်များ တပ်ဆင်

**ကံမ ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကုန်းသောင်ကျေးရွာအုပ်စု ရေလယ်မြောက်ကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် လမ်းမီးတိုင်များ တပ်ဆင်အသုံးပြုခဲ့သည်။ ထိုသို့ တပ်ဆင်ရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆိုလာစနစ်လမ်းမီးတိုင် ၂၀ ကို ဧပြီပထမပတ်က တပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**



ဆိုလာစနစ်သုံး လမ်းမီးတိုင်များ တပ်ဆင်နေစဉ်။

# ငါးသိုင်းချောင်းမြို့ လောကမာရဇိန်စေတီတော်ချမ်းသာကြီးတန်ဆောင်းအတွင်း၌ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားဆင်းတုတော်များ စုပေါင်းတည်ထား

**ငါးသိုင်းချောင်း ဧပြီ ၁၉**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ လောကမာရဇိန် စေတီတော်ရင်ပြင်ရှိ ချမ်းသာကြီးတန်ဆောင်းအတွင်း၌ ဒေသခံပြည်သူအလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားဆင်းတုတော် စုစုပေါင်း ၂၈ ဆူကို အနေကဇာတင်ခြင်းမင်္ဂလာနှင့် ရေစက်ချအလှူမင်္ဂလာကို ယမန်နေ့က အဆိုပါတန်ဆောင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အနေကဇာတင်ခြင်းအစီအစဉ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တသံဝရာဘိဝံသ (ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက်) ဆရာတော်ဦးဆောင်သော ဆရာတော်သံဃာတော်များက နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား အနေကဇာတင်ခြင်း မင်္ဂလာကျင်းပခဲ့ပြီး ငါးသိုင်းချောင်းမြို့ မဟာစည်ကျောင်းတိုက်ဆရာတော်က အလှူရေစက်ချတရားတော်များ ချီးမြှင့်ကာ ဒေသခံပြည်သူများ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အလှူရှင်များက စုပေါင်းရေစက်ချ လှူဒါန်းခဲ့ကြသည်။



နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များအား ရေစက်ချလှူဒါန်းစဉ်။

အဆိုပါ စေတီတော်ကြီးသည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်ကပင် အများပြည်သူ စုပေါင်းအားဖြင့် တည်ထားကိုးကွယ်ခဲ့ကြောင်း၊ ဉာဏ်တော် ၁၀၈ တောင်မြင့်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ပြည်သူ ပြည်သားများ တည်ထားခဲ့သော စေတီများအနက် အကြီးဆုံးစေတီကြီးဖြစ်သည်။ ခေတ်အဆက်ဆက် စုပေါင်းပြုပြင်ထိန်းသိမ်းလာခဲ့ရာ ယခုအခါတွင် ဘုရားကြီးဝင်းအတွင်းရှိ တန်ဆောင်းများနှင့် ရင်ပြင်တော်၊ ဘုရားဝင်း သန့်ရှင်းသာယာလှပရေးတို့ကို သက်ဆိုင်ရာနာယက ဆရာတော်ကြီးများ၏ လမ်းညွှန်မှုနှင့် ဂေါပကအဖွဲ့မှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနှစ်ဆန်းနှစ်ရက်နေ့တွင်လည်း ဒေသခံပြည်သူများ စုပေါင်းအားဖြင့် အများပြည်သူ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားဆင်းတုတော်များကို တည်ထားကိုးကွယ်နိုင်ခဲ့ကြောင်း လောကမာရဇိန်စေတီတော် ဂေါပကအဖွဲ့ဝင် ဦးသက်လွင်က ပြောသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ဝါးလေးတောင်ကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**ငဖဲ ဧပြီ ၁၉**

မင်းဘူးခရိုင် ငဖဲမြို့နယ် ဝါးလေးတောင်ကျေးရွာ၌ သောက်ရေကန်အတွင်း ရေညှိများကြောင့် ညစ်ညမ်းမှုဖြစ်၍ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသဖြင့် ယမန်နေ့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းဦးနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ နွေရာသီသောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင် ဝါးလေးတောင်ကျေးရွာရှိ အိမ်ထောင်စု ၁၀ စု လူဦးရေ ၄၀ ခန့် နေထိုင်သည့် ကျေးရွာအား မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၈၀၀ ပါ ယာဉ်တစ်စီး၊ မြို့နယ်ကျေးလက် ဦးစီးဌာနမှ ငါးဂါလန်ဆံ့ ရေပုံး ၂၅ ပုံးတို့ဖြင့် စုစုပေါင်းသောက်သုံးရေ ၉၂၅ ဂါလန်ပေးပို့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**

# သုဝဏ္ဏဘုမ္မိ ဝိပဿနာ အောင်ဆုပန်စေတီတော်မြတ်ကြီး ဌာပနာတော်သွင်းလှူပူဇော်

**နေပြည်တော် ဧပြီ ၁၉**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ သုဝဏ္ဏဘုမ္မိဝိပဿနာဆင်ဖြူကျွန်းရိပ်သာကျောင်းတိုက်၌ အသစ်တည်ထားကိုးကွယ်ပူဇော်သည့် အောင်ဆုပန်စေတီတော်မြတ်ကြီးဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ယနေ့နံနက် ၈ နာရီက အဆိုပါ ကျောင်းတိုက်ဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဝဲကြီးကျေးရွာ ရှင်ဖြူကျွန်းရိပ်သာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘဏ အမှူးပြုသော ပင့်သံဃာ ၃၂ ပါး ကြွရောက်တော်မူပြီး တက်ရောက်လာကြသော ဧည့်ပရိသတ်အပေါင်းတို့က ဆရာတော်သံဃာတော်များထံမှ ကိုးပါးသီလ ဆောက်တည်ခံယူကြသည်။ ထို့နောက် ဘုရားဒါယကာ ဒါယိကာမများက ဌာပနာတော်အတွင်း ထည့်သွင်းပူဇော်မည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ရတနာပစ္စည်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကာ ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ယင်းနောက် ဆရာတော် သံဃာတော်များနှင့် အလှူဒါယကာ ဒါယိကာမများက ဌာပနာတော်များကို မင်္ဂလာရထားဖြင့် စေတီတော်ပေါ်သို့ ပင့်ဆောင်၍ ဌာပနာသွင်းလှူပူဇော်ခဲ့ပြီး ရတနာရွှေမိုး ငွေမိုးများရွာသွန်း ဖြိုးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေဟောင်းသမိုင်းဝင် ဇင်းကျိုက်ဆံတော်ရှင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**ဇင်းကျိုက် ဧပြီ ၁၉**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ရှိ ဂဠုဂိရိတောင် ( ခေါ် ) ဇင်းကျိုက်တောင်တော်သည် ပင်လယ်ရေမျက်နှာပြင်နှင့် အထက်ပေပေါင်း ၃၀၂၂ ပေတွင် တည်ရှိပြီး ယင်းတောင်တော်ပေါ်တွင် တည်ထားသော ရွှေဟောင်းသမိုင်းဝင် ဇင်းကျိုက်ဆံတော်ရှင်စေတီတော်မြတ်ကြီး အားစိန်ဖူးတော်တင် မင်္ဂလာအခမ်းအနားကို ဧပြီ ၁၉ ရက်က ကျင်းပသည်။

ထို့အတူ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဧပြီ ၁၂ ရက်မှ စတင်ကာ ဧပြီ ၂၁ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။



ဇင်းကျိုက်ဆံတော်ရှင်စေတီတော်မြတ်ကြီး ဘုရားပွဲလာရောက်သူများ စည်ကားနေမှုကို တွေ့ရစဉ်။

ဆံတော်ရှင် စေတီတော်မြတ်သို့ သွားရောက်ဖူးမြော်လိုသော ဘုရားဖူးပရိသတ်များ ဘေးကင်းလုံခြုံစွာဖြင့် လျင်မြန်လွယ်ကူစွာ သွားရောက်ဖူးမြော်နိုင်စေရေးနှင့် ဘုရားဖူးပရိသတ်များ သွားလာမှု အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ယခင်က တွန်ကျေးရွာမှ တောင်တက်ကားလမ်း တစ်လမ်းတည်းကိုသာ အသုံးပြုခဲ့ရာ ယခုနှစ်တွင် ပွဲတော်အမီ ဇင်းကျိုက်ဆံတော်ရှင် တောင်ခြေရင်းမှ တောင်တက်ကားလမ်း တစ်ကြောင်းကိုလည်း အသစ်ပြန်လည်ဖောက်လုပ်ခဲ့ပြီး ပွဲတော်ရက်တွင် ခရီးသည်ပို့ဆောင်ရေးယာဉ် ၂၁ စီးဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ဆံတော်ရှင်စေတီတော်သို့ တောလမ်းမှ ခြေကျင်သွားရောက်ဖူးမြော်သူများလည်း ရှိကြသလို မော်တော်ယာဉ်များဖြင့် သွားရောက်ဖူးမြော်လိုကြသော ပရိသတ်များအတွက်လည်း ခရီးသည်ပို့ဆောင်ရေးယာဉ်မှ ခရီးသည်တစ်ဦးလျှင် အတက်ငွေကျပ် ၂၀၀၀ နှုန်း၊ အဆင်းငွေကျပ် ၁၀၀၀ နှုန်းဖြင့် စီစဉ်ဆောင်ရွက်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေခြည် (ဇင်းကျိုက်)**



နိဗ္ဗာန်ဈေးပွဲတော် ကျင်းပနေစဉ်။

# မိုးမောက်၌ ဆဋ္ဌမအကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပ

**မိုးမောက် ဧပြီ ၁၉**

ကချင်ပြည်နယ် မိုးမောက်မြို့ မန္တလေးဘုန်းတော်ကြီးကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆဋ္ဌမအကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို ဧပြီ ၁၈ ရက် ညနေ ၃ နာရီတွင် မန္တလေးကျောင်း ထိုင်ဆရာတော်ကြီး ဦးသိက္ခာစာရက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

မန္တလေးကျောင်း အသင်းသူ/သားများနှင့် စေတနာရှင် ပြည်သူတို့ ပူးပေါင်း၍ ကျင်းပသောနိဗ္ဗာန်ဈေးပွဲတော်ကို မိုးမောက်မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာမှ ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြောင်းနှင့် လာရောက်သူများမှ မစားရမရှိရလေအောင် တုံကင်စနစ်ဖြင့် စနစ်တကျကျင်းပလျက်ရှိကြောင်း သိရသည်။

**လွန်းနန်းထွေး**

# အမေရိကန်နိုင်ငံမှ စေတနာ့ဝန်ထမ်း ဆရာ ဆရာမများက အင်္ဂလိပ်စကားပြောသင်တန်းများ အခမဲ့သင်ကြားပေးနေ

**အောင်လံ ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် နွေရာသီ အင်္ဂလိပ်စကားပြောသင်တန်းကို ဧပြီ ၁၉ ရက်မှ မေ ၁၅ ရက်အထိ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား (တောင်ပိုင်း)မှ စေတနာ့ဝန်ထမ်းဆရာမ Dennise Banegas က သင်ကြားပို့ချပေးလျက်ရှိရာ စတုတ္ထတန်းအောင်မြင်ပြီး ကျောင်းသားကျောင်းသူများကို နေ့စဉ်နံနက် ၈ နာရီမှ ၉ နာရီအထိလည်းကောင်း၊ ပဉ္စမတန်းအောင် ကျောင်းသားကျောင်းသူများကို နံနက် ၉ နာရီခွဲမှ ၁၀ နာရီခွဲအထိ လည်းကောင်း သင်ကြားပေးလျက်ရှိသည်။

ထိုနည်းတူ အခြေခံပညာအထက်တန်းကျောင်း(ရွာထောင်)နှင့် အောင်လံမြို့နယ် မိုးကောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကသစ်ကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့တွင်လည်း အမေရိကန်နိုင်ငံမှ စေတနာ့ဝန်ထမ်း ဆရာတစ်ဦးနှင့် ဆရာမနှစ်ဦးတို့က အင်္ဂလိပ်စကားပြောသင်တန်းများ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



အမေရိကန်နိုင်ငံမှ ဆရာ ဆရာမများက အင်္ဂလိပ်စာ သင်ကြားပေးနေစဉ်။

**သိန်းလွင်(အောင်လံ)**

# စည်းကမ်းမဲ့အဖျက်လုပ်ရပ်ကြောင့် အကျည်းတန်ခဲ့ရသည့် ထီးသင်္ကြန်

ဒေါက်တာ အောင်သန်းဝင်း

နှစ်စဉ်သင်္ကြန်ပွဲတော်များကို ကျင်းပလာကြသည်မှာ တဖြည်းဖြည်းနှင့် ထူးခြားလာသည်ကို တွေ့ရသည်။ သင်္ကြန်ပွဲတော်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုများအရ နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်သက်သက်သာ မဟုတ်။ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ နှစ်ဟောင်းက အကုသိုလ်အညစ်အကြေးများဆေးကြောခြင်း၊ သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ခြင်း၊ ဥပုသ် သီလဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်း၊ တိရစ္ဆာန်များအား ဘေးမဲ့ပေးခြင်း၊ တရားစခန်းများဝင်ပြီး တရားအားထုတ်ကြခြင်းစသည့် ကောင်းမှုကုသိုလ်အစုအစုတို့ကိုဆောင်ရွက်ခြင်းဖြင့် မင်္ဂလာရှိစွာနှစ်သစ်ကိုကြိုဆိုကြခြင်းဖြစ်သည်။



ရန်ကုန်မြို့ အင်းလျားကန်ပေါင်၌ လမ်းလျှောက်သင်္ကြန်တွင် ပုသိမ်ထီးများ ဖြုတ်ယူသွားသည့် မြင်ကွင်း။

**ရေနိမိတ်သုံးပါး**

သင်္ကြန်ပွဲတော်များကို မြို့ကြီးမြို့ငယ်များစွာတို့တွင် ကျင်းပကြပါသည်။ ထိုသို့ ဆောင်ရွက်ကြခြင်းအတွက် ငွေကြေးများစွာ အကုန်အကျခံကြရသည်ကို တွေ့ရသည်။ ယင်းမှာ အလဟဿကုန်ကျစေခြင်း မဟုတ်ဘဲ မိမိတို့က နှစ်သစ်ကူးကာလကို အမှတ်တရပြုလိုကြခြင်း၊ မိမိတို့ဒေသအသီးသီးတွင် အေးချမ်းသာယာသည်ကို ပြသလိုခြင်း၊ စည်းလုံးညီညွတ်မှုကို ပြသလိုခြင်း စသည့်အချက်များအပါအဝင် ကောင်းမြတ်သောရည်ရွယ်ချက်များ ပါဝင်လိမ့်မည်ဟု ယူဆပါသည်။ ရေကစားပွဲများ ကျင်းပရာတွင် ပြုနေကျ ရေပက်ကစားခြင်းများသာမက လမ်းလျှောက်သင်္ကြန်ဟူ၍ လူအများ အတူတကွ လမ်းလျှောက်ကြရင်း ရေပက်ကစားသည့် ရေကစားပွဲကိုပါ ကျင့်သုံးလာကြသည်ကို တွေ့ရပါသည်။

**အလွန်အရုပ်ဆိုး အကျည်းတန်ခဲ့ရ**

လမ်းလျှောက်သင်္ကြန်ကြောင့် မြို့သူ မြို့သားများအတူတူ ရေပက်ကစားနိုင်ကြခြင်း၊ ရင်းနှီးမှု ရရှိကြခြင်း၊ စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံနိုင်ကြခြင်းစသည့် ကောင်းမွန်သောအချက်များကို ရရှိစေသည်သာမက မူးယစ်သောက်စားမှုများ လျော့ပါးသွားစေခြင်း၊ ခိုက်ရန်ဖြစ်ပွားမှုများ လျော့ပါးသွားစေခြင်း၊ မော်တော်ယာဉ်များ မသုံးရသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ မရှိတော့ခြင်း၊ ယာဉ်ထိခိုက်မှုများ လျော့ပါးသွားစေခြင်း စသည့်အချက်များလည်း တွေ့ရှိလာရသည်ကို ဝမ်းမြောက်စွာ တွေ့ရသဖြင့် အထူးကြိုဆိုမိပါသည်။ ယခု ၁၃၈၀-၈၁ ခုနှစ်တွင် ရန်ကုန်မြို့တော်ကြီး အပါအဝင် မြို့အတော်များများတွင် လမ်းလျှောက်သင်္ကြန်များ ကျင်းပလာကြသည်ကိုလည်း ဝမ်းမြောက်ဖွယ် တွေ့ရပါသည်။ ထိုသို့တွေ့ရသော်လည်း ရန်ကုန် မြို့အင်းလျားကန်ပေါင်တွင် ကျင်းပခဲ့သည့် လမ်းလျှောက်သင်္ကြန်မှာမူ စည်းကမ်းမဲ့အဖျက်လုပ်ရပ်ပြုမူသူများကြောင့် အလွန်အရုပ်ဆိုး အကျည်းတန်ရသည်ကို တွေ့ခဲ့ရသည်။

ယင်းမှာ အများသိကြသည့်အတိုင်း ပွဲတော်အတွက် အလှဆင်ထားသော ပုသိမ်ထီးကလေးများကို ဖြုတ်ယူကြ၊ ဖျက်ဆီးကြခြင်းဖြစ်သည်။ ကန်ပေါင်တွင် ထီးကလေးများကို အစီအရီ တပ်ဆင်ထားသည်က အလွန်ကြည်နူးစရာ ဖြစ်ပါသည်။ လှလည်းလှပပါသည်။ လာရောက်သူများ၏ စိတ်ကို ကြည်နူးသွားစေသည်လည်း အမှန်ဖြစ်ပါသည်။ လမ်းလျှောက်သင်္ကြန် ဆိုသည်နှင့်အတူ "ထီးသင်္ကြန်" ဟု ဆိုရလောက်အောင် ထီးကလေးများကြောင့် အလှတိုးသွားသည်လည်း ဖြစ်သည်။ ထီးကလေးများ၏ အရောင်အသွေးစုံများက လမ်းလျှောက် သင်္ကြန်ကို ပိုမိုတောက်ပြောင်လှပစေခဲ့ပါသည်။ ရောင်စုံထီး ကလေးများက အရိပ်ရစေသည်ထက် အလှတိုးစေကြည်နူးစေပါသည်။ ငွေကြေးတန်ဖိုးများထက် အလှကျက်သရေတိုးစေသည့် တန်ဖိုးက ပိုမိုစေလိမ့်မည်ဟု ယုံကြည်ပါသည်။

ယင်းတွင် ထိုထီးကလေးများကို မရရအောင် ဖြုတ်ယူကြသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့ရပါတော့သည်။ ထီးကလေးများကို စည်းကမ်းမဲ့စွာ ဖြုတ်ယူသူတို့ကြောင့် ကန်ပေါင်၏အလှတရားယုတ်လျော့ခဲ့ရပါသည်။ ဆိုးသည်က ထိုသူတို့၏ နိမ့်ကျလှသော စိတ်ဓာတ်များကို တွေ့ရခြင်းဖြစ်သည်။ ထိုသူ အများစုတို့သည် လူငယ်၊ လူလတ်၊ အရွယ်ကောင်းဖြစ်နေခြင်းက ပို၍ပင် စိတ်မကောင်းဖွယ် ဖြစ်ပါသည်။ တိုင်းပြည်၏ အဓိက အရန်အင်အားဖြစ်သော လူငယ်တို့သည် တက်ကြွစွာ ကောင်းကျိုးပြုစိတ်များ ရှိကြရမည့်အချိန် ဖြစ်ပါသည်။

> **"တွေ့ရာ၊ မြင်ရာကိုတန်ဖိုးမထား၊ အလေးမထား၊ အပြုထက် အဖျက်စိတ်ထားလွန်ကဲနေသည့် လူငယ်မျိုးဆက်များ ဖြစ်နေကြလျှင် အနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်ပါသည်။ ကိုယ်ကျင့်တရားကောင်းခြင်း၊ စိတ်ဓာတ်မြင့်မားခြင်း စသည့်စိတ်ကောင်းများ လျော့ပါးနေခြင်းများကို အလေးမမူ၊ ပစ်ပယ်မထားသင့်တော့ပါ။ ထိန်းကျောင်း ပြုပြင်ပေးသင့်ပါသည်"**

**ထိန်းကျောင်းပြုပြင်ပေးသင့်**

မကြာမီကာလများအတွင်း ထိုလူငယ်များလက်သို့ တိုင်းပြည်၏ အမွေများ လက်ဆင့်ကမ်းပေးရတော့မည်လည်း ဖြစ်ပါသည်။ ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး၊ သားထူးသားမြတ်ဖြစ်အပ်ရသည် ဆိုသကဲ့သို့ မြင့်မြတ်သော စိတ်ထားပိုင်ရှင်များ၊ သားထူးသားမြတ်များ ဖြစ်စေလိုပါသည်။ တွေ့ရာ၊ မြင်ရာကိုတန်ဖိုးမထား၊ အလေးမထား၊ အပြုထက် အဖျက်စိတ်ထားလွန်ကဲနေသည့် လူငယ်မျိုးဆက်များ ဖြစ်နေကြလျှင် အနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်ပါသည်။ ကိုယ်ကျင့်တရားကောင်းခြင်း၊ စိတ်ဓာတ်မြင့်မားခြင်း စသည့်စိတ်ကောင်းများ လျော့ပါးနေခြင်းများကို အလေးမမူ၊ ပစ်ပယ်မထားသင့်တော့ပါ။ ထိန်းကျောင်းပြုပြင်ပေးသင့်ပါသည်။

လူငယ်တွေကို လေးစားစွာ ပျိုးထောင်ပါ။ လူငယ်များသည် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးနိုင်မည့်သူများဆိုသည်ကို သံသယဖြစ်စရာမရှိပါဘူးဟု ဆိုထားသည့် ပညာရှင်ကြီး ကွန်ဖျူးရှပ်စ်၏အဆိုဖြစ်ပါသည်။ "ဆန်ကိုလိုကြောင်း၊ ဖွဲကိုထောင်းသော်၊ ပန်းညောင်းကာမျှဆန်မရသို့" ဟု မဃဒေဝ အလင်္ကာတွင်ဆိုထားသလို ဆန်ရစေဖို့ ဖွဲလိုလူငယ်များ၊ ပေါ့ပျက်သောလူငယ်များဖြင့် နိုင်ငံကို တည်ဆောက်မရနိုင်ပါ။ ဘီယာမှာ ရွှေတံဆိပ်ရခြင်း၊ ဝီစကီမှာ ပထမရခြင်းတို့ထက်၊ ပညာမှာ ရွှေတံဆိပ်ရခြင်း၊ ပထမရခြင်းတို့က တန်ဖိုးရှိပါသည်။ ခိုင်းနှိုင်းဖွယ်မရနိုင်လောက်အောင် ကွာခြားပါသည်။ ငွေကြေး၊ လက်နက်၊ ဂုဏ်ပကာသနတို့ထက် ပညာ၊ ကိုယ်ကျင့်တရားတို့ဖြင့် တံတိုင်းကာရံထားနိုင်ခြင်းက တိုင်းပြည်များကို ပိုမိုလုံခြုံစေနိုင်သည့် ကာလလည်း ဖြစ်ပါသည်။ အစစနောက်ကျကျန်နေခဲ့သော အမိနိုင်ငံကို ချစ်မြတ်နိုးလေးစားသည့် လူငယ်များဖြစ်နေဖို့ လိုပါသည်။

**စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရား**

"ရောမအင်ပါယာကြီး ပျက်စီးရခြင်းမှာ စစ်ပွဲကြီးများဖြစ်ခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းတို့ကြောင့် မဟုတ် ရောမသားတို့ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားပျက်စီးခြင်းတို့ကြောင့် ဖြစ်သည်။"

ထိုအဆိုအတိုင်းပင် တိုင်းနိုင်ငံသားတို့၏ စိတ်ဓာတ်များ၊ ကိုယ်ကျင့်တရားများ နိမ့်ပါးလာပါက တိုင်းပြည်၏ အနာဂတ်အတွက်ပူပင်ဖွယ်ရာများစွာဖြစ်နေမည်မှာ အမှန်ဖြစ်ပါသည်။ လူကောင်း၊ လူမှန်၊ လူမြတ်တို့ ဖြစ်လာအောင် ပြုစု ပျိုးထောင်ပေးကြရမှာဖြစ်ပါသည်။ လူကောင်းကျင့် မချော်၊ လူတော်အတတ်၊ လူမြတ်အရိယာဆိုသကဲ့သို့ အသိပညာ၊ အတတ်ပညာရှိသူများ၊ အများအကျိုးဆောင်နိုင်သည့် စိတ်ဓာတ်ကောင်းရှိသူများ၊ လူကောင်းလူမှန်လူမြတ်များနှင့် ယိုယွင်းနေခဲ့သည့် နိုင်ငံတော်ကြီးကို ပြုပြင်တည်ဆောက် ကြရပါမည်။ "ပလောက သုတံ "တွင် မြတ်ဘုရားရှင်ကို မဟာသာလုပုဏ္ဏားကြီးက လူ့လောကကြီး ပျက်စီးရခြင်း၏ အကြောင်းရင်းများမှာ အဘယ်နည်းဟု မေးခဲ့သည်ကို မှတ်သားဖူးပါသည်။ အကြောင်းများစွာအနက် အဓိက အချက်များမှာ ဝိသမလောဘ (အလိုကြီးလွန်းခြင်း)၊ အဓမ္မ ရာဂ(လွဲမှားသောတပ်မက်စွဲလမ်းခြင်း)။ မိစ္ဆာဓမ္မ (မှားယွင်းသောအသိ၊ အသိမှားခြင်း) တို့ဖြစ်ကြောင်း ဖြေကြားတော်မူခဲ့ပါသည်။ လောကသားတို့ ကိုယ်ကျင့်သီလပျက်ယွင်းခြင်း၊ စိတ်ဓာတ်များ နိမ့်ကျလာခြင်းတို့က လောကကြီးကို ထိခိုက်ပျက်စီးစေမည် ဖြစ်ပါသည်။

ယခုနှစ်သင်္ကြန်ပွဲတော်မှာ လှပသော လမ်းလျှောက်သင်္ကြန်တစ်ခုဖြစ်သော ရန်ကုန်မြို့ အင်းလျားကန်ပေါင် လမ်းလျှောက်သင်္ကြန်၏ အကျည်းတန်မှုကိုတွေ့ပြီး စိတ်မကောင်းခြင်းများစွာ ခံစားမိခြင်းဖြစ်ပါသည်။ အများသူငါနိုင်ငံသားများအားလုံး တာဝန်ကျေသူများဖြစ်ဖို့လိုသလို စိတ်ဓာတ်မြင့်မားသူများ ဖြစ်နေစေဖို့ အားလုံးဝိုင်းဝန်း ထိန်းကျောင်းကူညီပေးဖို့ လိုသည်မှာ အမှန်ဖြစ်ပါသည်။ ။

## သုံးခွမြို့နယ် လက်ပန်ကျိုးကျေးရွာ သောက်သုံးရေကန်ခြံစည်းရိုးကာရံ

**သုံးခွ ဧပြီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် လက်ပန်ကျိုးကျေးရွာ ရွာလယ်ပိုင်းဧရိယာပေ ၉၀၀ ရှိ အများပြည်သူအားထားရသော သောက်သုံးရေကန် သန့်ရှင်းသာယာလှပစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သောသောက်သုံးရေရရှိစေရေး၊ တိရစ္ဆာန်များဝင်ရောက်မှုမရှိစေရေး ရည်ရွယ်၍ ကွန်ကရစ်ကျောက်တိုင်များ စိုက်ထူကာ ခြံစည်းရိုး ငါးပေအမြင့် သံဆန်ခါများ ကာရံခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာပြီးစီးနေမှုကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းနိုင်နှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးခဲ့ပြီး စံချိန်စံညွှန်းပြည့်မီစေရေး၊ သတ်မှတ်ရက်အတွင်း ပြီးစီးစေရေး ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်ဆန်း**



ရေတာရှည်မြို့နယ်ရှိ စပါးခင်းများ ရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

## ဆန်စပါးဈေးကွက်ကျဆင်းလာပါက လယ်ယာကဏ္ဍကို တောင်သူများ စိတ်ဝင်စားမှုပိုမိုနည်းပါးနိုင်

**ရေတာရှည် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆွာချောင်းဆည်တမံ ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားသည့် နွေစပါးစိုက်ဧက ၇၀၀၀ နီးပါး စတင်ရိတ်သိမ်းလျက်ရှိပြီး တင်း ၁၀၀ လျှင် ငွေကျပ် ငါးသိန်းဈေးဖြင့် ရောင်းချရသည်ဟုဆိုသော်လည်း ဝယ်ယူသူမရှိသလောက်ဖြစ်နေသည့်အတွက် တောင်သူများမှာ အခြောက်လှန်း သိမ်းဆည်းကြသူများ ရှိသလို ဆန်စက်များသို့ အပ်ကုန် စနစ်ဖြင့် ပို့ဆောင်ထားသည် များလည်း ရှိနေကြကြောင်း သိရသည်။

"တောင်သူတွေက ဆန်စပါးဈေးကွက်ကို အဓိကမှီခိုနေရတာဖြစ်တော့ ဈေးကွက်ကောင်းမှသာ သွင်းအားစု ကုန်ကျစရိတ်ကိုဖာထေးမိမယ်။ မဟုတ်ရင် အကြွေးပြီး အကြွေးထပ်တင်နေတော့ အချို့တောင်သူတွေဆို မိဘဘိုးဘွားတွေ လက်ထက်ကတည်းက ပိုင်ဆိုင်လာခဲ့ကြတဲ့မြေတွေကို ရောင်းပြီး ကြုံရာကြရာ ရင်းနှီးလုပ်ကိုင်စားသောက်ကြတာတွေ့ရတယ်။ အချို့လည်း အခြားအရပ်ဒေသတွေကို သွားရောက်အလုပ်လုပ်ကိုင်ကြတာတွေ့ရတယ်။ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က တောင်သူတွေ အတော် အဆင်ပြေကြပါတယ်"ဟု ရေတာရှည်မြို့နယ် တံတားကြီးကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်း၏ အများစုသည် လယ်ယာစိုက်ပျိုးလုပ်ကိုင်ကြသော တောင်သူများဖြစ်သည်။ ဆင်းရဲမှုကို လျှော့ချနိုင်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း အမှန်တကယ်အားဖြင့် တောင်သူတို့၏ ထွက်ကုန် စပါး၊ ဆန်ဈေးကွက်ကောင်းမွန်မှသာ အဆင့်တစ်ခုအထိ အောင်မြင်နိုင်မည်ဖြစ်ပြီး ဆန်စပါးဈေးကွက်ကောင်းမွန်ခြင်း မရှိသည့်အခါ တောင်သူများလယ်ယာကဏ္ဍကိုစိတ်ဝင်စားမှုနည်းပါး၍ လုပ်ငန်းများအား စွန့်ခွာသွားသူများပင် ရှိနေကြပြီဖြစ်သည်။ **သန်းလွင်(ဆွာ)**

## အင်းတော်မြို့နယ်၌ နွေစပါး ၁၁၁၅ ဧကစိုက်ပျိုးအောင်မြင်၊ ယခင်နှစ်ထက် ၃၇၆ ဧကပိုမိုစိုက်ပျိုးနိုင်ခဲ့

**အင်းတော် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ ၂၀၁၈-၂၀၁၉ ခုနှစ် နွေစပါး ၆၉၄ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာမှ ၁၁၁၅ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ စိုက်ပြီးရာခိုင်နှုန်း ၁၆၀ ဒသမ ၆၆ ရှိကြောင်း၊ စပါးမျိုးကွဲအလိုက်စိုက်ဧကမှာ ဆင်းကေရီ (၃) ၉၈၆ ဧက၊ မော်ဘီ (၂) ခုနစ်ဧက၊ ဆင်းသွယ်လတ် ၁၂၂ ဧက စိုက်ပျိုးအောင်မြင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးသာဆန်းက ပြောသည်။

အင်းတော်မြို့နယ်၌ ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးဧက ၆၆၀ စိုက်ပျိုးရန်လျာထားခဲ့ရာမှ အမှန်စိုက်ဧက ၇၃၉ (ဆင်းကေရီ- ၃ စပါးမျိုး) ကိုစိုက်ပျိုးနိုင်ခဲ့ပြီး ရိတ်သိမ်းဧက ၇၃၉ တွင် တစ်ဧကအထွက်နှုန်း ၉၀ ဒသမ ဝ၄ ထွက်ရှိခဲ့ကြောင်း ၎င်းက ပြောသည်။



အင်းတော်မြို့နယ်ရှိ စပါးစိုက်ခင်းများတွင် ပေါင်းနှိမ်နင်းရေးဆောင်ရွက်နေစဉ်။

"နွေစပါးကို အရင်နှစ်ကထက် စိုက်ဧက ၃၇၆ ဧက ပိုစိုက်ပျိုးနိုင်ခဲ့တယ်။ မြေပဲခင်းထက် ကုန်ကျစရိတ်သက်သာပြီး သီးနှံအထွက်နှုန်းနဲ့ ဈေးနှုန်းတွေ ပိုတဲ့အတွက် နွေစပါးတိုးချဲ့စိုက်ပျိုးလာကြတာ ဖြစ်ပါတယ်။ အင်းတော်မြို့နယ်မှာ အများဆုံးစိုက်ပျိုးတဲ့ အုပ်စုတွေက နန့်ခင့်အုပ်စုရှိ ကွင်းအမှတ် ၁၀၃၅ (အောင်မင်္ဂလာကွင်း) နတ်မဟုတ်ကလေးအုပ်စု၊ ခရမ်းစပ်ကုန်းအုပ်စုတွေမှာ နွေစပါးကို အများဆုံးစိုက်ပျိုးကြတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်တွေ ကွင်းဆင်းစစ်ဆေးကြည့်ကြတော့ နွေစပါးစိုက်ပျိုးကြတဲ့ဧကအားလုံး အောင်မြင်ကြ တာတွေ့ရပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

**ကိုမင်း(အင်းတော်)**

## နေပြည်တော် ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် စံပယ်မည့် ရုပ်ပွားတော်နှစ်ဆူ ထားဝယ်မြို့၌ အပူဇော်ခံမည်

**ထားဝယ် မေ ၁၉**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် အမြင့်ခြောက်ပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူကို မေ ၂၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ဒေသစာရီ အပူဇော်ခံပင့်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ပွားတော်နှစ်ဆူကို မြန်မာနိုင်ငံတော် အစဉ်ထာဝရ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်လျက် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်၍ ထုလုပ်ခဲ့ခြင်းဖြစ်ပြီး နေပြည်တော်သို့ မပင့်ဆောင်မီ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ကုသိုလ်ယူ ပူဇော်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် မေ ၂၁ ရက်နှင့် ၂၂ ရက်တွင် ထားဝယ်မြို့လောကမာရဇိန်ဘုရားကြီးတွင် ရင်ငွေ့တော်လှူကာ အပူဇော်ခံထားရှိမည်ဖြစ်ကြောင်း၊ ထိုသို့ အပူဇော်ခံနေစဉ်အတွင်း ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ကိုလည်း ကျင်းပမည်ဖြစ်ပြီး မေ ၂၁ ရက်ညတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က လောကမာရဇိန်ဘုရားကြီးဝင်းအတွင်း၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် မြစ်ကြီးနားအကျဉ်းထောင်မှ အကျဉ်းသား ၇၈၅ ဦးလွတ်ငြိမ်း

**မြစ်ကြီးနား မေ ၁၉**

နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် မေ ၁၇ ရက်(နှစ်ဆန်းတစ်ရက်)က မြစ်ကြီးနားအကျဉ်းထောင်မှ အကျဉ်းသား ၇၀၃ ဦး၊ အကျဉ်းသူ ၈၁ ဦး၊ တရုတ်နိုင်ငံသားတစ်ဦးတို့ လွတ်ငြိမ်းခွင့်ရရှိခဲ့သည်။ လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများအား မြစ်ကြီးနားမြို့ အကျဉ်းဦးစီးဌာနဓမ္မာရုံတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်မိုးက ဆုံးမစကားပြောကြားကြောင်း သိရသည်။

**ကိုကိုရှုပ**



## တောင်ကုတ်၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်ဝိုင်း ကျင်းပ

**တောင်ကုတ် မေ ၁၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးစာကြည့်တိုက်တွင် စာပေမြတ်နိုးသူအဖွဲ့ဝင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းနှင့် အရုပ်ကြည့်မယ် ပုံပြောမယ် စက္ကူပြဇာတ်အား လူငယ်များ ပျော်ရွှင်စေရန် မေ ၁၈ ရက်က ကျင်းပသည်။

စာဖတ်ရှိန်မြှင့်တင်ရေးစာဖတ်ဝိုင်းတွင် စာပေမြတ်နိုးသူအဖွဲ့ဝင်များက ပလတ်စတစ်အိတ်ကလေး၏ ခရီးစဉ်စာအုပ်ကို ဖတ်ကြားစေကာ တစ်ဦးချင်းအလိုက် ထင်မြင်ယူဆချက်များအား ပြောကြားစေပြီး မြို့နယ်ဦးစီးမှူး ဦးစန်းဝင်းက ထပ်ဆင့်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**ဆင်ပေါင်ဝဲ မေ ၁၉**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းကျေးရွာမှ လေဘေးသင့်ပြည်သူများအတွက် ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနက ထောက်ပံ့လှူဒါန်းသော ပစ္စည်းများ ပေးအပ်ပွဲကို မေ ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လေဘေးသင့်အိမ်ထောင်စု ၂၈ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးပါသော ပစ္စည်းပုံးများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**နေခြည်(ဆင်ပေါင်ဝဲ)**

## ယင်းမာပင်မြို့နယ် ကောင်းဆင့်ပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ခြောက်သောင်းကျော် စိုက်ပျိုးထားရှိ

**ယင်းမာပင် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ရာသီဥတုများဖောက်ပြန်လာမှု၊ ဂေဟစနစ်ကို ပြန်လည်ထိန်းညှိနိုင်ရန်နှင့် ရာသီဥတုညီညွတ်မျှတလာစေရန် ရည်ရွယ်၍ အေးမြသော အရိပ်ရအပင်များ၊ သစ်၊ တိုင်၊ မျောနှင့် ထင်းစသည့် အခြေခံသစ်တောထွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကောင်းဆင့်ပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ခြောက်သောင်းကျော် စိုက်ပျိုးထားရှိကြောင်း မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

"လက်ရှိမှာ သစ်တောဖုံးလွှမ်းမှုတွေ ပိုမိုကောင်းမွန်ပြီး သစ်တောသစ်ပင်တွေစိမ်းလန်း စိုပြည်လာမှ သဘာဝဘေးအန္တရာယ်ကျရောက်မှုတွေ လျော့နည်းသက်လာစေဖို့၊ သဘာဝပတ်ဝန်းကျင်သစ်တောတွေ တိုးတက်ကောင်းမွန်ပြီး ဂေဟစနစ်ကို ထိန်းညှိလာနိုင်စေဖို့အတွက် ဆောင်ရွက်နေသလို ကျေးရွာပြည်သူတွေအတွက် ကျေးရွာသုံး ထင်းစိုက်ခင်းတွေလည်း နှစ်စဉ်စိုက်ပျိုးဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနေမျိုးထွန်းက ပြောသည်။

### ပျိုးပင်ပေါင်း ၆၀၁၁၀ စိုက်ပျိုးထား

မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ၊ အပူပိုင်းဒေသ အထူးစိမ်းလန်းစိုပြည်ရေး၊ ကျေးရွာသုံး ထင်းစိုက်ခင်းများ၊ သစ်ပင်စိုက်ပျိုးပွဲတော်များ စိုက်ပျိုးခြင်း၊ တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာပင် ၂၀ စိုက်ပျိုးရေး၊ လမ်းဘေးဝဲယာအရိပ်ရသစ်ပင်များ စိုက်ပျိုးရေးနှင့် ဒေသခံအစုအဖွဲ့သစ်တောလုပ်ငန်း တည်ထောင်ခြင်းများအတွက် မြန်မာကုက္ကို၊ မန်ကျည်း၊ လိန်၊ မဲဇလီ၊ ယင်းမာ၊ ရှား၊ ဒဟတ်၊ ယူကလစ်၊ ကျွန်း၊ လျှော်ဖြူ၊ သပွတ်ကြီး၊ စန္ဒကူး၊ ဘိန်းနွယ်နှင့် မျှင်ဝါး စသည့်ပျိုးပင်ပေါင်း ၆၀၁၁၀ ကို စိုက်ပျိုးထားရှိကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**



ကောင်းဆင့်ပျိုးဥယျာဉ်တွင် စိုက်ပျိုးထားသည့် ပျိုးပင်များကို တွေ့ရစဉ်။

# မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

**အောင်နိုင်ဦး**

### ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

အင်္ဂလိပ်ဘာသာနဲ့ Corporate Governance လို့အသုံးပြုတဲ့ ဝေါဟာရ တစ်ခုကို မြန်မာဘာသာနဲ့ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုလို့ ဆီလျော်သလိုဘာသာပြန်ဆို ခွင့်ပြုဖို့ ဦးစွာ တင်ပြလိုပါတယ်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုရဲ့ အဓိကရည်ရွယ်ချက်ကတော့ စီးပွားရေးလုပ်ငန်းလုပ်ဆောင်နေကြတဲ့ (အထူးသဖြင့်) ကုမ္ပဏီကြီးတွေ အတွက် ကာလရှည်ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးဆိုင်ရာတည်ငြိမ်မှု၊ ဂုဏ်သိက္ခာရှိမှုတွေ အတွက် မရှိမဖြစ်အရေးကြီးတဲ့ အများပြည်သူရဲ့ယုံကြည်စိတ်ချရမှု၊ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှုတွေနဲ့ပြည့်စုံတဲ့ ဝန်းကျင်တစ်ရပ်ကို ထူထောင်ဖို့ပါပဲ။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနဲ့ပတ်သက်လာရင် တစ်ကမ္ဘာလုံးက စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့အစည်း(Organization for Economic Co-operation and Development-OECD)က အတည်ပြု ထုတ်ပြန်ထားတဲ့ အခြေခံသဘောတရားတွေကို လမ်းညွှန်သဖွယ် လက်ခံကျင့်သုံးလျက် ရှိပါတယ်။ OECD ရဲ့ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံသဘောတရားတွေက အဓိကအားဖြင့် အများနဲ့သက်ဆိုင်တဲ့ကုမ္ပဏီတွေအတွက် ဦးတည်တာဖြစ်ပေမယ့် အများနဲ့ မသက်ဆိုင်တဲ့ ကုမ္ပဏီတွေအနေနဲ့လည်း အသုံးတည့်မယ်ဆိုရင် ကျင့်သုံး နိုင်တယ်လို့ ဆိုပါတယ်။ အခြေခံသဘောတရားတွေဟာ ကုမ္ပဏီငယ်များထက် ကုမ္ပဏီကြီးများအတွက် ပိုမိုဆီလျော်တာဖြစ်ပေမယ့် ကုမ္ပဏီငယ်များအနေနဲ့လည်း လိုက်နာကျင့်သုံးနိုင်ပါတယ်လို့လည်း ဆိုထားပါတယ်။

ကုမ္ပဏီတွေ၊ နိုင်ငံတွေအနေနဲ့ ကမ္ဘာလုံးဆိုင်ရာ အရင်းအနှီးဈေးကွက်ရဲ့အကျိုးအမြတ်ကို အပြည့်အဝရယူခံစားလိုတယ်။ စိတ်ရှည်လက်ရှည်နဲ့ ကာလရှည် ဆောင်ရွက်မယ့် ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်လိုတယ်ဆိုရင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ကောင်းစွာတည်ရှိနေခြင်းက အခရာကျတဲ့အတွက် နိုင်ငံတကာကလက်ခံထားတဲ့ အခြေခံသဘောတရားတွေကို ကောင်းစွာသိရှိပြီး လိုက်နာကျင့်သုံးကြဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံတစ်ခုအတွင်း ထိရောက်စွာ ကြီးကြပ်အကောင်အထည်ဖော်နေပြီး စိတ်ချယုံကြည်ရတဲ့ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု မူဘောင်တစ်ခု ရှိနေမယ်ဆိုရင် အကယ်၍ ကုမ္ပဏီတစ်ခုဟာ ပြည်ပကလာရောက်ရင်းနှီးမြှုပ်နှံမယ့် အရင်းအနှီးအပေါ် အမှီမပြုဘဲ လုပ်ကိုင်ဆောင်ရွက်နေရင်တောင် ပြည်တွင်းလုပ်ငန်းရှင်တွေရဲ့ စိတ်ချယုံကြည်မှုရရှိပြီး ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့ ရရှိစေဖို့အတွက် ပိုမိုဆွဲဆောင်နိုင်မှာဖြစ်ပါတယ်။

### မြန်မာနိုင်ငံနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

၂၀၁၃ ခုနှစ်က OECD က အချိန်တစ်နှစ်ကျော်ယူပြီး မြန်မာနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒတွေကို လေ့လာသုံးသပ်မှုလုပ်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တဲ့ လေ့လာသုံးသပ်မှု ကဏ္ဍအသီးသီးထဲမှာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနဲ့ ပတ်သက်ပြီးတော့လည်း ထည့်သွင်းလေ့လာ သုံးသပ်ခဲ့ပါတယ်။ ကံအကြောင်းမလှချင်တော့ သူတို့ရဲ့ လေ့လာသုံးသပ်မှုမှာ မြန်မာနိုင်ငံအနေနဲ့ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနဲ့ပတ်သက်ပြီး မူဘောင် လုံးဝနီးပါး မရှိသလောက်ဖြစ်နေတယ်လို့ ထောက်ပြခဲ့ပါတယ်။ ထိုစဉ်က ရှိနေတဲ့ ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ ၁၉၅၀ ခုနှစ် ကုမ္ပဏီများနည်းဥပဒေများ၊ ၁၉၅၇ ခုနှစ် ကုမ္ပဏီများစည်းမျဉ်း စတာတွေမှာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနဲ့ပတ်သက်ပြီး နိုင်ငံတကာက လက်ခံအသိအမှတ်ပြုထားတဲ့ အခြေခံသဘောတရားတွေ လုံးဝပါဝင်ခြင်းမရှိသေးဘူးလို့လည်း ဆိုပါတယ်။ အခြားအာဆီယံနိုင်ငံအများစုမှာ OECD ရဲ့ အခြေခံသဘောတရားတွေနဲ့အညီ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို မူဘောင်ရေးဆွဲ အကောင်အထည်ဖော်နေကြပေမယ့် မြန်မာနိုင်ငံမှာတော့ အလားတူလုပ်ကိုင်တာ မရှိသေးဘူးလို့လည်း ဆိုပြန်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်အောက်မှာ ၂၆ နှစ်ကျော်ဖြတ်သန်းခဲ့ရစဉ်ကာလအတွင်း ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီတွေ လုံးဝနီးပါး ကွယ်ပျောက်ခဲ့ရပြီး စီးပွားရေးနယ်ပယ်မှာ နိုင်ငံတကာကလက်ခံကျင့်သုံးနေတဲ့ ကျင့်ထုံးတွေ၊ အခြေခံသဘောတရားတွေနဲ့ အဆက်ပြတ်ခဲ့ရခြင်းက အဓိကအကြောင်းရင်းတစ်ခုလို့ ထင်ပါတယ်။ ၁၉၈၈ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်ကို ပြန်လည်အသက်သွင်းခဲ့ပေမယ့် မူဝါဒချမှတ်သူတွေ၊ စီးပွားရေးနယ်ပယ်ထဲက နိုင်ငံသားတွေအနေနဲ့ ကုမ္ပဏီထူထောင်လုပ်ကိုင်မှုတွေမှာ နိုင်ငံတကာကျင့်ထုံးတွေကို လိုက်နာဖို့ထက် မိမိကုမ္ပဏီ ရှင်သန်ဖွံ့ဖြိုးရေးကိုသာ အဓိက ဦးတည်ဆောင်ရွက်ခဲ့ရခြင်းကလည်း မြန်မာအစိုးရဌာန အဖွဲ့အစည်းတွေနဲ့ ကုမ္ပဏီတွေမှာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနဲ့ပတ်သက်ပြီး အသိအမြင်နည်းပါးစေခဲ့တယ်လို့ သုံးသပ်လိုပါတယ်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းကို တိုးဝင်နေတဲ့ ယနေ့ကာလ၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အားယူနေတဲ့ ယခုလိုအချိန်အခါမှာ နိုင်ငံအတွင်း ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အားကောင်းလာဖို့ အစိုးရနဲ့ ပုဂ္ဂလိက အတူတကွကြိုးပမ်းကြရမယ့်အချိန် ရောက်နေပါပြီ။

### ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမှာ ဘာတွေလိုအပ်သလဲ

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမှာ အဓိက အခြေခံသဘောတရားတွေအနက် အရေးကြီးတာက ရှယ်ယာပိုင်ရှင်များရဲ့ ရပိုင်ခွင့်များ၊ ရှယ်ယာရှင်များအကြား မျှတစွာ ထိတွေ့ဆက်ဆံခြင်းနဲ့ ပိုင်ဆိုင်မှုဆိုင်ရာကိစ္စတွေကို အကာအကွယ်ပေးဖို့၊ လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။ ရှယ်ယာပိုင်ရှင်အားလုံးဟာ မိမိရဲ့ အခွင့်အရေးတွေ ချိုးဖောက်ခံရမှုဖြစ်ပေါ်လာရင် လျော်ကြေးပြန်လည်ရရှိနိုင်ဖို့အတွက် အခွင့်အရေးလည်း ရှိရမှာဖြစ်ပါတယ်။

ဒီနေရာမှာ အခြေခံကျတဲ့ ရှယ်ယာပိုင်ရှင်တွေရဲ့အခွင့်အရေးတွေမှာ စနစ်တကျ ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း၊ ရှယ်ယာများ လွှဲပြောင်းနိုင်ခြင်း၊ ကုမ္ပဏီနဲ့ပတ်သက်ပြီး လိုအပ်သည့်သတင်းအချက်အလက်များ အချိန်မှန် ပုံမှန် ရရှိခြင်း၊ ဒါရိုက်တာ အဖွဲ့ဝင်တွေကို ရွေးချယ်ခြင်း/ဖယ်ရှားခြင်း၊ ကုမ္ပဏီရဲ့အကျိုးအမြတ်ရရှိခြင်း စတာတွေ ပါဝင်ပါတယ်။ ဒါ့အပြင် ကုမ္ပဏီရဲ့ ဖွဲ့စည်းမှု၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်မှုဆိုင်ရာကိစ္စတွေ၊ ရှယ်ယာအသစ်ထပ်မံထုတ်ဝေတဲ့ကိစ္စတွေ၊ ထူးခြားတဲ့လွှဲပြောင်းမှုဆိုင်ရာ ကိစ္စတွေနဲ့ ပတ်သက်လာရင် ရှယ်ယာဝင်တွေ သိရှိခွင့်၊ အတည်ပြုခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်၊ ဆုံးဖြတ်ခွင့်တွေဟာလည်း အခြေခံကျတဲ့ လိုအပ်ချက်တွေဖြစ်ကြပါတယ်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမှာ အခြား အရေးကြီးတဲ့ လိုအပ်ချက်တစ်ခုကတော့ ဆက်နွှယ်ပတ်သက်သူများ (Stakeholders)ရဲ့ အခန်းကဏ္ဍပါ။ ၎င်းတို့ရဲ့ အခွင့်အရေးတွေကို ဥပဒေပြဋ္ဌာန်း၍ဖြစ်စေ၊ နှစ်ဦးနှစ်ဖက် နားလည်မှုဖြင့်ဖြစ်စေ ဆောင်ရွက်လေ့ရှိကြပေမယ့် ကုမ္ပဏီနဲ့ ပါဝင်ပတ်သက်သူများကြားမှာ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနဲ့ စဉ်ဆက်မပြတ် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်တဲ့ စီးပွားရေးလုပ်ငန်းတွေ ဖြစ်ပေါ်လာစေဖို့ ထိရောက်တဲ့ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါတယ်။ နိုင်ငံအချို့မှာတော့ ဆက်နွှယ်ပတ်သက်သူများရဲ့ အခွင့်အရေးတွေအတွက် အလုပ်သမားဥပဒေ၊ စီးပွားရေးဆိုင်ရာဥပဒေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ စသည်ဖြင့် ဥပဒေများရေးဆွဲပြဋ္ဌာန်းလေ့ရှိပါတယ်။

သတင်းထုတ်ပြန်ခြင်းနဲ့ ပွင့်လင်းမြင်သာမှုရှိခြင်းကလည်း ကော်ပိုရိတ် စီမံအုပ်ချုပ်မှုရဲ့အခြေခံလိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ ကုမ္ပဏီတစ်ခုရဲ့အကြောင်း ကိစ္စဖြစ်တဲ့ ငွေကြေးဆိုင်ရာအခြေအနေ၊ လုပ်ငန်းစွမ်းဆောင်မှု၊ ပိုင်ဆိုင်မှု၊ စီမံအုပ်ချုပ်မှု စတာတွေနဲ့ ပတ်သက်လာရင် အချိန်မှန် တိကျတဲ့သတင်းထုတ်ပြန်မှုရှိဖို့ လိုအပ်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ ကုမ္ပဏီအများစု အဓိက အားနည်းပျက်ကွက်တာကတော့ ဒီကဏ္ဍပါပဲ။ ကုမ္ပဏီအများစုဟာ မိမိကုမ္ပဏီနဲ့ပတ်သက်လာရင် တတ်နိုင်သမျှ သတင်းအမှောင်ချလေ့ရှိပြီး ပွင့်လင်းမြင်သာမှုမှာလည်း အတော်အားနည်း နေကြပါတယ်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကောင်းတစ်ခုရဲ့သတင်းထုတ်ပြန်မှုဆိုင်ရာ အနိမ့်ဆုံးလိုအပ်ချက်ကို သတင်းရုပ်ဒြပ် (Material Information)နဲ့ တိုင်းတာလေ့ရှိပါတယ်။ သတင်းရုပ်ဒြပ်ဆိုတာ အကယ်၍ သတင်းထုတ်ပြန်ရန်ပျက်ကွက်မှု၊ သတင်းလွဲထုတ်ပြန်မှုတွေက ထိုသတင်းကိုအသုံးပြုသူတွေရဲ့စီးပွားရေးဆိုင်ရာဆုံးဖြတ်ချက်တွေမှာ သက်ရောက်မှုတွေဖြစ်စေခြင်းကို ဆိုလိုတာပါ။ တနည်းအားဖြင့် သာမန် ရင်းနှီးမြှုပ်နှံသူ ရှယ်ယာရှင်တစ်ဦးအတွက် ရင်းနှီးမြှုပ်နှံရာမှာဖြစ်စေ၊ မဲပေးဆုံးဖြတ်ရာမှာဖြစ်စေ စဉ်းစားဆုံးဖြတ်နိုင်ဖို့ အရေးကြီးတဲ့၊ ရရှိသင့်တဲ့သတင်းကို အချိန်မီ/အချိန်မှန် ရရှိစေဖို့ လိုအပ်ပါတယ်။

> **“၂၀၂၀ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်မယ့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကျင့်ထုံးတစ်ခုလည်း ပေါ်ထွန်းလာတော့မှာဖြစ်ပါတယ်။ အရေးအကြီးဆုံးကတော့ နိုင်ငံအတွင်းမှာရှိတဲ့ စာရင်းဝင် အများနဲ့သက်ဆိုင်သောကုမ္ပဏီများ၊ စာရင်းမဝင်သေးတဲ့ အများနဲ့သက်ဆိုင်သောကုမ္ပဏီများနဲ့ ကုမ္ပဏီကြီးများအနေနဲ့ မိမိကုမ္ပဏီမှာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွေ အင်အားကောင်းစွာနဲ့ နေသားတကျဖြစ်အောင် စတင်ပြင်ဆင်သွားကြဖို့နဲ့ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအားနည်းတဲ့ ကုမ္ပဏီတွေဟာ အနာဂတ်ဈေးကွက်မှာ နေရာပျောက်တော့မယ်ဆိုတာကို သတိမူမိကြဖို့ပါပဲ”**

ဒါရိုက်တာအဖွဲ့ဝင်တွေရဲ့ တာဝန်ဝတ္တရားတွေဟာလည်း ကော်ပိုရိတ်စီမံ အုပ်ချုပ်မှုမှာ အကျုံးဝင်ပါတယ်။ ကုမ္ပဏီရဲ့မဟာဗျူဟာလမ်းညွှန်ချက်တွေ၊ ဒါရိုက်တာအဖွဲ့ဝင်တွေရဲ့ စနစ်တကျ ကြီးကြပ်စီမံအုပ်ချုပ်မှုတွေ၊ ဒါရိုက်တာအဖွဲ့ဝင်တွေရဲ့ ကုမ္ပဏီနဲ့ ရှယ်ယာဝင်တွေအပေါ်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုတွေဟာ ကုမ္ပဏီတစ်ခုအတွက် အရေးကြီးလှပါတယ်။ ဒါရိုက်တာအဖွဲ့ဝင်တွေဟာ ကုမ္ပဏီရဲ့မဟာဗျူဟာလမ်းညွှန်အပေါ် အခြေခံပြီး ကုမ္ပဏီရဲ့စီမံခန့်ခွဲမှုဆိုင်ရာစွမ်းဆောင်မှုတွေ၊ ရှယ်ယာဝင်တွေအတွက် လုံလောက်တဲ့အကျိုးအမြတ်တွေ ရရှိရေးကို ဆောင်ရွက်ရင်း တစ်ဖက်ကလည်း အကျိုးစီးပွားပဋိပက္ခတွေ၊ လုပ်ပိုင်ခွင့်နဲ့ရပိုင်ခွင့် မျှတစေမှုတွေကိုလည်း ကာကွယ်ထိန်းကျောင်းသွားဖို့ လိုအပ်လှပါတယ်။

ဒါရိုက်တာအဖွဲ့ဟာ မိမိကုမ္ပဏီရဲ့စွန့်စားရမှုစီမံခန့်ခွဲခြင်း(Risk Management) ကိုရော၊ အခွန်အကောက်ဆိုင်ရာ၊ ယှဉ်ပြိုင်မှုဆိုင်ရာ၊ အလုပ်သမားဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ အခွင့်အရေးမျှတမှုဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာနဲ့ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဥပဒေများ လိုက်နာမှုကိုရော ထိန်းသိမ်းကြီးကြပ်သွားဖို့ တာဝန်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ဒီလိုအခြေခံအရည်အချင်းတွေနဲ့ ပြည့်စုံတဲ့ ဒါရိုက်တာအဖွဲ့တွေ အတော် အရေအတွက်နည်းနေသေးကြောင်း တွေ့ရပါတယ်။

### မြန်မာနိုင်ငံက ဘာတွေပြင်ဆင်ခဲ့သလဲ

မြန်မာနိုင်ငံမှာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနဲ့ပတ်သက်ပြီး ဖြစ်ပေါ်နေတဲ့ကွက်လပ်တွေကို ဖြည့်ဆည်းပြီး ရေခံမြေခံကောင်းတစ်ခု ထူထောင်နိုင်ဖို့ ၂၀၁၃ခုနှစ်ကစပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ညွှန်ကြားရေးမှူးချုပ်က ၂၀၁၃ ခုနှစ် ပြင်သစ်နိုင်ငံမှာရှိတဲ့ OECD သို့ သွားရောက်ခဲ့တဲ့ခရီးစဉ်မှာ မြန်မာနိုင်ငံအတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စများနဲ့ ပတ်သက်ပြီး အကူအညီပေးဖို့ တောင်းခံခဲ့ပါတယ်။

၎င်းနောက် ၂၀၁၄ ခုနှစ်မှာ OECD က OECD-Southeast Asia Corporate Governance Initiative အစီအစဉ်ကို ရေးဆွဲခဲ့ပြီး မြန်မာနိုင်ငံက ပထမအကြိမ် OECD - Southeast Asia Corporate Governance အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် စတင် လက်ခံကျင်းပ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီး အဆိုပါအစည်းအဝေးတွေကို ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့မှာ နှစ်စဉ် ဆက်တိုက်ပြုလုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လမှာ ပဉ္စမနဲ့ နောက်ဆုံးအကြိမ်အစည်းအဝေးကို ရန်ကုန်မြို့မှာ ကျင်းပခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အဆိုပါအစည်းအဝေးအပြင် OECD Corporate Governance Round Table တွေမှာလည်း ပါဝင်ဆွေးနွေးခဲ့ပြီး နိုင်ငံအတွင်းမှာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အခြေခံသဘောတရားတွေ ခိုင်မာစွာထူထောင်နိုင်ဖို့ OECD ရဲ့အကူအညီနဲ့လည်းကောင်း၊ နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်မှုနဲ့လည်းကောင်း တစိုက်မတ်မတ် ပြင်ဆင်ခဲ့ပါတယ်။

### မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု

အများသိပြီးဖြစ်တဲ့အတိုင်း မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ကစပြီး အာဏာသက်ဝင်ကျင့်သုံးနေပြီဖြစ်ပါတယ်။ ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေရဲ့အားနည်းချက်တွေကို ဖော်ထုတ်သုံးသပ်ပြီး ဥပဒေ စတင်ရေးဆွဲစဉ်ကတည်းက ကုမ္ပဏီဥပဒေမှာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေကို ခေတ်နဲ့အညီဖြစ်အောင်၊ နိုင်ငံတကာကျင့်ထုံးတွေနဲ့ကိုက်ညီအောင် စနစ်တကျ ထည့်သွင်းရေးဆွဲခဲ့ပါတယ်။

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ပုဒ်မ ၆၀၊ ၆၁ မှာ ရှယ်ယာပိုင်ဆိုင်မှုနဲ့ပတ်သက်တဲ့ အခွင့်အရေးတွေ၊ ပုဒ်မ ၈၃ ကနေ ၈၈ အထိမှာ အစုရှယ်ယာလွှဲပြောင်းခြင်းနဲ့ပတ်သက်တဲ့ အခွင့်အရေးတွေ၊ ပုဒ်မ ၉၉၊ ၁၅၇၊ ၁၈၆၊ ၁၈၈၊ ၂၆၀ နဲ့ ၂၆၁ တွေမှာ အစုရှယ်ယာဝင်တွေက ကုမ္ပဏီရဲ့မှတ်တမ်းမှတ်ရာတွေကို စစ်ဆေးကြည့်ရှုခွင့်၊ ကုမ္ပဏီရဲ့သတင်းအချက်အလက်တွေကို ရယူခွင့်၊ ပုဒ်မ ၁၄၆၊ ၁၄၈ နဲ့ ပုဒ်မ ၁၅၀ မှ ၁၅၄ အထိမှာ အစုရှယ်ယာဝင်တွေ အစည်းအဝေးတက်ရောက်ခွင့်၊ ပုဒ်မ ၁၇၊ ၂၅ (ဃ)၊ ၁၁၆၊ ၁၂၁၊ ၁၄၆၊ ၁၅၁၊ ၁၇၃ နဲ့ ၃၄၅ တို့မှာ ကုမ္ပဏီရဲ့ဆုံးဖြတ်ချက်ချမှတ်မှုတွေမှာ အစုရှယ်ယာဝင်များမဲပေးခွင့် စတာတွေ ထည့်သွင်းပြဋ္ဌာန်းပြီး အစုရှယ်ယာရှင်တွေရဲ့ အခွင့်အရေးတွေကို အပြည့်အဝ ကာကွယ်ပေးနိုင်ခဲ့ပါတယ်။

အစုရှယ်ယာဝင်များအကြား သာတူညီမျှ အခွင့်အရေးတွေ ရရှိနိုင်ဖို့ ရှယ်ယာအနည်းစုပိုင်ဆိုင်သူတွေရဲ့အကျိုးစီးပွားကိုလည်း ကုမ္ပဏီဥပဒေက အကာအကွယ်ပေးနိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဥပဒေပုဒ်မ ၁၉၂၊ ၁၉၃၊ ၁၉၄၊ ၁၉၆၊ ၂၀၀၊ ၂၀၁၊ ၂၀၉ (စ) နဲ့ ၃၀၂ တွေမှာ အစုရှယ်ယာရှင်တွေအတွက် တန်းတူညီမျှတဲ့ အခွင့်အရေးတွေ ရရှိနိုင်ဖို့ ပြဋ္ဌာန်းထားပါတယ်။

ယခင်ဥပဒေဟောင်းမှာ ဒါရိုက်တာတွေရဲ့တာဝန်နဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေ ပြည့်စုံလုံလောက်မှုမရှိခဲ့တာကြောင့် ကုမ္ပဏီဥပဒေသစ် အခန်း ၁၈ မှာ ဒါရိုက်တာများနဲ့ပတ်သက်တဲ့ တာဝန်တွေ၊ လုပ်ပိုင်ခွင့်တွေ အတိအကျ ထည့်သွင်းပြဋ္ဌာန်းပြီး ကုမ္ပဏီတစ်ခုကို စီမံအုပ်ချုပ်တဲ့ ဒါရိုက်တာတွေ မလျော်မကန်မလုပ်နိုင်အောင်၊ မလျော်မကန်လုပ်ကိုင်မှုတွေရှိလာရင် လိုအပ်သလို အရေးယူနိုင်ဖို့အထိ ပြဋ္ဌာန်းပြီး ဒါရိုက်တာတွေကို ဥပဒေနဲ့အညီ ထိန်းကျောင်းဖို့ စီမံနိုင်ခဲ့ပါတယ်။

သတင်းထုတ်ပြန်ခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းနဲ့ ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေကိုလည်း ပုဒ်မ ၉၀ မှ ၉၅၊ ၉၇၊ ၉၉၊ ၁၈၉ နဲ့ ၂၄၁ တို့မှာ တိကျစွာ ထည့်သွင်းပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ကုမ္ပဏီဥပဒေသစ် ပြဋ္ဌာန်းနိုင်ခဲ့ခြင်းဟာ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ဘဏ်က နှစ်စဉ်အကဲဖြတ်တဲ့ စီးပွားရေးလုပ်ငန်းလုပ်ဆောင်ခြင်း အစီရင်ခံစာ (Doing Business Report)မှာ နိုင်ငံရဲ့အဆင့်ကို ပိုမိုကောင်းမွန်လာစေဖို့ အထောက်အကူဖြစ်ရုံသာမကဘဲ နိုင်ငံသားလုပ်ငန်းရှင်များအတွက်လည်း စီးပွားရေးလုပ်ငန်းလုပ်ဆောင်ဖို့ များစွာလွယ်ကူသွားစေခဲ့ပါတယ်။ ပိုပြီးအရေးကြီးတာက မြန်မာနိုင်ငံမှာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အခြေခံကောင်းတွေ ပေါ်ပေါက်လာစေဖို့အတွက် အဓိကအုတ်မြစ်တစ်ခု ချနိုင်ခဲ့တာပဲဖြစ်ပါတယ်။

### ကုမ္ပဏီဒါရိုက်တာများလမ်းညွှန်

ကော်ပိုရိတ်စီမံအုပ်ချုပ်မှုလို့ ပြောလိုက်ရင် ကုမ္ပဏီတွေရဲ့ဒါရိုက်တာများ အခန်းကဏ္ဍက အလွန်ပဲအရေးကြီးလှပါတယ်။ မြန်မာနိုင်ငံမှာရှိကြတဲ့ ကုမ္ပဏီအများစုရဲ့ အဓိကအားနည်းချက်က ကုမ္ပဏီဥပဒေကို ကောင်းစွာနားမလည်တာနဲ့ ဒါရိုက်တာများအနေနဲ့ မိမိရဲ့တာဝန်နဲ့လုပ်ပိုင်ခွင့်တွေ၊ ဆောင်ရန်ရှောင်ရန်တွေကို မကြေညက်ကြတဲ့ အခြေအနေပါ။ ကုမ္ပဏီတစ်ခုထူထောင်ပြီးရင် ဆက်လုပ်ရမယ့်လုပ်ငန်းစဉ်တွေ၊ လိုက်နာကျင့်သုံးရမယ့် ပြဋ္ဌာန်းချက်တွေကို အခြေခံသဘောတရား နားမလည်ရင် ဥပဒေဖတ်ရုံနဲ့ အလွယ်တကူ သဘောမပေါက်နိုင်တာကြောင့် ကုမ္ပဏီဒါရိုက်တာတစ်ဦး သိသင့်တဲ့အချက်တွေကို စုစည်းပြီး အလွယ်တကူနားလည်နိုင်အောင် ပြုစုထားတဲ့ “ကုမ္ပဏီဒါရိုက်တာများလမ်းညွှန်”ကိုလည်း DICA က ထုတ်ဝေပေးထားပါတယ်။ အချိန်မရွေး ဝင်ရောက်ကြည့်ရှုနိုင်အောင် website(www.dica.gov.mm) နဲ့ (www.myco.dica.gov.mm)တို့မှာ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာနဲ့ ဖော်ပြပေးထားပါတယ်။

### မြန်မာဒါရိုက်တာများအင်စတီကျု (Myanmar Institute of Directors)

မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ကုမ္ပဏီတွေ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ ဒါရိုက်တာများရဲ့ တစ်ဦးချင်းအရည်အသွေးမြှင့်တင်မှုနဲ့ ဒါရိုက်တာများအတွက် ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပြီး International Finance Corporation ရဲ့အထောက်အကူနဲ့ မြန်မာဒါရိုက်တာများအင်စတီကျုကို ၂၀၁၈ ခုနှစ် မတ်လမှာ စတင်ထူထောင်ခဲ့ပါတယ်။

အဆိုပါအင်စတီကျုက မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ကုမ္ပဏီအသီးသီးက ဒါရိုက်တာတွေရဲ့ကျွမ်းကျင်မှုအရည်အသွေး ပိုမိုတောက်ပြောင်လာစေဖို့ အလုပ်ရုံဆွေးနွေးပွဲတွေ၊ သင်တန်းတွေ၊ အခြားအစီအစဉ်တွေ တာဝန်ယူကျင်းပပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ပထမဆုံး လက်မှတ်ရဒါရိုက်တာသင်တန်းကို Singapore Management University နဲ့ ပူးတွဲပြီး ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ကာ လက်မှတ်ရဒါရိုက်တာ ၃၆ ဦး စတင်မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း အစီအစဉ်တွေ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရေခံမြေခံကောင်းမွန်စေရေးအတွက် များစွာ အထောက်အကူပြုမှာဖြစ်ပါတယ်။

**စာမျက်နှာ ၂၅ သို့**

# တီးတိန်မြို့နယ်မှ ကျေးလက်ရေရရှိရေး စက်ရေတွင်း တူးဖော်သည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**တီးတိန် ဧပြီ ၁၉**

ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ၁၄ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် အနက် ရှောင်စောန်းကျေးရွာတွင် ရေတွင်းခြောက်တွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ရှောင်စောန်းကျေးရွာသည် တီးတိန်မြို့မှ သုံးမိုင်ခန့်ကွာဝေးပြီး ရေရရှိရေးခက်ခဲသဖြင့် ရေတွင်းများ တူးဖော်ပေးရခြင်းဖြစ်ကြောင်း၊ ရေတွင်းများကို အနက်ပေ ၁၀၀ မှ ပေ ၁၅၀ အထိ တူးဖော်ထားပြီး ရွာသူရွာသားများက ရေတင်မော်တာများဖြင့် ရေရယူသုံးစွဲနေကြပြီဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရေတွင်းများမှ ရေစတင်ထွက်ရှိချိန်ထက် ရေများ ပို၍ကြည်လင်လာပြီး ရေထွက်နှုန်းလည်းပိုများလာပြီဖြစ်ကြောင်း တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက ပြောသည်။

ရှောင်စောန်းကျေးရွာ၌ အဆိုပါရေတွင်းများ တူးဖော်ပေးခြင်းကြောင့် အိမ်ခြေ ၈၅ အိမ်ရှိ လူဦးရေ ၃၀၀ ကျော်အတွက် အကျိုးပြုလျက်ရှိပြီး စက်ရေတွင်းများမှ ရေရရှိသုံးစွဲနေမှု အခြေအနေများကို ဦးစီးမှူးနှင့်အဖွဲ့က ဧပြီ ၁၉ ရက်က သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ကျောက်တံခါးမြို့နယ်တွင် ဗလငါးတန်ဖွံ့ဖြိုးရေးသင်တန်းဆင်း

**ကျောက်တံခါး ဧပြီ ၁၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ သနန္တနဓမ္မရိပ်သာကျောင်း၌ ဖွင့်လှစ်ခဲ့သော (၆၂)ကြိမ်မြောက် နှစ်ပတ်လည် ဗလငါးတန်ဖွံ့ဖြိုးရေးသင်တန်း(၂၀၁၉) သင်တန်းဆင်းပွဲကို ဧပြီ ၁၈ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် အဖွဲ့၏အလံတော်လွှင့်ထူခြင်း၊ သီလခံယူခြင်းနှင့် သင်တန်းသားများ၏ ကာယသရုပ်ပြပွဲအစီအစဉ်များ ပြုလုပ်ပြီးနောက် သာသနာပြုဆရာများ၊ သင်တန်းအုပ်ချုပ်သူများနှင့် သနန္တန ဓမ္မပါလကအဖွဲ့ချုပ် ဒုဥက္ကဋ္ဌတို့က သင်တန်းသားများအား အမှာစကားပြောကြားကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဦးတို့က သြဝါဒစကားများ ပြောကြားသည်။

အဆိုပါသင်တန်းကို သနန္တန ဓမ္မပါလကအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၄၀ မှ သင်တန်းသား ၁၃၉ ဦး၊ ကာယဆရာ ၂၁ ဦးနှင့် စီမံခန့်ခွဲသူ အမှုဆောင် ၃၉ ဦး စုစုပေါင်း ၁၉၉ ဦး တက်ရောက်ကာ ခုနစ်ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း၊ အဆိုပါသင်တန်း၏ ရည်ရွယ်ချက်မှာ ဟိန္ဒူဘာသာဝင်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ စည်းလုံးညီညွတ်စွာ ထာဝရရပ်တည်နိုင်ရေးနှင့် အနာဂတ်တွင် ဘာသာသာသနာအကျိုးနှင့် တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မည့် မျိုးဆက်သစ်လူငယ်လူရွယ်များ မွေးထုတ်ပေးနိုင်ရေး ရည်ရွယ်ခြင်းဖြစ်ကြောင်း သင်တန်းအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**ခင်ကို(ကျောက်တံခါး)**



# အလောင်းတော်ကဿပဘုရားလမ်းပိုင်းပိတ်ပွဲ ဧပြီ ၂၁ ရက်တွင် ကျင်းပမည်

**ကနီ ဧပြီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပဘုရားလမ်းပိုင်း ပိတ်ပွဲအခမ်းအနားကို ဧပြီ ၂၁ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကနီမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

အလောင်းတော်ကဿပ ဘုရားသို့ သွားရာလမ်းပိုင်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်းက စတင်ဖွင့်လှစ်ခဲ့ပြီး ဧပြီ ၂၁ ရက်တွင် ဆရာတော်၊ သံဃာတော်များက လမ်းတစ်လျှောက်၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ၊ ပဋ္ဌာန်း တရားတော်များ ရွတ်ဖတ်ပူဇော်ပြီး လမ်းပိုင်းကို ပိတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် လမ်းပိတ်ပွဲနှင့် အတူ အလောင်းတော်ကဿပ ရုပ်ပွားတော်ကိုလည်း သံကွန်ခြာဖြင့် ဖုံးအုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်က ဒီလိုအချိန်မှာပဲ လမ်းပိတ်ပွဲကျင်းပတာပါ။ ဒီနှစ်က မိုးဦးကျတာနောက်ကျတယ်။ ပိတ်ပွဲအခမ်းအနားမှာ မြို့နယ်သံဃနာယကအဖွဲ့က တောင်ပေါ်ကနေ လမ်းတစ်လျှောက် ပရိတ်တရားတွေ ရွတ်ဖတ်ပူဇော်ကြမယ်။ ဘုရားကိုတော့သံကွန်ခြာနဲ့ဖုံးအုပ်ပြီး သော့ခတ်မယ်၊ ရသုံး ငွေစာရင်းရှင်းတမ်းတွေပြုလုပ်မယ်၊ ရှင်းပြီးရင် ရေစက်ချ အမျှဝေပြီး လမ်းပိုင်းကိုပိတ်လိုက်တော့မယ်"ဟု ကနီမြို့နယ် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်ဦးထွန်းထွန်းဝင်းက ပြောသည်။



ခရီးသွားရာသီတွင် အလောင်းတော်ကဿပသို့ လာရောက်ကြသော ဘုရားဖူးများ

အလောင်းတော်ကဿပ လမ်းပိုင်း ပိတ်ပွဲနှင့် နောင်နှစ် ဘုရားဖူးရာသီတွင် ပြင်ဆင်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ရသုံး ငွေစာရင်းရှင်းတမ်းများနှင့် ပတ်သက်၍ ဧပြီ ၂၀ ရက်တွင် သံဃာ့မဟာ နာယကအဖွဲ့ဝင် ဆရာတော်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူများ စုပေါင်းပြီး အစည်းအဝေးတစ်ရပ် ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

အလောင်းတော်ကဿပ လမ်းပိုင်းကို နှစ်စဉ် မိုးလေကင်းလွတ်သည့် ဇန်နဝါရီလမှ ဧပြီလအထိ လေးလသာ ဖွင့်လှစ်လေ့ရှိပြီး မိုးရာသီတွင် လမ်းပိုင်းကိုပြန်လည်ပိတ်ထားလေ့ရှိကာ အလောင်းတော်ကဿပဒေသသည် နှစ်စဉ် ခရီးသွားရာသီ လေးလခန့်အတွင်း ခရီးသွားဦးရေ သိန်းချီဝင်ရောက်သော ခရီးစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# စလင်းမြို့နယ်မှ ရွာသုံးရွာတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်

**စလင်း ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်အတွင်းရှိ သနပ်ကုန်း၊ ရှမ်းရွာကုန်းနှင့် မင်းတဲ ကျေးရွာသုံးရွာတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်နေပြည်သူများ ပလတ်စတစ်သုံးစွဲမှုကိုလျှော့ချပြီး ပြန်လည်အသုံးပြုနိုင်သည့်ပစ္စည်းများကို ပြန်လည်သုံးစွဲတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အမှိုက်များကို အမျိုးအစား ခွဲခြားစွန့်ပစ်တတ်စေရန်၊ မြစ်ချောင်းများအတွင်းသို့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများကို ရှောင်ကြဉ်ရန်၊ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်နှင့် နွေရာသီကာလ မီးဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ချက်များဖြင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်ဇေယျက ပြောသည်။

ယခုလို စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ခြင်းကြောင့် ကျေးရွာနေပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို စနစ်တကျပြုလုပ်တတ်လာကြောင်း၊ နွေရာသီကာလအတွင်း၌လည်း မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျေးရွာသန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် စနေနေ့တိုင်း သန့်ရှင်းရေးပြုလုပ်သွားမည်ဖြစ်ကြောင်း မင်းတဲကျေးရွာနေ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းက ပြောသည်။

အဆိုပါစနစ် အကောင်အထည်ဖော်မှုတွင် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု စနစ်အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိလာပြီး လက်တွေ့လိုက်နာကျင့်သုံးတတ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကာ ဧပြီ ၁၉ ရက်က မင်းတဲကျေးရွာ၌ ကျေးရွာစွန့်ပစ်အမှိုက်ကော်မတီ ဖွဲ့စည်းခြင်း၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ စွန့်ပစ်အမှိုက်နှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေး ဗီနိုင်းပိုစတာများကို ကျေးရွာရှိကျောင်းများ၊ လမ်းများတွင် စိုက်ထူထားရှိခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**



မင်းတဲကျေးရွာ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

# ကွန်ပျူတာ ပန်းချီပြိုင်ပွဲ ပျဉ်းမနား၌ ကျင်းပ

**နေပြည်တော် ဧပြီ ၁၉**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း(နေပြည်တော်)တို့ ပူးပေါင်းကာ လူငယ်၊ လူရွယ်များ ကွန်ပျူတာနည်းပညာများကို လက်တွေ့အသုံးချနိုင်စေရန် ရည်ရွယ်၍ အငယ်တန်းကွန်ပျူတာပန်းချီပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဧပြီ ၁၉ ရက်က ကျင်းပခဲ့သည်။ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဇော်ဖြိုးအောင်က အမှာစကားပြောကြားသည်။ အဆိုပါ ကွန်ပျူတာပန်းချီးပြိုင်ပွဲတွင် လူထုအခြေပြုဗဟိုဌာန၌ အခမဲ့ သင်ကြားပေးနေသည့် ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃)နှင့် (၄)မှ သင်တန်းသား၊ သင်တန်းသူ ၂၀ က မိမိတို့နှစ်သက်ရာ ပန်းချီပုံများ ရေးဆွဲ၍ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

စာမျက်နှာ ၂၄ မှ

**OECD ကော်ပိုရိတ်စီမံအုပ်ချုပ်မှု**
**အချက်အလက်ရှာဖွေရေးစစ်တမ်း**

မြန်မာနိုင်ငံအတွင်းမှာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနဲ့ ပတ်သက်တဲ့ ပကတိအခြေအနေကို ဆန်းစစ်နိုင်ဖို့အတွက် OECD ကစေလွှတ်လိုက်တဲ့ ပညာရှင်အဖွဲ့က လိုအပ်တဲ့ စစ်တမ်းကောက်ယူမှုတွေ ဆောင်ရွက်ခဲ့ပြီး တွေ့ရှိချက်တွေကို ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ ထုတ်ပြန်ခဲ့ပါတယ်။ စစ်တမ်းရဲ့တွေ့ရှိချက်အရ မြန်မာကုမ္ပဏီအများစုရဲ့ အဓိကအားနည်းချက်ကတော့ ရှယ်ယာပိုင်ရှင်တွေဟာ မိမိတို့ရဲ့ အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေ၊ မဲပေးခွင့်တွေကို နားမလည်တာ၊ မသိတာ၊ ကုမ္ပဏီဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်မြွက်ဟမှုနဲ့ ပတ်သက်ပြီး အသိအမြင်နည်းတာ၊ အယူအဆလွဲတာ၊ ဒါရိုက်တာတွေဟာ မိမိတို့ရဲ့တာဝန်တွေ၊ လုပ်ပိုင်ခွင့်တွေကို မသိရှိတာ၊ ကုမ္ပဏီရဲ့သတင်းအချက်အလက်တွေကို ရယူခွင့်တွေမပေးတာ စတဲ့ အချက်တွေကို တွေ့ရှိခဲ့ရပါတယ်။

**ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကျင့်ထုံး**
**(Corporate Governance Code)**

မြန်မာနိုင်ငံရဲ့အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးကို အကူအညီပေးဖို့အတွက် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ စီမံကိန်းတစ်ခုကို OECD က ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါစီမံကိန်းအတွက် DICA၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်(SECM)နဲ့ OECD တို့အကြား Memorandum of Understanding for Cooperative Activities(MOU)ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလက ရန်ကုန်မြို့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဆိုပါ MOU အရ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး အကြံပေးကော်မတီကို OECD က ပညာရှင်များ၊ DICA၊ SECM၊ ဗဟိုဘဏ်၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပကျွမ်းကျင်သူများနဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး အကြံပေးကော်မတီအနေနဲ့ ကော်မတီရဲ့အစည်းအဝေးအစီအစဉ်များကို ညှိနှိုင်းခြင်း၊ ကော်မတီအစည်းအဝေးမှာ ဆွေးနွေးမယ့်အချက်အလက်များနဲ့ ကိစ္စရပ်များကို ပြင်ဆင်ခြင်း၊ ကော်မတီအစည်းအဝေးကျင်းပရန်အတွက် အစည်းအဝေးခန်းမနဲ့ လိုအပ်သည်များ ပံ့ပိုးပေးခြင်း၊ အများပြည်သူသို့ချပြမယ့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လုပ်ငန်းစဉ်တွေကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလက စတင်ဆောင်ရွက်နေပြီး ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်းမှာ OECD မှ မြန်မာနိုင်ငံရဲ့ Corporate Governance နဲ့စပ်လျဉ်းတဲ့ အစီရင်ခံစာမူကြမ်းကို အကြံပေးကော်မတီသို့ တင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် မိမိနိုင်ငံရဲ့ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်မယ့် Corporate Governance Code ရေးဆွဲနိုင်ဖို့အတွက် အပြီးသတ်အစီရင်ခံစာကို ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှာ ထုတ်ပြန်သွားနိုင်ဖို့ DICA နဲ့ SECM တို့ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။

**ဘာတွေကအရေးကြီးသလဲ**

ထိရောက်တဲ့ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတစ်ခု ဖြစ်ပေါ်လာစေဖို့ ခိုင်မာတဲ့ဥပဒေမူဘောင်၊ စည်းမျဉ်းမူဘောင်နဲ့ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာမူဘောင်တွေ လိုအပ်ပါတယ်။ အဆိုပါမူဘောင်တွေကို စီးပွားရေးနယ်ပယ်က အမှီသဟဲပြုနိုင်မှသာ ပုဂ္ဂလိကကဏ္ဍအတွက် အကျိုးဖြစ်ထွန်းစေနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကို ကျယ်ပြန့်စွာ လက်ခံကျင့်သုံးလာနိုင်စေဖို့ နိုင်ငံတော်အစိုးရအနေနဲ့ ဆောင်ရွက်ရန်ကိစ္စများကို အစီအစဉ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၂၀ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်မယ့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုကျင့်ထုံးတစ်ခုလည်း ပေါ်ထွန်းလာတော့မှာဖြစ်ပါတယ်။

အရေးအကြီးဆုံးကတော့ နိုင်ငံအတွင်းမှာရှိတဲ့ စာရင်းဝင်အများနဲ့ သက်ဆိုင်သောကုမ္ပဏီများ (Public Listed Companies)၊ စာရင်းမဝင်သေးတဲ့ အများနဲ့သက်ဆိုင်သော ကုမ္ပဏီများ(Public Companies)နဲ့ ကုမ္ပဏီကြီးများအနေနဲ့ မိမိကုမ္ပဏီမှာ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွေ အင်အားကောင်းစွာနဲ့ နေသားတကျဖြစ်အောင် စတင်ပြင်ဆင်သွားကြဖို့နဲ့ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအားနည်းတဲ့ ကုမ္ပဏီတွေဟာ အနာဂတ်ဈေးကွက်မှာ နေရာပျောက်တော့မယ်ဆိုတာကို သတိမူမိကြဖို့ပါပဲ။ ။

## ဒေဝယက္ခဆေးတိုက်မိသားစု၏နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

မြန်မာနှစ်သစ်ကူးမင်္ဂလာအခါသမယတွင် မြန်မာပြည်သူပြည်သားအပေါင်း၊ ဒေဝယက္ခဆေးတိုက်မိသားစု၏ မိတ်ဟောင်း/မိတ်သစ်များ၊ သက်ရှည် ကျန်းမာ စိတ်ချမ်းသာ၍ လိုရာဆန္ဒပြည့်ဝပြီး အလုပ်အကိုင်အခွင့်လမ်းကောင်းများ ကြုံစည်တိုင်းအောင်မြင်ပါစေကြောင်း ဒေဝယက္ခဆေးတိုက်မိသားစုမှ ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။

ဦးဖြေ - ဒေါ်မကြည်
ဒေဝယက္ခဆေးတိုက်မိသားစု၊ ပဲခူးမြို့။

## "နှစ်သစ်ကူးမင်္ဂလာဆုမွန်ကောင်း"

မြန်မာသက္ကရာဇ် ၁၃၈၀-၈၁ ခုနှစ်၊ တန်ခူးလဆန်း (၁၃) ရက်၊ ၂၀၁၉ ခုနှစ် ဧပြီလ (၁၇) ရက်နေ့တွင် ကျရောက်သော မြန်မာ့အတာသင်္ကြန်နှစ်သစ်ကူးအချိန် အခါသမယ၊ နှစ်ဆန်းတစ်ရက်နေ့မှစ၍ "DIAMOND LAND စိန်အရောင်းပြခန်း" ၏မိတ်ဟောင်းမိတ်သစ်များနှင့်တကွ၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး ဘဝတစ်လျှောက်လုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း တို့နှင့်ပြည့်စုံကြ၍ အလုပ်အကိုင်၊ စီးပွားလာဘ်လာဘများ၊ ဆတက်ထမ်းပိုးတိုးတက်ကြပါစေကြောင်း "DIAMOND LAND စိန်အရောင်းပြခန်း" မိသားစု မှ နှစ်သစ်ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ။

ဒေါက်တာ ခင်မောင်ဝင်း + ဒေါက်တာဝေဝေ
သား ဖွဲ့မာန်ဟိန်း၊ ဖြိုးမာန်ဟိန်း
"DIAMOND LAND စိန်အရောင်းပြခန်း"

AR YU INTERNATIONAL HOSPITAL
GLOBAL CARE within reach

အာယုအင်တာနေရှင်နယ်ဆေးရုံကြီးတွင်
ပြင်ပလူနာဌာနနှင့်အတွင်းလူနာဌာန ဝန်ဆောင်မှုများ
ပြီးပြည့်စုံစွာရရှိနိုင်ပြီဖြစ်ပါသည်။




အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၉၃၇၆၂၀၀ www.aryuhospital.com

**ဖခင် အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အထက(၃) သတ္တမတန်း(F)မှ မောင်ညီညီကျော်ဇော၏ ဖခင်အမည်မှန်မှာ ဦးတင်ဇော်လွင် ၁၂/ဥကတ(နိုင်)၀၆၁၅၆၇ ဖြစ်ပါသည်။
**ဦးတင်ဇော်လွင်**

**ဖခင် အမည်မှန်**
ကျောက်တံခါးမြို့နယ်၊ အထက(ဖဒို)၊ တက္ကသိုလ်ဝင်တန်း (C)မှ မဇာခြည်ပွင့်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့် ၇/ကတခ(နိုင်)၀၀၂၂၇၁ ဖြစ်ပါသည်။
**ဦးမျိုးမြင့်**

**အမည် မှန်**
ဦးမြင့်ဦး ၉/ရမသ(နိုင်)၀၈၂၀၀၂ ၏သား နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဝင်ရောက်ဖြေဆိုထားသူ၏ အမည်မှန်မှာ မောင်ကောင်းခန့်စံ ဖြစ်ပါကြောင်း။
**မောင်ကောင်းခန့်စံ**


ပို့ဘီ ဝန်ဆောင်မှု
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ချစ်ခင်ရသူတွေရဲ့ လိုအပ်ချက်ကို အလွယ်ကူဆုံး
ဖြည့်ဆည်းပေးနိုင်မယ့် ပို့ဘီ ဝန်ဆောင်မှု
NEW ဒေတာကယ်ရီ
*777#
ထောဘီ+
*500#
ပြောပြီးရင်းပြော
*600#
• New ဒေတာကယ်ရီ၊ ထောဘီ+ နှင့် ပြောပြီးရင်းပြော package များကို ဝန်ဆောင်ခပေးစရာမလိုဘဲ ချစ်ခင်ရသူတွေဆီ ပေးပို့နိုင်ပါသည်။
• MPT4U application မှလည်း Package များကို ဝယ်ယူပေးပို့နိုင်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တ နာဂဝံသ(ဂန္ထဝါစက ပဏ္ဍိတ)
## ပဓာန နာယကဆရာတော်
## စက်ဆန်းကျောင်းတိုက်
## ရွှေဘိုမြို့
## သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

ရွှေဘိုမြို့၊ သက်သာပန်းတောင်းရပ်၊ စက်ဆန်းကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ နာဂဝံသ(ဂန္ထဝါစက ပဏ္ဍိတ)သည် ၁၇-၄-၂၀၁၉ရက်မွန်းလွဲ ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ ဥတုဇရုပ် ကလာပ်တော်ကို ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီ တွင် အန္တိမအဂ္ဂိစျာပနမီးသင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး သားချင်းသင်္ဂဟများနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအားသိစေရန် အကြောင်း ကြား အပ်ပါသည်။

**တပည့်များ၊ရဟန်းသံဃာနှင့်**
**ဒါယကာ၊ဒါယိကာမများ**

---

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းရွှေ
## ဆင်ဖြူကျွန်းမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးကန်တော့ခံ
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ထ/၁၆ ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် ၅၆၆ နေ (ဦးကိုး-ဒေါ်ကြည်)တို့၏ သမီး၊ (ဦးထွန်းတင်)၏ ဇနီး၊ ဦးမောင်မောင်-ဒေါ်တင်ညွန့်ဝေ၊ ဦးချစ်ရွှေ-(ဒေါ်တင်သိန်းဌေး)၊ (ဦးတင်မောင်စန်း)-ဒေါ်သက်သက်ဝင်း၊ ဒေါက်တာစိန်ဌေး-ဒေါ်တင်တင်ဝင်း၊ ဦးတင်လတ်-ဒေါ်တင်ယုဝေ၊ ဦးခန္တီသာရ၊ ဦးတင်ဘိုဘို-ဒေါ်ကြူကြူသိန်း၊ ဦးတင်တိုးနိုင်-ဒေါ်ခင်နန္ဒာကျော်၊ ဦးစိုးသန်းထွန်း-ဒေါ်ခင်မေသန်း(ပွင့်သစ်စမ်း စားသောက်ဆိုင်)၊ (ဦးစည်သူအေး)-ဒေါ်တင်လေးငယ်တို့၏ မိခင်၊ မြေး ၁၉ယောက်၊ မြစ် ၁၀ ယောက်တို့၏ အဘွားသည် ၁၈-၄-၂၀၁၉ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ကျူချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်လှိုင်(ခ)လွှာရောင်ဆိုင်
## (ကညွတ်ကွင်း)
## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းရေတွင်းလမ်း၊ အမှတ်(၁၅)နေ (ဒေါ်မြင့်ဝင်း)၏ခင်ပွန်း၊ ဦးတင်စိုးလှိုင်-ဒေါ်တင်တင်ဦး၊ ဦးမြင့်လွင်-ဒေါ်တင်တင်အေး(ငွေသစ္စာပွဲရုံ)၊ ဦးညွန့်ရွှေ-ဒေါက်တာ ဒေါ်တင်တင်ဝင်း(မြိုင်ဆေးခန်း)၊ ဦးသိန်းလှိုင်-ဒေါ်အိအိခိုင်(ငွေစွန်ရဲပွဲရုံ)၊ ဦးလင်းလင်း-ဒေါ်လဲ့လဲ့ဝင်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၈-၄-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးဝင်းမောင်
## အသက်(၈၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့ နယ်၊ အောက်ကွင်းကျေးရွာနေ (ဦးမိုး ဟန်-ဒေါ်မျှင်)တို့၏သား၊ ဦးသန်းနိုင် (လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့ပြ၊ အဆောက်အအုံအထူးအဖွဲ့(၈)၊မြစ်ကြီးနား)- ဒေါ်အေးအေးလှိုင်တို့၏ဖခင်သည် ၁၉-၄-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် အောက်ကွင်းကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၉ ရက်(ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖျာပုံ မြို့နယ်၊ အောက်ကွင်းကျေးရွာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးသန်းလွင်(ဦးတူးပါ)
## ကျုံမငေး
## အသက်(၇၄)နှစ်

ကျုံမငေးမြို့နေ(ဦးစစ်တင်-ဒေါ်တင်စိန်)တို့၏သား၊ တောင်ငူမြို့နေ(ဦးစိုးညွန့်-ဒေါ်ကျင်လွမ်)တို့၏သားသမက်၊ ရန်ကုန်မြို့နေ (ဦးခင်ဟုတ်-ဒေါ်ခင်ဆုံ)၊ ကျုံမငေးမြို့နေ ဆရာမကြီး ဒေါ်တင်တင်လှ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဒေါ်သန်းသန်း၊ (ဦးသိန်းထိုက်)-ဒေါ်စန်းစန်းမြင့်၊ ဦးအောင်ဖုန်း-ဒေါ်ခင်စစ်အေးတို့၏ညီမောင်၊ (ဦးမောင်မောင်)၏အစ်ကို၊ အင်းစိန်မြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် ၃၁(Z)နေ ဒေါ်အေး အေးသင့်၏ခင်ပွန်း၊ ကိုဝေဖြိုးလင်း-မနွေဦးလွင်တို့၏ဖခင်၊ မခိုင်နွေလင်း၊ မယွန်း နွေလင်းတို့၏အဘိုးသည် ၁၈-၄-၂၀၁၉ ရက်(ကြာသပတေးနေ့)ညနေ ၄း၁၀နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၉ရက် နံနက် ၉နာရီ တွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီနှင့် ကျုံမငေးအသင်းတို့မှကားများ နံနက် ၇နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီ အထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## မိတ္ထီလာသမီးတော်ကြီး(မန္တလေး)
## သက်တော်(၉၅)နှစ်

ရတနာပုံ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးနှင့် လောင်းရှည်မိဖုရားကြီး၊ ခေါင်တုံးမြို့စား ဗိုလ်မှူးမင်းသား ကိုယ်တော်ကြီးနှင့် နံတည်ထိပ်ခေါင်တင်တို့၏ မြစ်တော်၊ ဦးမောင်မောင်သင်နှင့် အင်ထောက်သာ ထိပ်ခေါင်တင်၊ သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်နှင့် မဟာဒေဝီပုခန်းကြီးစုဖုရား၊ ဦးမောင်မောင်ကျော်လှိမ့်နှင့် မိတ္ထီလာစုဖုရားတို့၏ မြေးတော်၊ အင်ထောက်သာ ထိပ်တင်ဦးကြီးနှင့် မိတ္ထီလာတော်ဖုရားလတ်တို့၏ သမီးတော်၊ ဆပ်ကျောင်းအုပ်ကြီး ဦးဖိုးသစ်နှင့် ဒေါ်စောလှတို့၏ သမီးချွေးမ၊ တော်မြင့်ဦး၊ ဦးခင်မောင်ရွှေ-(တော်မျိုးမြင့်)၊ ဦးခင်ဇော်-တော်ထွေးထွေးသိန်း၊ ဦးကြည်ထွေး-တော်တိုးတိုးသိန်းတို့၏မယ်တော်၊ တော်ဝင့်မြတ်ဇော်၊ တော်ထက်ထက်၊ တော်အေးမြတ်ဇော်တို့၏ ဘွားဖုရား၊ ဇေယျကျော်ထင်(ဗိုလ်မှူးသိန်းမောင်)၏ဇနီးသည် ၁၉-၄-၂၀၁၉ရက် (သောကြာနေ့) နံနက် ဝ၀း၁၅နာရီတွင် အမှတ် ၄၁၉C၊ မြရတနာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ မိတ္ထီလာအိမ်တော်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ ရက်(တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါမိတ္ထီလာအိမ်တော်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဦးအောင်ထွန်း(ခ) S.P ဘရူးဝါး
## (ဘရူးဝါးကြီး)
## မြန်မာ့ကြက်တောင်ချန်ပီယံ(ဟောင်း)
## မြန်မာ့မီးရထား(ငြိမ်း)
## အသက်(၈၄)နှစ်

(ဦး A.B ဘရူးဝါး-ဒေါ် S ဘရူးဝါး)တို့၏ချစ်လှစွာသောသား၊ (ဦးစန်းအောင်)၏ ညီ၊[ဦးသန်းမောင်(ခ) ဘရူးဝါးလေး]၊ ဒေါ်ကလျာဏီ ဘရူးဝါး၊ (ဒေါ်အဇ်လီ ဘရူး ဝါး)တို့၏အစ်ကိုသည် ၁၉-၄-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁း၂၈နာရီတွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြိုးစက်ရုံလမ်း၊ အမှတ် ၇ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ၂ နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဦးထွန်းစိန်(ပန်းမြောင်း)
## ကျောင်းဆရာ(ငြိမ်း)၊ အမက(၁၃)တောင်ဥက္ကလာပ
## အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၁၆)လမ်း၊ အမှတ်(၉၅၉)နေ (ဦးရွှေမြင့်-ဒေါ်ပန်ကြာ)တို့၏သား၊ (ဦးအေးမောင်-ဒေါ်သိန်းရင်)တို့၏သားသမက်၊ (ဒေါ်သင်းကြည်)၏ခင်ပွန်း၊ ဦးမောင်မောင်ဦး(အကောက်ခွန်မှူး၊ အကောက်ခွန်)-ဒေါ်မြင့်မြင့်မော်၊ ဦးစိုးမိုးထွန်း-ဒေါ်ကြူကြူမာ၊ ဦးညီညီထွန်း-ဒေါ်ခင်စန္ဒာမြင့်၊ ဦးသန်းဇော်ဦး-ဒေါ်နုနုထွေးတို့၏ဖခင်၊ ဦးအောင်ဝင်း-ဒေါ်အေးခင်တို့၏အစ်ကို၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၈-၄-၂၀၁၉ ရက်(ကြာသပတေးနေ့) ညနေ ၄း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းမောင်
## အသက်(၈၃)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ အဆောက်အအုံအထူးအဖွဲ့(၈)မြစ်ကြီးနားမှ ဦးသန်းနိုင်(လက်ထောက်ညွှန်ကြားရေးမှူး-မြို့ပြ)၏ဖခင်သည် ၁၉-၄-၂၀၁၉ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**အဆောက်အအုံအထူးအဖွဲ့(၈)မြစ်ကြီးနား**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## ဒေါ်မြင့်မြင့်
## ဒု-ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေး(ငြိမ်း)
## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊အမှတ် ၁၈၅၊ မိုးညှင်းဝိပဿနာတိုက်သစ်နေ (ဦးသိန်းမောင်-ဒေါ်နှင်းမြ)တို့၏သမီး၊ (ဦးသန်းရွှေ)-ဒေါ်အေးသန်း၊ ဦးကြည်ဝင်း-(ဒေါ်သန်းရီ)၊(ဆရာကြီး ဒေါ်ဇော်ဂီ)၊ဦးတင်ကြည်-ဒေါ်တင်တင်၊ (ဒေါ်ညွှန့်ညွှန့်)ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်းတို့၏ညီမ၊ ဦးစိန်မြင့်-ဒေါ်တင်ကြည်တို့၏အစ်မ၊ တူ၊တူမ ၁၇ယောက်တို့၏အဒေါ်သည် ၁၈-၄-၂၀၁၉ရက် (ကြာသပတေးနေ့ ) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မိုးညှင်းဝိပဿနာတိုက်သစ်မှကားများ နံနက်၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၂၄-၄-၂၀၁၉ရက် နံနက် ၆နာရီတွင် မိုးညှင်းဝိပဿနာတိုက်သစ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အုပ်ခွဲတပ်ကြပ်ကြီးအောင်စိုး
## တပ်မတော်(လေ)
## လေ/၂၀၃၇၇
## အသက်(၅၄)နှစ်

မြောင်းမြမြို့နေ(ဦးကျော်စိန်- ဒေါ်ကလေးမ)တို့၏သား၊ မှော်ဘီမြို့နေ ဦးစိန်ထွန်း(လေ-ငြိမ်း)-ဒေါ်ရီလေး တို့၏သားသမက်၊ ဒေါ်စန္ဒာထွန်း၏ ခင်ပွန်း၊ မောင်ဟိန်းနိုင်စိုး၏ ဖခင်သည် ၁၈-၄-၂၀၁၉ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် မင်္ဂလာဒုံခုတင်(၁၀၀၀) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင်မင်္ဂလာဒုံငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံ စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍၂၄-၄-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ပုသိမ်အသင်း(ရန်ကုန်)
## ဦးထွန်းရှိန် အသက်(၈၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အမှတ်(၂)နယ်မြေ၊ ကွင်းတန်းလမ်း၊အမှတ်-၃၄(က)နေ(ဦးဘသောင်-ဒေါ်အေးရင်)တို့၏သား၊ (ဒေါ်ခင်လှ)၏ခင်ပွန်း၊ ဦးဝေဇင်-ဒေါ်စန်းစန်းရှိန်၊ ဦးမြင့်မောင်-ဒေါ်အေးအေးနိုင်၊ ဦးစိုးလှဦး-ဒေါ်တင်မိုးခိုင်၊ ဒေါ်လွင်လွင်ရှိန်(စစစ)၊ ဦးဝင်းကို- ဒေါ်ခင်အေးမူတို့၏ဖခင်၊ ပုသိမ်အသင်းဝင်(ရာ/၄၈၇)၊ သက်ကြီးကန်တော့ခံဦးထွန်းရှိန်သည် ၁၈-၄-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြား အပ်ပါသည်။

**အမှုဆောင်အဖွဲ့**

---

## ဒေါ်မြင့်သန်း(ခ)ဒေါ်တူး
## အသက်(၇၆)နှစ်

ဇန်းမော်မြို့၊ မြို့မရပ်ကွက်နေ (ဦးရှောင်ရှင်-ဒေါ်တင်)တို့၏သမီး၊ ဦးကျော်ထွန်း၏ညီမ၊ ဒေါ်အေးအေး၊ (ဦးစိန်ထွန်း)၊ ဒေါ်ထွေးထွေးတို့၏ အစ်မသည် ၁၈-၄- ၂၀၁၉ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဦးကိုကိုဇော်
## အငြိမ်းစား မန်နေဂျာ(New Force Company Limited)
## (မြို့မကျောင်းသားဟောင်း)
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောကျောင်းလမ်း၊ အမှတ်-၃၅(သုံးလွှာ)နေ (ဦးတင်ထွန်း)-ဒေါ်စိမ်းလှတို့၏သား၊ (ဦးမောင်ကလေး-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ (ဦးတင်လှဦး)၊ ဦးမျိုးထွန်း-ဒေါ်အေးအေးမိုးတို့၏ညီ၊ ဦးရဲဝင်း-ဒေါ်မို့မို့ဆွေ၊ ဦးအောင်အောင်ထွန်း-ဒေါ်သင်းသင်းစိုးတို့၏အစ်ကို၊ ဒေါ်ခင်ဆွေဦး(ခရိုင်တရားသူကြီး-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ကိုသက်ထွန်းဦး၊ မသီရိကိုကိုဇော်တို့၏ဖခင်သည် ၁၈-၄-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Tg.Cin Len Mung
## (B.Th-MICT,Insein, သာသနာပြုဆရာ-ငြိမ်း၊ TBC-Y)
## (Tangpua Beh,Lamzang Khua)
## အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ စီဘလောက်၊ ၁လမ်း၊ တိုက် ၃၈၊ အခန်း ၄၀၂နေ [Pa Cin Za Suan အရာခံဗိုလ်(ရေ-ငြိမ်း)]- Nu Ning Khan Man တို့၏သား၊ နိုင်ဂိုးမန်(ETEC)၊ ဝေနန်းအိမ်(B.A-Bible & Theo.,Eco); WOH-AG၊ နန်းပုံ့ဇင်(B.A-Bsc; Network International School)၊ ဟန်မင်းသူ(B.A-Bsc.,Tedim Christian Collage)တို့၏အစ်ကိုသည် ၁၅-၄-၂၀၁၉ ရက်(တနင်္လာနေ့)နံနက် ၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

နာမကျန်းဖြစ်ချိန်မှစ၍ ယနေ့အချိန်အထိ အဘက်ဘက်မှ ပံ့ပိုးကူညီလျက် မေတ္တာပြသခဲ့ကြသူများ၊ နှစ်သိမ့်ခဲ့ကြသူများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်တင်မေ
## အသက်(၉၆)နှစ်

ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်း၊ အမှတ်(၁၆-ခ၊ ငါးလွှာ)နေ (ဦးစိန်လှ)၏ဇနီး၊ ဦးသီရိစက္ကူ(မနောသုခကျောင်း)၊ ဦးသောင်းဝင်း-ဒေါ်မြမြသိန်း၊ (ဦးတင်ထွန်း)-ဒေါ်မြင့်မြင့်ကြည်၊ ဦးခင်အောင်လွင်-ဒေါ်ကြည်ကြည်မြင့်၊ (ဦးအောင်မြင့်မောင်)-ဒေါ်ခင်မေသောင်း၊ ဦးဟန်စိုး-ဒေါ်အေးအေးမာတို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၁၉-၄-၂၀၁၉ရက်(သောကြာနေ့) နံနက် ၆နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၂၅-၄-၂၀၁၉ရက်(ကြာသပတေးနေ့) တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်း အားဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်ကြည်(ဇီးကုန်း)
## အသက်(၈၈)နှစ်

သူငယ်ချင်းဒေါက်တာသန်းဝင်း၏ မိခင်ဖြစ်သူ ဒေါ်ကျင်ကြည်သည် ၁၈-၄-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၃-၁၉၉၃ MBBS ဆေး-၂**
**သူငယ်ချင်းများ**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ရီ(ဖျာပုံ)
## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိ(၁)လမ်း၊ အမှတ်(၅)နေ (ဦးကျော်ဒင်-ဒေါ်ကျင်)တို့၏သမီး၊ (ဦးမြမောင်)၏ဇနီး၊ (ဦးခင်မောင်ဝင်း)-ဒေါ်တင်အေး၊ ဦးမြတ်စိုး-(ဒေါ်အေးအေးသန့်)၊ ဒေါ်ဝင်းသီဂီ၊ ဦးလှမျိုးဝင်း-ဒေါ်ငုဝါ၊ ဦးကျော်နီထွန်း- ဒေါ်ခင်သက်သက်နိုင်၊ ဒေါ်မြသန္တာအေးတို့၏မိခင်၊ ဗိုလ်ကြီးအောင်ပြည့်ဖြိုး(ဆေးမှူး)၊ မောင်ပေါ်မင်းသိမ်း၊ မောင်တင်ထူးကျော်၊ မဆုမြတ်သင်း၊ မောင်နန္ဒကျော်ခန့်၊ မောင်ထက်မြက်စိုး၊ မရည်မွန်အောင်၊ မောင်သုတအောင်တို့၏ဘွားဘွားကြီးသည် ၁၉-၄-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၅၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## သူငယ်ချင်းဦးသိန်းလွင်
## BE.Civil 1975
## အသက်(၇၁)နှစ်

သူငယ်ချင်းဦးသိန်းလွင် ၁၂-၄-၂၀၁၉ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**1975 ဆင်း B.E Civil မှသူငယ်ချင်းများ**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းဆွေ(ပခုက္ကူ)
## အသက်(၆၇)နှစ်

ပခုက္ကူမြို့၊ မကျည်းချောင်းရပ်ကွက်နေ (ဦးစိန်ကတုံး-ဒေါ်စောရှင်)တို့၏သမီး၊ ပခုက္ကူမြို့၊ စွန်သိုက်ရပ်ကွက်နေ (ဦးမြမိုး-ဒေါ်သောင်း) တို့၏သမီးချွေးမ၊ ဒေါက်တာကြည်ဝင်း(ဆေးရုံအုပ်ကြီး၊ နားနှာခေါင်းလည်ချောင်းဆေးရုံ၊ မန္တလေးမြို့-ငြိမ်း)၏ဇနီး၊ ဦးကျော်ညိုမင်း-ဒေါ်ဆွေ ဇင်ဝင်း၊ ဦးသက်ထွန်းဝင်း-ဒေါ်ခင်သီရိထွန်း၊ ဦးမောင်သင်းခိုင်-ဒေါ်ခင်သူသူဝင်း၊ ဦးထွန်းဇော်ဝင်း-ဒေါ်စုစုကြည်ဝင်း၊ ဒေါက်တာယုယုကြည် ဝင်း(လက်ထောက်အင်ဂျင်နီယာ၊ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)တို့၏မိခင်၊ မြေငါးယောက်တို့၏အဘွားသည် ၁၉-၄-၂၀၁၉ရက် ညနေ ၃း၃၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက် ရေဝေးသုသာန်သို့ပို့ ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက်၉နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ခရစ်တော်၌အိပ်ပျော်ခြင်း
## တကပီတာ ပေါင်ဆွင့်ထန်(Vangteh, Gual Nam)
## ရေတပ်ပင်မဆက်သွယ်ရေးတပ်
## အသက်(၃၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တာဟန်းနေ (Pu Khai Khan Thang-Sgt.Retd)-Pi Son Za Nuam တို့၏သား၊ U Hau Ngaih Lian (ဌာနခွဲမှူး-စီမံ၊ ကလေးတက္ကသိုလ်)၊ Daw Cing Sawm Nuam, Tg.Thang Za Pau(ကလေးမြို့)၊ (Tg.Thang Ngaih Dangh, U Langh Khan Suan (တပ်မတော်ရေ)- Daw Lian Sian Zam, (Tg.Hau Sian Langh), Daw Niang Ngaih Dim(ကြီး/ရေး၊ ပြည်သူ့ဆေးရုံ ကြီး၊ ကလေးမြို့)- U EL Lian တို့၏ ညီ/မောင်၊ Sister Martinda Dim Sian Ngaih (ခေတ္တ-ဖိလစ်ပိုင်)၊ Daw Ciin Sian Muan (ဒုဦးစီး၊ ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့)- U Thang Suan Langh (ဦးစီးအရာရှိ၊ လဝက)၊ Daw Thang Lam Cing- U Zaw Min Oo (CID)တို့၏ အစ်ကို၊ တူ/တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၁၇-၄-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ခုတင်(၁၀၀၀)တပ်မတော်ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၁-၄-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ Our Lady of Fatima Catholic Church၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။ **ကျန်ရစ်သူမိသားစု**

# ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၂/၂၀၁၉) ကျင်းပ

**နေပြည်တော် မေ ၁၉**

လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၂/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အစည်းအဝေးသို့ တက်ရောက်လာကြသူအားလုံး ၁၃၈၁ ခုနှစ် မြန်မာနှစ်သစ် အခါသမယမှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း၊ ဒုတိယအကြိမ်လွှတ်တော် အသီးသီး၏(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများကို ၂၀၁၉ ခုနှစ်၊ မေ ၂၉ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယင်းလွှတ်တော်အစည်းအဝေးများတွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏

*စာမျက်နှာ ၅ ကော်လံ ၆* ❄



ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၂/၂၀၁၉) တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## မြန်မာ့လက်ရွေးစင်အသင်းအတွက် နိုင်ငံခြားသားနည်းပြသစ်တစ်ဦး ခန့်အပ်မည်

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းအတွက် နိုင်ငံခြားသား နည်းပြသစ်တစ်ဦး ခန့်အပ်မည်ဖြစ်ပြီး မကြာမီ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။


မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် ကိုင်တွယ်ခဲ့သည့် ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးနှင့် လမ်းခွဲပြီး ကတည်းက နည်းပြသစ်ခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်ပြီး နည်းပြသစ်နှင့် သဘောတူညီမှုရထားပြီဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း အဓိက နိုင်ငံတကာပြိုင်ပွဲအဖြစ် စက်တင်ဘာမှသာ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်ရန်ရှိနေသောကြောင့် နည်းပြသစ်ကို ဧပြီနောက်ဆုံးပတ် သို့မဟုတ် မေလပထမပတ်မှသာ အတည်ပြုခန့်ထားဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ ခုနှစ်တွင် နည်းပြချုပ်နှစ်ဦးနှင့် လမ်းခွဲခဲ့ပြီး မတ်လတွင် ဂတ်ဖရိုင်းဒရစ်၊ ဒီဇင်ဘာတွင် အန်တွမ်နီဟေးနှင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန်လတွင် နိုင်ငံတကာ

*စာမျက်နှာ ၁၂ ကော်လံ ၅* ✪

## ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲ အဖွင့်ပွဲ မြန်မာ ယူ-၁၈ အသင်း အနိုင်ရ

ရန်ကုန် မေ ၁၉

**၂၀၁၉ ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ် ပြိုင်ပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းက ဟောင်ကောင်၌ စတင်ကျင်းပရာ မြန်မာ ယူ-၁၈ အသင်းက အိမ်ရှင်ဟောင်ကောင် အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။**



မြန်မာ ယူ-၁၈ အသင်းနှင့် ဟောင်ကောင် ယူ-၁၈ အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-MFF

မြန်မာ ယူ-၁၈ အသင်းသည် အိမ်ရှင် ဟောင်ကောင်အသင်းနှင့် စတင်ကစားရသော်လည်း အမှားအယွင်းမရှိဘဲ နှစ်ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် သွင်းယူသည့် ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၄၀ တွင် ဇော်ဝင်းသိန်းနှင့် ၄၅ မိနစ်တွင် စောကျော်အဲတို့က သွင်းယူခဲ့သည်။ ယူ-၁၈ ပြိုင်ပွဲ၏ အခြားပွဲတွင် ဗီယက်နမ်အသင်းက စင်ကာပူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယူ-၁၈ ပြိုင်ပွဲတွင် အသင်းလေးသင်း ယှဉ်ပြိုင်နေပြီး

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍

## မာတိကာ


တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန် — စာမျက်နှာ - ၇

မောင်တော-အငူမော်ကားလမ်း၌ AA အဖွဲ့က မိုင်းထောင်၊ အများပြည်သူအန္တရာယ်မဖြစ်စေရေးအတွက် တပ်မတော်သားများက ဖော်ထုတ်ဖောက်ခွဲရှင်းလင်း — စာမျက်နှာ - ၁၁

ငပုတောမြို့နယ်၌ ကျောက်စည်ပိုင်းထဲရှိ ရေကိုသောက်ပြီးနောက် နွား ၁၁ ကောင်သေဆုံး — စာမျက်နှာ - ၁၃

မက္ကဆီကိုနိုင်ငံတွင် ဆေးခြောက်များ တင်ဆောင်ထားသည့် စွန့်ပစ်လေယာဉ်ငယ်တစ်စင်းတွေ့ရှိ — စာမျက်နှာ - ၁၄



ဆရာစို့-ဓာတ်စေ ဆေးတိုက် မြန်မာနှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

အနာဆို "ဆရာစို့" ၏ ပရိသတ် ရဟန်း ရှင်လူ မြန်မာပြည်သူပြည်သားများ အားလုံး ၁၃၈၁ ခုနှစ် မြန်မာနှစ်သစ်မှာ-

"အစာဝ အနာကင်း ဘယာရှင်းကြပါစေ"

"ပဒုမ္မာရွှေကြာစကြာရတနာ"

တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
စနေ၊ ဧပြီ ၂၀၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ပြောင်းလဲမှုနှင့် ရည်မှန်းချက်ပန်းတိုင်များသို့ အရောက်လှမ်းနိုင်ခဲ့သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း

❐ သတင်းဆောင်းပါး - မော်စီ၊ ဓာတ်ပုံ - ခန့်မော်ဦး

သဘာဝသယံဇာတများမှရရှိနိုင်သည့် အကျိုးကျေးဇူးများကို စဉ်ဆက်မပြတ် ခံစားနိုင်စေရန် ဥပဒေများ၊ မူဝါဒများ၊ မဟာဗျူဟာများ ရေးဆွဲပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တတိယ(၁)နှစ်တာကာလအတွင်း တိုးတက်မှုနှင့် အောင်မြင်မှုများစွာကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖော်ဆောင်နိုင်ခဲ့သည်။

သစ်တောများနှင့် သဘာဝဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လက်ရှိအခြေအနေအရပ်ရပ်နှင့် ကိုက်ညီသည့် ဥပဒေများကို အသစ်ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်သည့်အတွက် ၂၀၁၈ ခုနှစ်တွင် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေနှင့် သစ်တောဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ကြောင်း သိရသည်။

အချပ်ပို(ခ)သို့

**“မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်လာရန်အတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀)နှစ် စီမံကိန်းကို ဆောင်ရွက်ခဲ့ရာ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပိုင် စိုက်ခင်း ၃၀၈၉၂ ဧက တည်ထောင်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်၏ သဘာဝတောတောင်၊ ရေ၊ မြေတို့ကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် ယခုအစိုးရလက်ထက်တွင် သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို တိုးချဲ့ဖွဲ့စည်းသတ်မှတ်ဆောင်ရွက်လျက်ရှိရာ တတိယ(၁)နှစ်တာကာလအတွင်း ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တော ၂၆ ခု၊ ဧက ၀ ဒသမ ၉၉ သန်း တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သဖြင့် လက်ရှိအချိန်ထိ နိုင်ငံအကျယ်အဝန်း၏ ၂၅ ဒသမ ၃၁ ရာခိုင်နှုန်း၊ ဧက ၄၂ သန်းကျော် ဖွဲ့စည်းနိုင်ခဲ့မှုသည် ဝန်ကြီးဌာန၏ အောင်မြင်မှုရလဒ်များပင်ဖြစ်”**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အကေးရှားစပ်မျိုး စမ်းသပ်စိုက်ကွက်၌ စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

အချပ်ပို(က)မှ

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်လာရန်အတွက် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀)နှစ် စီမံကိန်းကို ဆောင်ရွက်ခဲ့ရာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပိုင် စိုက်ခင်း ၃၀၈၉၂ ဧက တည်ထောင်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်၏ သဘာဝတောတောင်၊ ရေ၊ မြေတို့ကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် ယခုအစိုးရလက်ထက်တွင် သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို တိုးချဲ့ဖွဲ့စည်းသတ်မှတ်ဆောင်ရွက်လျက်ရှိရာ တတိယ(၁)နှစ်တာ ကာလအတွင်း ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တော ၂၆ ခု၊ ဧက ၀ ဒသမ ၉၉ သန်း တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သဖြင့် လက်ရှိအချိန်ထိ နိုင်ငံအကျယ်အဝန်း၏ ၂၅ ဒသမ ၃၁ ရာခိုင်နှုန်း၊ ဧက ၄၂ သန်းကျော် ဖွဲ့စည်းနိုင်ခဲ့မှုသည် ဝန်ကြီးဌာန၏ အောင်မြင်မှုရလဒ်များပင်ဖြစ်သည်။

**တစ်နှစ်ထက်တစ်နှစ် ပိုမိုလျှော့ချထုတ်လုပ်**

သဘာဝထိန်းသိမ်းရေးနယ်မြေများ အနေဖြင့် တတိယ(၁)နှစ်တာကာလအတွင်း သုံးခု၊ ဧက ၅၇၀၀၀ ကျော်ခန့် တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သဖြင့် နိုင်ငံအကျယ်အဝန်း၏ ၅ ဒသမ ၈၃ ရာခိုင်နှုန်း၊ ဧက ၁၀ သန်းနီးပါး ဖွဲ့စည်းနိုင်ခဲ့သည့်အပြင် သစ်ထုတ်လုပ်သည့်နေရာတွင် ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် နှစ်စဉ်တောထွက်ပမာဏ(AAC) ထက် လျော့နည်းထုတ်လုပ်လျက်ရှိပြီး နောင်ကာလများတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုလျှော့ချထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ခြင်းအနေဖြင့် ယခုနှစ်အတွင်း ဧက ၉၀၀၀၀ ကျော်၊ အဖွဲ့ ၈၂၇ ဖွဲ့၊ အဖွဲ့ဝင် ၁၅၉၇၄ ဦးဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ဒေသခံပြည်သူလူထု၏ နေ့စဉ်ဘဝ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့် ဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပုဂ္ဂလိက ဝါးစိုက်ခင်းတည်ထောင်မှုများကို ယခုအစိုးရသက်တမ်း တတိယ (၁)နှစ်တာကာလတွင် ဧက ၁၈၀၀ ကျော်အထိ တည်ထောင်ရန် ခွင့်ပြုပေးခဲ့ရာ ဧက ၁၆၀၀ ကျော် တည်ထောင်စိုက်ပျိုးနိုင်ခဲ့မှုက အောင်မြင်မှုပန်းတိုင်များဟု ဆိုရပေမည်။

ထို့ပြင် သစ်တောဦးစီးဌာနသည် တရားမဝင်သစ်များ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တတိယ(၁)နှစ်တာကာလအတွင်း တရားမဝင်သစ်တန်ချိန် ၄၄၈၃၀၊ တရားခံ ၅၁၉၂ ဦး၊ ယာဉ်နှင့် ယန္တရား ၃၃၇၇ စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စွမ်းအားမြှင့်မီးဖိုများသုံးစွဲခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများသုံးစွဲခြင်း၊ စိမ်းလန်းစိုပြည်ရေးသစ်ပင်များ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းစသည့် လုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုကောင်းသည့်ကျေးရွာများကို စံပြကျေးရွာအဖြစ် ထူထောင်ဆောင်ရွက်ခဲ့ရာ တတိယနှစ်အတွင်း စံပြကျေးရွာပေါင်း ၅၃ ရွာ လျာထားတည်ထောင်နိုင်ခဲ့သည့်အပြင် ယခင်က ခရီးသွားဆင်စခန်း ၁၂ ခုသာ ဆောင်ရွက်နိုင်ခဲ့ရာမှ ယခုနှစ်အတွင်း ဆင်အခြေပြု ခရီးသွားဆင်စခန်းရှစ်ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့မှုများသည် သိသာထင်ရှားသော တိုးတက်ပြောင်းလဲမှုများဖြစ်သည်။

**ကမ္ဘာကြီးပူနွေးလာမှုကြောင့် အပူချိန်မြင့်တက်**

ကမ္ဘာကြီးပူနွေးလာမှုသည် တစ်ကမ္ဘာလုံး၏ စိန်ခေါ်မှုတစ်ခုဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွက်လည်း စိန်ခေါ်မှုတစ်ခုဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် အပူချိန်မြင့်တက်မှုသည် သက်ရှိလူသားများအတွက် အကျိုးသက်ရောက်မှုရှိသကဲ့သို့ သာမန်မျက်စိဖြင့် မမြင်နိုင်သည့် ဇီဝပိုးမွှားများအပေါ် ကျရောက်သည့် သက်ရောက်မှုများကြောင့် မဖြစ်ပေါ်ဖူးသည့် ရောဂါပိုးမွှားများသည် ပတ်ဝန်းကျင်ပြောင်းလဲမှုနှင့်အတူ ဖြစ်ပေါ်လာလျက်ရှိသည်။

အဆိုပါဖြစ်စဉ်များသည် လူ့အသိုင်းအဝိုင်း၏ ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်။ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများကို ပြည်သူများက ကျယ်ပြန့်သည့်အမြင်၊ လေးနက်သည့်အသိတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှသာ တိုးတက်မှုရှိပြီး ရလဒ်ကောင်းများကို ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း ပညာရှင်များက ထောက်ပြထားသည်။

ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးများကို ကဏ္ဍအလိုက် စနစ်တကျ ဘက်စုံပေါင်းစပ်ပါဝင်နိုင်ရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာအုပ်ချုပ်မှု စနစ်ကို အခိုင်အမာ တည်ထောင်ဆောင်ရွက်လျက်ရှိသည်။

**အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ**

ထို့ပြင် မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်ကြသူအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန် မူဝါဒရည်မှန်းချက်ချမှတ်ပြီး မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုခဲ့ပြီးဖြစ်သည်။


ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်တာဝန်ရှိသူများ ဆင်ပြတိုက်အတွင်း ပြသထားသည်များကို ကြည့်ရှုစဉ်။

အစိမ်းရောင်စီးပွားရေး မူဝါဒမူဘောင်၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတ္တုကဏ္ဍတွင် မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့ပြီး မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည့်အပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုရှိရန် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

မြန်မာ့သတ္တုတွင်းနည်းဥပဒေများ ထုတ်ပြန်ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၆ ရက်မှစပြီး လုပ်ကွက်အသစ်လျှောက်ထားမှုများကို ပြန်လည်လက်ခံ၍ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသော ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းများမှ ရရှိသည့် အခွန်အခများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းနိုင်ရေး အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သဘာဝပတ်ဝန်းကျင်ပျက်စီးမှု လျော့နည်းရန်**

ထို့ပြင် သတ္တုတူးဖော်မှု လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ လျော့နည်းရန်အတွက် ၂၀၁၈ ခုနှစ် ပွင့်လင်းရာသီဖြစ်သည့် အောက်တိုဘာလမှ စတင်စစ်ဆေးလျက်ရှိရာ ၂၀၁၉ ခုနှစ် မတ်လအထိ လုပ်ကွက် ၃၅၄ ကွက်ကို ကွင်းဆင်းစစ်ဆေးနိုင်ခဲ့ကြောင်း၊ မြေဆီလွှာတိုက်စားမှု ထိန်းသိမ်းကာကွယ်ခြင်း၊ စွန့်ပစ်မြေစာတွေကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် စနစ်တကျစုပုံစွန့်ပစ်ခြင်း၊ တူးဖော်ပြီးနေရာများတွင် မြေပြန်ဖို့ခြင်းနှင့် သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း စသည့်လုပ်ငန်းများကို ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနက ဖောင်းပြင်နှင့်ပင်လည်ဘူးမြို့နယ်များအတွင်း ဒေသန္တရဘူမိဗေဒမြေပုံရေးဆွဲခြင်းကို ဧရိယာ ၂၇၇၉ ဒသမ ၅ စတုရန်းကီလိုမီတာကို ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ကျောက်မီးသွေးတိုးချဲ့ရှာဖွေရေးလုပ်ငန်းများကို စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့ပြီး ဖယ်လ်စပါလ်ကြွေကျောက်အသေးစိတ်ရှာဖွေရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးတွင် ဆောင်ရွက်နိုင်ခဲ့သည်။

**ဂရက်ဖိုက်စမ်းသပ်တိုင်းတာရေးလုပ်ငန်းများ**

ခန္တီးမြို့နယ် နမ့်ခမာ(ချောင်းသာ)ဝန်းကျင်ဒေသမှာ ကျောက်စိမ်းဖြစ်ထွန်းနိုင်မှုကို ဖော်ထုတ်ခဲ့ပြီး အသေးစိတ်စမ်းသပ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် သပိတ်ကျင်းမြို့နယ်အတွင်း ဂရက်ဖိုက်စမ်းသပ်တိုင်းတာရေးလုပ်ငန်းများနှင့် လွန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

မြန်မာ့ပုလဲရောင်းချပွဲများကို ပြည်ပတွင် တစ်ကြိမ်၊ ပြည်တွင်းတွင် နှစ်ကြိမ် စုစုပေါင်း သုံးကြိမ်ရောင်းချခဲ့ရာ ရငွေလျာထားချက် ငွေ ၁၁ ဒသမ ၈၆ ဘီလီယံထက် ငွေကျပ် ၁၃ ဒသမ ၇၆ ဘီလီယံ ရရှိသည့်အတွက် ၁၁၅ ဒသမ ၉၇ ရာခိုင်နှုန်းရရှိခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံပိုင်ပုလဲစခန်းနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည့် ပုလဲစခန်းငါးခုကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်ကစပြီး ပြည်တွင်းပြည်ပခရီးသွားများကို နေ့ချင်းပြန် လေ့လာကြည့်ရှုခွင့်ပြုခဲ့ရာ ယနေ့အချိန်အထိ နိုင်ငံခြားသား ၈၂ ဦးနှင့် မြန်မာနိုင်ငံသား ၂၀၆ ဦး လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

ဖားကန့်ဒေသ၏ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲ ခြောက်ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဖားကန့်ဒေသ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေယာစီမံခန့်ခွဲရေး၊ တရားဥပဒေစိုးမိုးရေး၊ အသက်မွေးဝမ်းကျောင်း သင်တန်းပေးရေးနှင့် အလုပ်အကိုင်ရှာဖွေရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ EITI စတုတ္ထအကြိမ် အစီရင်ခံစာကို ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်တွင် ထုတ်ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာ EITI စံနှုန်းများပြည့်မီရန် ရည်ရွယ်ချက်ဖြင့် Mineral Cadaster စနစ် အောင်မြင်စွာ

**အချပ်ပို(ဂ)သို့**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ





၁၆-၁၂-၂၀၁၈ ရက်က ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် မလိကျွန်းရှိ ပုလဲမွေးမြူရေးစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

*အချပ်ပို(ခ)မှ*

ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၏ Mining Cadaster လုပ်ငန်းကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာကဏ္ဍနှင့် စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ဇွန်လတွင် ယူရိုငွေ ၃၃၃ ဒသမ ၂၈ သန်းနှင့် နိုဝင်ဘာလတွင် မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲမှ ငွေကျပ် ၄၂၆၃၅ ဒသမ ၃၈၈ သန်း ရရှိခဲ့ကြောင်း သိရသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေရေးဆွဲခြင်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရန် ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ အသေးစားနှင့် လက်လုပ်လက်စား လုပ်ကွက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ကြီးကြပ်စီမံဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ဝန်ကြီးဌာနမှ လုပ်ကိုင်ခွင့်ချထားပေးနိုင်သည့် လုပ်ကွက်နေရာများကို ညှိနှိုင်းသတ်မှတ်ပြီး ခန္တီးရတနာနယ်မြေတွင် လက်လုပ်လက်စား ကျောက်မျက်ရတနာလုပ်ကွက် ၆၈ ကွက်ကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် လုပ်ကိုင်ခွင့်ချထားပေးနိုင်ခဲ့သည်။

**လုပ်ကိုင်ခွင့်ချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ**

မိုးကုတ်၊ မိုင်းရှူး၊ လုံးခင်းဖားကန့်နှင့် မော်လူး မော်ဟန်ရတနာနယ်မြေများတွင် ကျောက်မျက်ရတနာလက်လုပ်လက်စား လုပ်ကွက်များ ချထားပေးနိုင်ရေးအတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်းနှင့် လက်လုပ်လက်စားလုပ်ကိုင်ခွင့် ဧရိယာသတ်မှတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး လုပ်ကွက်များ အကွက်ရိုက်သတ်မှတ်၍ လုပ်ကိုင်ခွင့်ချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သတ္တုတွင်းနည်းဥပဒေသစ်နှင့်အညီ ဓာတ်သတ္တုအဆိုပြုလုပ်ကွက်များကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် စတင်လက်ခံခဲ့ရာ အဆိုပြုစောင်ရေ ၁၃၆၉ ခုကို ကနဦးစိစစ်မှုများ ဆောင်ရွက်လျက်ရှိရာ အဆိုပြုလျှောက်လွှာ ၁၃၆၉ စောင်အနက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံ သဘောထားတောင်းခံခဲ့သည့်စောင်ရေ ၁၄၄ စောင်ရှိပြီး သဘောထားပြန်ကြားချက် ရရှိသည့်စောင်ရေ ရှစ်စောင်ရှိကြောင်း၊ ခွင့်ပြုမိန့် ချထားပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြန်လည်လက်ခံစိစစ်ဆောင်ရွက်ပေး**

ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ခဲ့သည့် မြန်မာ့သတ္တုတွင်းနည်းဥပဒေအသစ်အရ ပြည်ထောင်စုက ဓာတ်သတ္တုအကြီးစားနှင့် အလတ်စားခွင့်ပြုမိန့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စား ခွင့်ပြုမိန့်များကို စိစစ်ခွင့်ပြုပေးရမည်ဖြစ်သည့်အတွက် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၆ ရက်ကစပြီး လုပ်ကွက်အသစ် လျှောက်ထားမှုများကို ပြည်ထောင်စုနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များ အလိုက် ပြန်လည်လက်ခံစိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လအထိ သတ္တု၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲထုတ်လုပ်မှုတို့မှ စုစုပေါင်းထုတ်လုပ်မှု တန်ဖိုးငွေကျပ် ၇၃၉၀၈၆ ဒသမ ၈၇၆ သန်း လျာထားပြီး စုစုပေါင်း ငွေကျပ် ၁၀၂၇၇၄ ဒသမ ၆၈၇ သန်း ရရှိခဲ့သည့်အတွက် ၁၃၉ ဒသမ ၀၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့မှုများသည် တတိယ(၁)နှစ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်မှုတစ်ခုဖြစ်သည်။

လက်ရှိအစိုးရသက်တမ်း သုံးနှစ်တာကာလအတွင်း ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၅၃ ခု၊ ဧက ၁၀ သိန်းနီးပါး တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သဖြင့် လက်ရှိအချိန်အထိ ဖွဲ့စည်းသတ်မှတ်ပြီး သစ်တောနယ်မြေ ဧက ၄၂ သန်းကျော် နိုင်ငံ့ဧရိယာ၏ ၂၅ ဒသမ ၃၁ ရာခိုင်နှုန်းအထိ တရားဝင်ဖွဲ့စည်းသတ်မှတ်နိုင်ခဲ့သည့်အပြင် သဘာဝထိန်းသိမ်းရေးနယ်မြေ လေးခု၊ ဧက ၁၃၀၀၀၀ ကျော် တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သဖြင့် လက်ရှိအချိန်အထိ ဖွဲ့စည်းသတ်မှတ်ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေ စုစုပေါင်း ၄၃ ခု၊ ဧက ၉၇၀၀၀၀၀ ကျော်၊ နိုင်ငံ့ဧရိယာ၏ ၅ ဒသမ ၈၃ ရာခိုင်နှုန်းအထိ တရားဝင်ဖွဲ့စည်းသတ်မှတ်နိုင်ခဲ့ကြောင်း သိရသည်။

မိမိတို့နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် FAO ၏ ၂၀၁၅ ခုနှစ် တွက်ချက်မှုအရ နိုင်ငံ့ကုန်းမြေအကျယ်အဝန်း၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းသာရှိသည့်အတွက် နိုင်ငံတော်၏ သစ်တောဖုံးလွှမ်းမှုတိုးတက်ကောင်းမွန်လာရန်နှင့် သစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံပိုင် သစ်တောစိုက်ခင်းများကို တိုးမြှင့်တည်ထောင်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိကာလတွင် အဖိုးတန်သစ်မျိုးများဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်နှင့် ထင်းရှူးစိုက်ခင်းများအပြင် ရေဝေရေလဲနှင့် ဒီရေတောစိုက်ခင်းများကို ဧက ၄၂၀၀၀ ကျော် တည်ထောင်ခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးတည်ထောင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။

**သစ်တန် တစ်သောင်းကျော် ရောင်းချပေးနိုင်**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသသုံးလိုအပ်ချက်အတွက် အထောက်အကူပြုနိုင်ရန်အတွက် သစ်တောဦးစီးဌာနအနေဖြင့် တတိယ(၁)နှစ်တာကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုကို သစ်တန် တစ်သောင်းကျော်ကို လုပ်ငန်းစဉ် ၇ ရပ်နှင့်အညီ ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ခံစားရမှုကြောင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်သည့်သစ်များကို တနင်္သာရီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကချင်၊ ကရင်နှင့် မွန် ပြည်နယ်အစိုးရအဖွဲ့များကို သုံးနှစ်တာကာလအတွင်း သစ်တန် ၁၅၀၀ နီးပါးနှင့် ကျွန်းပင်ကြပ်တိုင် ၁၀၀၀ ကို ရောင်းချပေးခဲ့ကြောင်း၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများဖြစ်သည့် သစ်စက်လုပ်ငန်းရှင်များအသင်း၊ သစ်အခြေခံပရိဘောဂ လုပ်ငန်းရှင်များအသင်းနှင့် လက်မှုအနုပညာအသင်း စသည်တို့ကို လက်ရှိကာလအတွင်း သစ်တန် ၈၅၀ ကျော် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတည်ထောင်မှုကို ယခုအစိုးရလက်ထက်တွင် ပိုမိုတိုးမြှင့်ကြိုးပမ်း ဆောင်ရွက်နိုင်ခဲ့ရာ စိုက်ခင်းဧရိယာ ၃၂၀၀၀၀ ကျော် တည်ထောင်နိုင်ခဲ့သဖြင့် လက်ရှိအချိန်အထိ တည်ထောင်ပြီးစီးသည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောဧရိယာ ၆၁၀၀၀၀ ကျော် တည်ထောင်နိုင်ခဲ့ပြီးဖြစ်၍ ကိန်းဂဏန်း အချက်အလက်များအရ တည်ထောင်ပြီး ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောအကျယ်အဝန်း၏ ၅၀ ရာခိုင်နှုန်းကျော်ကို ဆောင်ရွက်နိုင်သည်ကို ရလဒ်အနေဖြင့် တွေ့မြင်ရမည်ဖြစ်သည်။

**ဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်ခဲ့**

ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များ ရေရှည်တည်တံ့ရန်အတွက် ထိန်းသိမ်းကာကွယ်ရေးသည် နိုင်ငံအတွက် အထူးအရေးပါသည့်အတွက် သစ်တောဦးစီးဌာနအနေဖြင့် ယခု အစိုးရသက်တမ်း သုံးနှစ်တာကာလအတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်ခဲ့သည့်အပြင် နည်းဥပဒေကြမ်းကို ရေးဆွဲပြီး စိစစ်အကြံပြုနိုင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ဖွဲ့စည်းနိုင်ခဲ့သည့် ရေဝပ်ဒေသထိန်းသိမ်းအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ကြီးကြပ်မှုဖြင့် အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုနိုင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ ဖွဲ့စည်းထားပြီးဖြစ်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေ လေးခုအတွက် ဥယျာဉ်အုပ်ချုပ်လုပ်ကိုင်မှု ၅ နှစ်စီမံချက်များနှင့် မြန်မာနိုင်ငံဆင်ထိန်းသိမ်းရေးလုပ်ငန်း ၁၀ နှစ် စီမံချက်တို့ကို ရေးဆွဲအတည်ပြုနိုင်ခဲ့သည့်အပြင် သုံးနှစ်တာကာလအတွင်း အင်းတော်ကြီး၊ မိန်းမလုကျွန်း၊ မုတ္တမပင်လယ်ကွေ့(မွန်ပြည်နယ်အပိုင်း) နှင့် အင်းလေးကန်ဒေသများကို ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေများအဖြစ် နိုင်ငံတကာအဆင့်က အသိအမှတ်ပြုခံရအောင် ဆောင်ရွက်နိုင်ခဲ့မှုနှင့် အင်းတော်ကြီးကို လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် အသိအမှတ်ပြုခံရအောင် ဆောင်ရွက်နိုင်ခဲ့မှုများသည် ငြင်းမရသည့် အောင်မြင်မှုမှတ်တိုင်များ ဖြစ်သည်။

နိုင်ငံ၏ တောဆင်ရိုင်းများကို ထိန်းသိမ်းကာကွယ်ရန်၊ ဆင်နှင့် လူပဋိပက္ခလျှော့ချနိုင်ရန်၊ တောဆင်ရိုင်းများသတ်ဖြတ်ခံရမှုနှင့် ဆင်အစိတ်အပိုင်းများ တရားမဝင် ကူးသန်းရောင်းဝယ်မှုများကို တားဆီးကာကွယ်နိုင်ရန်အတွက် ပြည်သူလူထုအတွင်း အသိအမြင်နိုးကြားလာပြီး ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံး ဆင်ပြတိုက်ကို တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အတွင်းရှိ သဘာဝသမိုင်းပြတိုက်တွင် မတ်လ ၃ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့မှုသည် ယခုအစိုးရ တတိယ(၁)နှစ်တာကာလအတွင်း ထူးထူးခြားခြားဆောင်ရွက်နိုင်ခဲ့သည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။

**သုတေသန စာတမ်းပေါင်း ၈၀ ကို ပြုစုရေးသားနိုင်**

သစ်တောဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများတွင် သုတေသနဆောင်ရွက်မှုသည် ရေရှည်တိုးတက်အောင်မြင်မှုအတွက် အရေးကြီးကဏ္ဍဖြစ်သည့်အတွက် သုံးနှစ်တာအတွင်း သုတေသနစာတမ်းပေါင်း ၈၀ ကို ပြုစုရေးသားနိုင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ သုတေသနစာစောင်များတွင် သုတေသနစာတမ်း ၂၅ စောင်ကို ရေးသားဖော်ပြနိုင်ခဲ့ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မျိုးစိတ်သစ်များအနေဖြင့် ချင်းမျိုးစိတ်သစ် သုံးမျိုး၊ သစ်ခွမျိုးစိတ်သစ် သုံးမျိုး၊ အပင်မျိုးစိတ်သစ် ၁၈ မျိုး၊ ငါးမျိုးစိတ်သစ် တစ်မျိုးကိုလည်း ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး ထူးခြားသည့် သုတေသနဆောင်ရွက်ချက်အနေဖြင့် စိုက်ခင်းများ တည်ထောင်ရာတွင် လိုအပ်သည့် ပျိုးပင်များကို အကုန်အကျ နည်းပါးရန်၊ သယ်ယူရာတွင် ပမာဏများများကို သယ်ယူနိုင်ရန်၊ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေသည့် ပလတ်စတစ်ပျိုးအိတ်အသုံးပြုမှုကို လျှော့ချနိုင်ရန်၊ မြေချစိုက်ပျိုးမှုတွင် အကုန်အကျ သက်သာပြီး မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် Pot Tube အသုံးပြုပျိုးထောင်သည့် သုတေသနလုပ်ငန်းကိုလည်း ၂၀၁၈ ခုနှစ်က စတင်ခဲ့ရာ မြေပြင်စမ်းသပ်စိုက်ပျိုးခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် မိုးရာသီကာလအတွင်း စတင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

လက်ရှိအစိုးရသက်တမ်း သုံးနှစ်တာကာလအတွင်း တရားမဝင် သစ်တန် ၁၂၈၀၀၀ ကျော်၊ တရားခံ ၂၀၀၀၀ ကျော်၊ သစ်တင်ယာဉ် ၉၀၀၀ ကျော်နှင့် လက်ကိုင်စက်လွှ ၁၁၀၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မြန်မာအမျိုးသားမြေပုံစနစ် တည်ထောင်ခြင်း စီမံကိန်းကို ၂၀၁၅ ခုနှစ် ဇွန်လ ၂၅ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ စီမံကိန်းကာလသည် ၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ် အထိ ရှစ်နှစ်ဖြစ်ပြီး အဆင့် လေးဆင့်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အင်းလေးကန်ဒေသတွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်**

နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းနှင့် ဒီရေတောကဏ္ဍဆိုင်ရာ စီမံအုပ်ချုပ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီကို လုပ်ငန်းတာဝန် ၁၀ ချက်ချမှတ်၍ အဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းနိုင်ခဲ့သည့်အပြင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ပူးပေါင်းပြီး **"သယံဇာတများရေရှည်တည်တံ့နိုင်စေရန် စီမံအုပ်ချုပ်နိုင်ရေး စွမ်းဆောင်ရည် မြှင့်တင်ခြင်းစီမံကိန်း"** ကို ၂၀၁၈ ခုနှစ် ဇွန်လမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအထိ ငါးနှစ်စီမံကိန်းအဖြစ် အင်းလေးကန်ဒေသတွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးနှင့် သစ်တောဦးစီးဌာနတို့အကြား ၂၀၁၈ ခုနှစ်

*အချပ်ပို (ဃ)သို့*

*အချပ်ပို(ဂ)မှ*

ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဖွံ့ဖြိုးတိုးတက်မှု အကူအညီပေးရေး သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး **“ပင်လယ်ကမ်းရိုးတန်းဒေသနေ ပြည်သူလူထုက ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေ ရပ်တည်နေထိုင်နိုင်ရန်အတွက် ဒီရေရောက် သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစီမံကိန်း”** ကို ၂၀၁၈ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ ငါးနှစ်စီမံကိန်းအဖြစ် ဒိန်းမတ်အစိုးရ၏ ရန်ပုံငွေအထောက်အပံ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သဘာဝအခြေခံ ခရီးသွားလုပ်ငန်း နမူနာစံပြတစ်ခု**

သစ်တောဦးစီးဌာနသည် ထူးခြားသည့် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို အခြေခံပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းလျက်ရှိရာ မြိတ်ကျွန်းစုရှိ အဏ္ဏဝါဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထားသည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၊ ဝါးအလယ်ကျွန်းတွင် ဆောင်ရွက်နေသော Wa Ale Island Resort သည် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း နမူနာစံပြတစ်ခုဖြစ်သည်။

အခြေခံပညာအဆင့်ကနေ အဆင့်မြင့်ပညာအဆင့်အထိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သင်ခန်းစာများ ထည့်သွင်းနိုင်ရန် ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရေရှည်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက်မူကြမ်းကို UNDP နှင့် ပူးပေါင်းရေးဆွဲလျက်ရှိသည်။

နိုင်ငံတော်အတွင်း စက်မှုလုပ်ငန်းများအပါအဝင် လူမှုစီးပွားရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်သည့်နေရာတွင် သဘာဝနှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုမရှိရန် ပြည်သူတွေအနေဖြင့် ၎င်းတို့၏ လူနေမှုဘဝနှင့် ပိုင်ဆိုင်မှုများအပေါ် အကျိုးသက်ရောက်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှု အဆင့်ဆင့်တွင် ပူးပေါင်းပါဝင်နိုင်ခွင့်ရှိရန် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းစနစ်ကို နိုင်ငံတကာစံနှုန်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ



**၁၃-၅-၂၀၁၈ ရက်က ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကလောမြို့နယ် နမ့်ပန်တက်ကျေးရွာရှိ ရှမ်းရိုးမအပန်းဖြေ ဆင်စခန်းအား ကြည့်ရှုစဉ်။**

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းလုပ်ငန်းပေါင်း ၁၂၅၁ ခုအတွက် စိစစ်ပြန်ကြားပေးနိုင်ခဲ့သည်။

ထို့ပြင် လက်ရှိလည်ပတ်နေဆဲဖြစ်သည့် ဦးစားပေးစက်မှုလက်မှုကဏ္ဍ ကိုးခုအောက်ရှိ လုပ်ငန်းများတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ရေးဆွဲဆောင်ရွက်ရန် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရေးကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဌာန၊ အဖွဲ့အစည်းများနှင့်ပေါင်းစပ်ပြီး စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

**မကြာမီ တရားဝင်ထုတ်ပြန်နိုင်မည်**

ထို့အတူ ဦးစားပေးကဏ္ဍများဖြစ်သည့် သတ္တုကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ကဏ္ဍများတွင် EIA လုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အထောက်အကူပြုနိုင်ရန်အတွက် ကဏ္ဍအလိုက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ အပြီးသတ်မူကြမ်းကို ရေးဆွဲပြီးဖြစ်သည့်အတွက် မကြာမီ တရားဝင်ထုတ်ပြန်နိုင်မည်ဖြစ်သည်။

အလားတူ လေအရည်အသွေး ထိန်းချုပ်မှုစနစ်၊ ရေဆိုးသန့်စင်မှုစနစ် နည်းပညာ မိတ်ဆက်အသိပညာပေးခြင်း၊ ထုတ်လွှတ်အခိုးအငွေ့နှင့် ရေဆိုးများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် ၁၃၂၁ ကြိမ် စစ်ဆေးဆောင်ရွက်နိုင်ခဲ့သည်။

**အစိမ်းရောင်မြို့တော် အစပျိုးဆောင်ရွက်မှု စီမံကိန်း**

နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ ရရှိနိုင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာအရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် စီမံကိန်းပေါင်း ၁၉ ခုကို နည်းပညာအထောက်အပံ့ ရှစ်ခု၊ ငွေကြေးထောက်ပံ့မှု ၁၁ ခုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် GCF ထံမှ ၂၀၁၈ ခုနှစ်အကုန်တွင် အစိမ်းရောင်မြို့တော် အစပျိုးဆောင်ရွက်မှု စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သိန်းကျော်နှင့် အမျိုးသားအဆင့် သတ်မှတ်အာဏာပိုင်အဖွဲ့အစည်း စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သိန်းကျော် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းကျော်ရရှိအောင် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် GEF မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စီမံကိန်း သုံးခုအတွက် အမေရိကန်ဒေါ်လာ ၁၂ သန်းခန့်ရရှိအောင် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကမ္ဘာ့ဘဏ်၏ အကူအညီ အမေရိကန်ဒေါ်လာ သုံးသိန်းကျော်နှင့် ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လေ့ကျင့်သင်ကြားမှုဗဟိုဌာန တည်ထောင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေကို နိုင်ငံတော်၏ ဘဏ္ဍာရေး စည်းမျဉ်းနှင့်အညီ တည်ထောင်နိုင်ရန်အတွက် ဆက်စပ်ဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**စနစ်တကျ စီမံအုပ်ချုပ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိ**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များကို လက်ရှိနှင့် အနာဂတ်နိုင်ငံတော်၊ နိုင်ငံသားများအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံတွင် ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ ချမ်းသာသုခရရှိရေးအတွက် ရေရှည်တည်တံ့သော၊ ကြွယ်ဝချမ်းသာမှုရှိသော၊ အားလုံးပါဝင်သော ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး ကာဗွန် (ထုတ်လွှတ်မှု) လျော့နည်းသော လူမှုအဖွဲ့အစည်းတစ်ရပ် မကြာမီပေါ်ထွန်းလာမည်ဟု ယုံကြည်မျှော်လင့်ရပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။



**၁၂-၅-၂၀၁၈ ရက်က ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရှာင်မြို့နယ် ကျောက်ပိဇပ်ဒေသ ရေချမ်းပြင်ရွာရှိ စိုင်းဝဏ္ဏကုမ္ပဏီ၏ ခဲသတ္တု တူးဖော်ထုတ်လုပ်မှု လုပ်ကွက်၌ ကြည့်ရှုစစ်ဆေးစဉ်။**

**ဖွဲ့စည်းထားပြီးဖြစ်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေ လေးခုအတွက် ဉယျာဉ်အုပ်ချုပ်လုပ်ကိုင်မှု ၅ နှစ်စီမံချက်များနှင့် မြန်မာနိုင်ငံ ဆင်ထိန်းသိမ်းရေးလုပ်ငန်း ၁၀ နှစ် စီမံချက်တို့ကို ရေးဆွဲအတည်ပြုနိုင်ခဲ့သည့်အပြင် သုံးနှစ် တာကာလအတွင်း အင်းတော်ကြီး၊ မိန်းမလှကျွန်း၊ မုတ္တမပင်လယ်ကွေ့(မွန်ပြည်နယ်အပိုင်း)နှင့် အင်းလေးကန်ဒေသများကို ရမ်ဆာရေဝပ် ဒေသထိန်းသိမ်းရေးနယ်မြေများအဖြစ် နိုင်ငံတကာအဆင့်က အသိအမှတ်ပြုခံရအောင် ဆောင်ရွက်နိုင်ခဲ့မှုနှင့် အင်းတော်ကြီးကို လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် အသိအမှတ်ပြုခံရအောင် ဆောင်ရွက်နိုင်ခဲ့မှုများသည် ငြင်းမရသည့် အောင်မြင်မှုမှတ်တိုင်များဖြစ်**